The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဇင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 41 တနလ်းနေ့တိုင်းထုတ်ဝေသည် October 28, 2019

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူပါစေ

စာမျက်နှာ - ၁၈ ➤

ပြုပြင်ပြောင်းလဲမှု၏ ကွက်လပ်တစ်ခုကို ဖြည့်စွက်ခြင်း (သို့မဟုတ်) ဉာဏပစ္စည်း မူပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ်ပေးမည့် မူပိုင်ခွင့် ဥပဒေများ

စာမျက်နှာ - ၈ ➤

ကိုရီးယားနိုင်ငံနှင့် ပူးပေါင်း၍ ရန်ကုန်မြို့ပတ်ရထား ဘူတာ ၁၂ ခု အဆင့်မြှင့်တင်မည်

စာမျက်နှာ - ၆ ➤

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ဝင်ရောက်

စာမျက်နှာ - ၂၆ ➤

ထက်လင်း
အစွမ်းထက်တိုင်းရင်းဆေးစွမ်းကောင်းများ
စွဲသလိပ်ကျေ ရင်လူးဆေး
ထုံကျင်ကိုက်စဲပျောက်
အကြောပြေဒဏ်ကြေလိမ်းဆေး
အကြောပြေဒဏ်ကြေရှုလိမ်းဆေး
အစာကြေအသံကြည်ဆေးပြား
ထက်လင်း
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၈၃၅) ရွှေတောင်ကြားလမ်း (၆၃) ရပ်ကွက်၊ စက်မှုဇုန်(၂)၊ စက်မှုဇုန်စာတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၁-၅၉၀၆၈၂၊ ၅၉၄၄၂၄၊ ၅၉၁၂၀၇

No Coding
CE 0123
U.S. FDA
510(k) Cleared
SD CodeFree™
SD CodeFree™ Blood Glucose Monitoring System
သွေးချိုတိုင်းကိရိယာ
Features (ဝိသေသလက္ခဏာများ)
Pre & Post Meal Mark
Easy to analyze before or after meal glucose results
အစားမစားမီ၊ အစားစားပြီး အခြေအနေများ ကို ထည့်သွင်းမှတ်သား နိုင်ပါသည်။
Post-Meal Alarm
Helpful to remind you to test 2 hours after meals
အစားစားပြီး ၂ နာရီအကြာ စမ်းသပ်မှုအတွက် (alarm) စီစဉ်ထားနိုင်ပါသည်။
No coding (CodeFree)
Code ထည့်သွင်းရန် မလိုအပ်ပါ။
Hypo Warning
Helpful to warn your Hypoglycemia
သွေးထဲတွင် ပုံမှန်ထက် အချိုဓါတ်လျော့နည်းနေခြင်းကို သတိ ပေးသည့် အချက်လည်း ပါဝင်ပါသည်။
Alarm Clock, 4 times
Helpful to remind you to test, 4 times a day
နေ့စဉ်သွေးဖောက်လျှင် အကြိမ် ၄ ကြိမ် အထိမှတ်သား alarm ပေးနိုင်ရန် စီစဉ်ထားနိုင်ပါသည်။
Distributed by :
SHWIN CHAN TRADING
338-A, Pyay Road, Myaynigone, Sanchaung, Yangon, Myanmar. Tel : 01 - 525467, 526541 E mail : general@shwinchan.com

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO)၊ IP Office Business Solutions Division(IPOBSD)၊ Global Infrastructure Sector မှ Senior Manager အား လက်ခံတွေ့ဆုံ

အတွေ့အကြုံများ မျှဝေပံ့ပိုးပေးနိုင်ရေး တို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။MOC (IR)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO)၊ IP Office Business Solutions Division (IPOBSD)၊ Global Infrastructure Sector မှ Senior Manager ဖြစ်သူ Mr. Juneho Jang အား အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ည့်ခန်းမ (၂)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မူပိုင်ခွင့်ရုံးဖွင့်လှစ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် လျှောက်ထားမှုများအား လက်ခံဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင် Paperless စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့အတွက် WIPO မှ နည်းပညာနှင့် နိုင်ငံတကာ

ADB -Asian Think Tank Development Forum 2019 ကျင်းပ

Global Value Chain နှင့် Economic Development ဆိုင်ရာ သုတေသနစာတမ်းများဆွေးနွေးသည့် ADB-Asian Think Tank Development Forum 2019 ကိုရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။ အောက်တိုဘာ ၂၂ ရက် ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ADB ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. EdimonGinting၊ CESD အမှုဆောင်ဒါရိုက်တာ ဒေါက်တာဇော်ဦးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

နှစ်ရက်တာကျင်းပခဲ့သည့် အဆိုပါဖိုရမ်ကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့်အတူ မြန်မာနိုင်ငံရှိ Center for Economic and Social Development (CESD) တို့ကဦးဆောင်ကျင်းပခဲ့ပြီး Global Value Chain နှင့် Regional Value Chain တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကိုအာရှ-ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့အစည်းများမှ စီးပွားရေး ပညာရှင်များပါဝင်သည့် ADB ၏ Think Tank အဖွဲ့ဝင်ပညာရှင်များက Panel discussion နှင့် စာတမ်းများဖတ်ကြား၍လည်းကောင်း၊ CESD မှ သုတေသီများက ပဲမျိုးစုံကဏ္ဍနှင့် ရေထွက်ကုန်လုပ်ငန်းကဏ္ဍဆိုင်ရာ သုတေသနပြု လေ့လာတွေ့ရှိချက်များကို လည်းကောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက် လာသူများက ပြန်လည်ဆွေးနွေးမေးမြန်းခဲ့သည်။

ဖိုရမ်သို့ ADB, CESD နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်၍ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

NES Unit

Trading Across Borders Indicator Ranking မြင့်မားတိုးတက်ရေး ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် Trading Across Borders Indicator Ranking မြင့်မားတိုးတက်ရေးအတွက် မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းသူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနား ကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ Trading Across Borders Indicator အထောက်အကူပြုအဖွဲ့၏ အဖွဲ့ခေါင်းဆောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်ဝင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Trading Across Borders Indicator Ranking တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးက ပို့ကုန်/သွင်းကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက ဆိပ်ကမ်းလုပ်ငန်းစဉ်များနှင့်

စာမျက်နှာ ၁၇ သို့

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်
စာတည်းမှူးချုပ်
အောင်သူရ
အုပ်ချုပ်ရေးမှူး
အေးအေးမော်
တာဝန်ခံစာတည်း
စိန်သံ
စာတည်းအဖွဲ့
ရဲမင်းနိုင်
လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
သီတာဝင်း
သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လိုင်(ပြင်ပ)
ရီလင်းထွင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဗျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းနိုင်(ပြည်)၊ ဇေနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
Proof & Layout Design ကြီးကြပ်
ခင်စုစုလိုင်၊ ခင်မိုးသူ
ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၁)
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၅၃၃)
ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(တဝဗ၅)
အမှတ်-၂၂၇/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၃၉၇၊ ၁၇၁၀၂၃
ဖြန့်ချီရေးတာဝန်ခံ
သန်းစိုး၊ ဝင်းကို
ဖြန့်ချီရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းဒင် (၀၉-၄၃၀၄၁၇၇)
ကွန်ပျူတာ
ဝင်းမာသိန်း၊ သင်းသီရိအောင်
Layout Design & Graphic Design
CJ Design Group
ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Email Address
commercejournal.editor@gmail.com

တစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နှင့်လွယ်ကျယ်ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၆၂၇၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၅၄၇၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၉၀ ကျော်နှင့် လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၀၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၄၅ တန်တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၃၆၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် တရုတ်ဒီယက်နမ်၊ မလေးရှား၊ မက်ဒါဂါစကား၊ ကင်ညာ၊ တိုဂို၊ မိုဇမ်ဘစ်၊ အိုင်ဗရီကို့စ်၊ ဘီနင်နှင့်အီးယူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ တရုတ် နိုင်ငံသို့ တန်ချိန် ၇၈၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၃၄၅၀ ကျော်၊ ကင်ညာ သို့ တန်ချိန် ၁၀၀၀ ကျော်၊ တိုဂိုသို့ တန်ချိန် ၅၀၀၊ မိုဇမ်ဘစ်သို့ တန်ချိန် ၁၈၄၀၊ အိုင်ဗရီကို့စ်သို့ တန်ချိန် ၅၀၀၀၊ အီးယူသို့ တန်ချိန် ၁၇၇၀ ကျော်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀၀ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ရေကြောင်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၃၅၀ တင်ပို့ခဲ့သည်။ ယခုတစ်ပတ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၉၀၀ ကျော်၊ ဂါနာနှင့်ဆီနီဂေါသို့ တန်ချိန် ၅၀၀ စီ၊ အီးယူသို့ တန်ချိန် ၂၇၀၀ တင်ပို့ခဲ့ပြီး မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့်မက်ဒါဂါစကားသို့လည်း တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀၀၀ ခန့် လျော့ကျခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန်တန်ချိန် သုံးသောင်းနီးပါးနှင့် ဆန်ကွဲတန်ချိန် ၇၄၀၀ ခန့်တင်ပို့ခဲ့ပြီး ဆန်ရောဆန်ကွဲပါ အပို့လျော့ကျခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်အေး

သာယာဝတီဈေးကွက်အတွင်း ဆန်စပါးဈေးနှုန်းများ

ယခုသီတင်းပတ်အတွင်း သာယာဝတီခရိုင်ရှိ မြို့နယ်များတွင် ဧည့်မထ စပါးဟောင်း ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၆၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၂၅၀၀ နှင့် ဈေးငြိမ်နေပြီး ဧည့်မထကောက်စော စပါးများမှာ ရိတ်သိမ်းခြေပြီး စက်အရောက်အစိုဓာတ် ၁၈ %မှ ၂၀% ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ဆန်ဈေးနှုန်း တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ ခန့် အသီးသီးဈေးဖွင့်ထားကြောင်း သိရှိရသည်။

ဝေဝေဖြိုး(သာယာဝတီ)

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ ဧည့်မထမိုး/နွေစပါးဈေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း အောက်တိုဘာလ နောက်ဆုံးပတ် ဆန်စပါးဈေးကွက်မှာ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ဧည့်မထမိုး/နွေစပါးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိသည်။ ပုသိမ်မြို့နယ်တွင် ယခင်ဧည့်မထမိုးစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၆၈၀၀၀ မှ ယခု ကျပ် ၅၀၆၀၀၀၊ နွေဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၆၀၀၀၀၊ ၄၆၇၀၀၀ မှယခု ကျပ် ၄၆၉၀၀၀၊ ၄၇၈၀၀၀ ဖြစ်သွား၍ မိုးစပါးတင်း ၁၀၀ ကို ကျပ် ၃၀၀၀၀ ဝန်းကျင်၊ နွေစပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခင်မိုးစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၈၀၀၀၀ မှ ယခု ကျပ် ၅၀၆၀၀၀၊ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်၊ နွေစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၂၀၀၀၀ မှ ယခု ကျပ် ၄၄၂၀၀၀ ဖြစ်သွား၍နွေစပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ အခြေခံစပါးဈေးနှုန်းသတ်မှတ်လိုက်ခြင်း ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်မြို့နယ်အချို့တွင် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး ကျန်ခရိုင်များတွင် ရောင်းဝယ်မှုပုံမှန်ရှိ၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဆန်စပါးသတင်းများအရသိရသည်။

မင်းမင်းဦး(ပုသိမ်)

အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၅-၁၀-၂၀၁၉ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀%	၄၀၁	၄၀၁	□	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၃၉၁	၃၉၁	□	၃၄၅	၃၄၈	△	၄၀၀	၄၀၀	□	၃၅၅	၃၅၁	▽
ဆန်ပြူ ၁၀%	၃၉၀	၃၉၀	□	၃၄၃	၃၄၄	△	-	-	-	၃၅၀	၃၄၆	▽
ဆန်ပြူ ၁၅%	၃၈၉	၃၈၉	□	၃၄၀	၃၄၀	□	-	-	-	၃၄၅	၃၄၁	▽
ဆန်ပြူ ၂၅%	၃၈၃	၃၈၅	△	၃၃၀	၃၃၀	□	၃၆၃	၃၆၃	□	၃၂၅	၃၂၀	▽
ပေါင်းဆန်	၄၂၉	၄၂၀	▽	-	-	-	၃၆၁	၃၆၁	□	၃၉၃	၃၉၃	□

Source: liverice

ပြည်တွင်းမြို့ကြီးများ၏ (၂၅-၁၀-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ပြည်ပထုတ်ပို့ရေး				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြည်	၅၀၀၀	□	၁၀၅၀၀	□	၉၂၀၀	□	၄၂၀၀၀	□
ပုသိမ်	၄၀၆၀	▽	၂၁၀၀၀	□	၈၂၄၀	□	၃၈၀၀၀	□
ပဲခူး	၅၂၀၀	□	၂၁၀၀၀	□	၉၂၀၀	□	၄၃၀၀၀	□
ရွှေဘို	၆၅၀၀	□	၂၆၀၀၀	□	၁၃၀၀၀	□	၅၂၀၀၀	□
စစ်တွေ	၅၂၀၀	□	၂၃၀၀၀	□	၉၆၀၀	□	၄၀၀၀၀	□
ဆန်လိုဒေသများ								
နေပြည်တော်	၈၀၀၀	□	၂၉၀၀၀	□	-	-	၅၀၀၀၀	□
ရန်ကုန်(ပါးတန်း)	၄၈၀၀	▽	၂၆၀၀၀	▽	-	-	၅၂၀၀၀	▽
မန္တလေး	၈၂၀၀	□	၂၅၀၀၀	□	-	-	၅၂၀၀၀	□
မကွေး	၈၃၀၀	□	၂၃၅၀၀	□	-	-	၅၃၀၀၀	□
မော်လမြိုင်	၅၀၀၀	□	၂၀၀၀၀	□	၉၀၀၀	□	၃၈၀၀၀	□
လွိုင်ကော်	၉၅၀၀	△	၄၃၀၀၀	▽	-	-	၆၈၀၀၀	□
မြိတ်	၅၀၀၀	□	၂၂၅၀၀	△	-	-	၄၃၀၀၀	▽
ဘားအံ	၅၀၀၀	□	၂၂၀၀၀	□	-	-	၄၅၅၀၀၀	□

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘို့မှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

၁၈-၁၀-၂၀၁၉ မှ ၂၄-၁၀-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

No	Form Tpye	New	Amend	Extension	Cancel	True Copy	Total
1.	Certificate of Origin (COs)						
	Form A	425	25	-	-	-	450
	Form AANZ	7	-	-	-	-	7
	Form AHK	2	-	-	-	-	2
	Form AI	126	3	-	-	-	129
	Form CHINA	19	-	-	-	-	19
	Form AJ	181	23	-	-	-	204
	Form AK	-	-	-	-	-	-
	Form D	-	-	-	-	-	-
	Form DFTP	1	1	-	-	-	2
	Form E	156	13	-	-	-	169
	Form Korea	146	-	-	-	-	146
2.	Product Card	-	-	-	-	-	-
3.	Certified Exporter	-	-	-	-	-	-
	Total	1109	65	-	-	-	1174

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၅-၁၀-၂၀၁၉ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	၂၅/၁၀	၁၈/၁၀	ပြောင်းလဲမှု	၂၅/၁၀	၁၈/၁၀	ပြောင်းလဲမှု	၂၅/၁၀	၁၈/၁၀	ပြောင်းလဲမှု	၂၅/၁၀	၁၈/၁၀	ပြောင်းလဲမှု
မတ်ပဲ	၁၅၉၀	၁၅၄၀	▼	၁၅၀၀	၁၄၆၇	▼	၁၃၇၅	၁၃၇၅	■	၁၅၅၀	၁၅၀၀	▼
ပဲစင်းခုံ	၁၃၄၇	၁၃၅၀	▼	၁၃၁၇	၁၄၀၀	▲	၁၄၂၅	၁၃၇၅	▼	၁၄၅၀	၁၃၇၅	▼
ပဲတီစိမ်း	၁၉၅၀	၂၀၀၀	▲	၁၈၄၉	၁၈၆၇	▲	၁၇၆၃	၁၇၈၃	▲	၁၇၆၅	၁၇၉၀	▲
ကုလားပဲဂိုဏိုး	၁၈၀၀	၁၈၀၀	■	၁၃၇၁	၁၃၉၇	▲	၁၃၄၇	၁၃၆၀	▲	၁၃၉၅	၁၃၉၅	■
ပဲလွန်းဖြူ	၁၃၃၀	၁၃၃၀	■	၁၂၀၀	၁၂၀၀	■	၁၁၀၅	၁၁၀၅	■	၁၁၆၀	၁၁၆၀	■
ထောပတ်ပဲ	၁၆၅၀	၁၆၅၀	■	၁၆၀၀	၁၆၀၀	■	၁၂၆၃	၁၁၃၂	▼	၁၅၅၅	၁၅၅၅	■

* မှတ်ချက်။ ဇော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁၀၁၀၁၉) မှ
	(၁၂၊၁၀၊၁၉)ထိ	(၁၉၊၁၀၊၁၉)ထိ	(၁၉၊၁၀၊၁၉) ထိ
မတ်ပဲ	၃၄၁၂၂၂	၇၀၁၁	၃၅၅၂၃၃
ပဲတီစိမ်း	၁၉၅၄၁၄	၁၂၄၇	၁၉၆၆၆၁
ပဲစင်းခုံ	၁၅၅၀၅၉	၉၂၅၄	၁၆၄၃၃၁
ကုလားပဲ	၄၀၅၃၄	-	၄၀၅၃၄
ပဲလွန်းဖြူ	၃၅၁၀၄	၁၄၁	၃၅၂၄၅
မြေထောက်ပဲ	၉၆၃၉	၁၇၀	၉၀၁၇

မတ်ပဲဈေးမြင့်တက်လာပြီး အရောင်းအဝယ်ကောင်း

သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ရောင်းဝယ်လျက်ရှိသော မတ်ပဲ ဈေးနှုန်းများမှာ ယခင်သီတင်းပတ်များထက်စာလျှင် မြင့်တက်လာသည်ကို တွေ့ရပြီး ဆောင်းသီးနှံစိုက်ပျိုးတော့မည်ဖြစ်သောကြောင့် မျိုးပဲဝယ်ယူမှုများလာသည့်အတွက် ဈေးနှုန်းမြင့်တက်လာရခြင်းဖြစ်သည်။

ဈေးနှုန်းမှာ ပိဿာ ၂၀ တစ်တင်းလျှင် အနိမ့်ဆုံး ကျပ် ၃၀၇၀၀ မှ အမြင့်ဆုံး ကျပ် ၃၁၀၀၀ ရှိပြီး အရောင်းအဝယ်လည်း ကောင်းလျက်ရှိသည်။ ပဲတီစိမ်းဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ခန့်နှင့် ပဲလွန်းဖြူ တစ်တင်းလျှင် ကျပ် ၁၉၈၀၀ရှိကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရသည်။

ဝေဝေဖြိုး(သာယာဝတီ)

ဟင်္သာတမတ်ပဲ ဈေးအေးသော်လည်း အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် အောက်တိုဘာ ၁၉ ရက်က တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ထိ မြင့်တက်ခဲ့သော မတ်ပဲသည် ဈေးပြန်အေးလာခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် ကျပ် ၃၁၀၀၀၊ အောက်တိုဘာ ၂၄ ရက်တွင် ကျပ် ၃၀၈၀၀ ထိ ပြန်ဆင်းလာခဲ့ပြီး နေ့စဉ် အိတ် ၃၅၀၀ မှ ၄၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

သီးထပ်ရာသီရောက်ရှိလာပြီဖြစ်၍ မတ်ပဲ မျိုးတစ်တင်းလျှင် ကျပ် ၃၃၀၀၀မှ ကျပ် ၃၅၀၀၀၊ ပဲတီစိမ်း(ဆီပြောင်)မျိုး တစ်တင်းလျှင် ကျပ် ၄၄၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ)မျိုးတစ်တင်းလျှင် ကျပ် ၄၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် ကျပ် ၁၆၀၀ ကျဆင်းခဲ့သည်။ ဆန်ကွဲ (၁၊၂) (၁၀၈)ပေါင် တစ်အိတ်လျှင် ကျပ် ၁၄၆၀၀၊ ဆန်ကွဲ (၂၃၊၄) (၁၀၈) ပေါင်တစ်အိတ်လျှင် ကျပ် ၁၃၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

မောင်မောင်မြတ်ခိုင်

သင်္ဃိုင်မြေ ကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၂၇၀ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က ကြက်သွန်နီ ၄၈၆ ဒသမ ၅ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကြက်သွန်နီ တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှုမှာ ၁၁၇၉၉၇ ဒသမ ၅၀ ဒေါ်လာ ရှိခဲ့သည်။

အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း ၈၉ ဒသမ ၆ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က ငါးမြစ်ချင်း ၂၄၃ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ငါးမြစ်ချင်း တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ငါးမြစ်ချင်း တင်ပို့နိုင်မှု ငွေပမာဏမှာ ၈၃၇၆၈ ဒသမ ၇၇ ဒေါ်လာတင်ပို့မှု ရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်မှ ၁၈ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ဆီးဖတ်၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ နွားအရှင်)၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄၉၁၈၁ ဒသမ ၂၇ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သိရသည်။

ခင်ခင်ထိုက်(သာယာဝတီ)

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ(အသစ်)တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ(အဟောင်း) တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၁၀၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ(အဟောင်း) တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၈၅၀၀ ဖြင့် အိတ် ၅၀၊ နှမ်းဝါ(ယော)တစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဖြင့် အိတ် ၁၀၀၊ ကုလားပဲဝါ(HL)တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၅၆၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၅၈၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းသေးတစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဖြင့်အိတ် ၂၀၀၊ နှမ်းနက်စမုံ(ယော)တစ်တင်းလျှင်ကျပ် ၈၃၀၀၀ ဖြင့် အိတ် ၁၀၀၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ကျပ် ၇၇၈၀၀ ဖြင့် အိတ် ၅၀၊ ထောပတ်ပဲဖြူ(ယော) တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၁၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင်ကျပ် ၇၀၀၀ မှ ၇၅၀၀ ဖြင့် အိတ်ရေ ၁၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)



ပြည်ပဲဈေးကွက်သို့ ဆောင်းပဲတီစိမ်းသစ်များ ဝင်ရောက်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပဲတီစိမ်း (ဆောင်းသီးနှံ) အသစ်များ စတင်ဝင်ရောက်လာခဲ့သည်။ မိုးပဲတီစိမ်းသီးနှံလည်း လက်ကျန်အသင့်အတင့်ရှိနေခဲ့ပြီး ပဲဟောင်း၊ ပဲသစ်နှစ်မျိုး ရောင်းဝယ်မှုဖြစ်ခဲ့ကာ ပဲသစ်ဈေးအနေဖြင့် တစ်တင်း ကျပ် ၃၇၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူလို့ ဈေးကောင်းရရှိကာ ပဲတီစိမ်းဈေးနှုန်းကတော့ တစ်တင်း ကျပ် ၃၀၀၀၀ မှ ၃၄၀၀၀ ကြား ရောင်းဝယ်လျက်ရှိသည်။

ပဲသစ်မှာ ပြည်အနီးတစ်ဝိုက် ဒေသများမှ တစ်ရက်အိတ် ၂၀၀/၃၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ပဲဟောင်းကတော့ တစ်ရက်အိတ် ၅၀ ကျော်သာ ဝင်ရောက်မှုရှိသည်။ ဝယ်လက်အနေ ဝယ်ယူနေကြောင်း သိရသည်။ ဖြင့် ရန်ကုန်၊ မန္တလေးဝယ်လက်များ

ခင်ဆွေဝင်း(ပြည်)

ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက်များ

အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၄၃၈၅ တန် ဖိုးရှိ ငရုတ်သီး ခြောက် ၂၈ ဒသမ ၄၅ တန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၁၄၅၈၀၀ တန် ဖိုးရှိ ဟင်းချိုမှုန့် ၁၄၅ ဒသမ ၅၄ တန်၊ အမေရိကန်ဒေါ်လာ ၁၂၁၀ တန် ဖိုးရှိ ဘာလီကော်ဖီမစ် ၁ ဒသမ ၂၀ တန်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန် ဖိုး ၂၂၁၃၉၅ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် စုစုပေါင်းအိတ် ၂၁၈၀ တန်ချိန်အားဖြင့် ၁၀၉ ဒသမ ၄၆ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ဆန်တင်သွင်းမှုမှာအိတ် ၆၀၀၊ မန္တလေးမြို့မှ အိတ် ၂၀၀တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်းအိတ် ၈၀၀တန်ချိန်အားဖြင့် ၄၀ ဒသမ ၁၇ တန် တင်သွင်းခဲ့ကြောင်းသိရှိရသည်။

နှမ်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း နှမ်းအိတ် ၆၈၂၀ တန်ချိန်အားဖြင့် ၃၃၄ ဒသမ ၀၉ တန်တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ဖြိုးဝေအောင်

ပြည်ဗိုလ်ကိတ်ပဲ လက်လီရောင်းဝယ်မှုဖြစ်

ပဲမျိုးစုံဈေးကွက်၌ လက်လီလက်ကား အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရှိခဲ့ရာ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီးစသည့် သီးနှံအများစုက လက်ကားဝယ်ယူမှု အဓိကဖြစ်ကြပြီး ကျန်ပဲများကတော့ ပဲအထွက်လှိုင်ချိန်လောက်သာ လက်ကား အဝယ်ရှိပြီး ကျန်ကာလများတွင် လက်လီသာရောင်းဝယ်မှုရှိကြောင်း သိရသည်။

အဆိုပါပဲများထဲတွင် ဗိုလ်ကိတ်ပဲသီးနှံလည်း ပါဝင်နေပြီး လက်ကျန်ပဲ အနည်းငယ်ရှိမှုအပေါ် အရည်အသွေးအလိုက် ဈေးကွာခြားပြီး လက်လီအိတ် ၂၅-၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ခါတစ်ရံ လက်ကားဝယ်ယူမှုရှိသည့်ရက်တွင် အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၂၀၀၀ မှ ၂၅၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြောင်းသိရသည်။

ခင်ဆွေဝင်း(ပြည်)

ကိုရီးယားနိုင်ငံနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ပတ် ရထားဘူတာ ၁၂ခု အဆင့်မြှင့်တင်မည်

ကိုရီးယားနိုင်ငံနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ရှိ မြို့ပတ်ရထားဘူတာ ၁၂ခုကို အဆင့်မြှင့်တင်ရန် စီစဉ်နေပြီး လက်ရှိတွင် ကြည့်မြင်တိုင်ဘူတာကို စတင်ဆောင်ရွက်ရန် လုပ်ဆောင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

အောက်တိုဘာ ၂၃ ရက်က Wyndham Grand Yangon Hotel ၌ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ public ကုမ္ပဏီတစ်ခုဖြစ်သည့် Seoul Metro(ဆိုးလ်မြေအောက် မီးရထားစနစ်)က ကြီးမှူးကျင်းပသော Transit Oriented Development (TOD) လုပ်ငန်းနှင့်ပတ်သက်၍ မျှဝေသည့်အခမ်းအနားတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ရဲ့ရန်ကုန်မြို့တော်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးဖြစ်တဲ့ ရထား၊ ကားနဲ့ရေလမ်းတို့ရှိပြီးတော့ သူတို့နဲ့အတူတူ ချိတ်ဆက်ရေးက အရေးကြီးသလိုပဲ ဒီခရီးလမ်းကြောင်းတွေမှာရှိတဲ့ ဘူတာရုံတွေ၊ ကားဂိတ်တွေ၊ သင်္ဘောဆိပ်တွေမှာလည်း Development ဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အခုအခါမှာတော့ ရန်ကုန်မြို့ပတ်ရထားလမ်းမှာရှိတဲ့ ကြည့်မြင်တိုင်ဘူတာ၊သမိုင်းဘူတာ၊ ပုဇွန်တောင်ဘူတာ စတဲ့နေရာတွေဟာ ရထားလမ်းရော ကားလမ်းပါနှစ်ခုစလုံးရှိနေပြီး ဒီနေရာတွေဟာ Transit Oriented Development လုပ်ဖို့ သင့်လျော်တဲ့နေရာတွေဖြစ်ပါတယ်။ အခြားနေရာတွေမှာလည်း Transit Oriented Development လုပ်ဖို့ သင့်လျော်တဲ့နေရာများ ရှိပါသေးတယ်။ လက်ရှိအနေအထားမှာတော့ ကြည့်မြင်တိုင်ဘူတာနဲ့ပတ်သက်ပြီးတော့ Transit Oriented Development လုပ်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

အဆင့်မြှင့်တင်မည့်ဘူတာများမှာ ရန်ကုန်၊ ကြည့်မြင်တိုင်၊ သမိုင်း၊ အင်းစိန်၊ တည်းကုန်း၊ ဂေါက်ကွင်း၊ ကျိုက္ကလဲ့၊ ဝေဘာဂီ၊ ရေကူး၊ မလွကုန်း၊ ပုဇွန်တောင်နှင့် မင်္ဂလာဒုံဘူတာများဖြစ်ကြောင်း သိရသည်။

အဆိုပါဘူတာများကို အဆင့်မြှင့်တင်သည့်အခါ Transit Oriented Development (TOD) ဟုခေါ်သည့် ပြည်သူလူထုအဆင့်အတန်းမြင့်မားစွာဖြင့် သယ်ယူပို့ဆောင်ပေးနိုင်မည့် လုပ်ငန်းအဖြစ် ဖန်တီးမည့်အပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

TOD ဆိုသည်မှာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း Seoul Metro(ဆိုးလ်မြေအောက်မီးရထားစနစ်)၏ ဥက္ကဋ္ဌဖြစ်သူ Mr. Kim Tae Hoက ပြောသည်။ "ကျွန်တော်တို့ရဲ့ TOD ဆိုတာကတော့ Development ဖြစ်အောင်လုပ်တဲ့အခါမှာ Balance ညီအောင်လို့ တောက်လျှောက် ရေရှည်သွားနိုင်အောင်လို့ ဒီလိုမျိုးယာဉ်ကြောတွေ၊ သယ်ယူပို့ဆောင်ရေးစနစ်တွေ၊ ယာဉ်ကြောတွေ၊ လမ်းကြောင်းတွေကို ပိုပြီးတော့ ကောင်းမွန်တဲ့ နည်းလမ်းတွေနဲ့ ပိုပြီးတော့ အဆင်ပြေချောမွေ့သွားအောင်လုပ်ဖို့အတွက်ကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်တာပါ။ TOD နည်းလမ်းနဲ့မဟုတ်ဘဲ တခြားနည်းလမ်းနဲ့လုပ်မယ်ဆိုရင် အမှားအယွင်း အခက်အခဲတွေ အများကြီးကြုံတွေ့နိုင်ပါတယ်။ TOD နည်းလမ်းနဲ့လုပ်မယ်ဆိုရင်တော့ အကျိုးရလဒ်တွေ ပိုကောင်းမွန်ပြီးတော့ အဆင်မပြေမှုတွေမရှိဘဲနဲ့ အကောင်းဆုံးဖြစ်နိုင်မယ်လို့ ထင်မိပါတယ်"ဟု Mr. Kim Tae Ho က ပြောသည်။

ထိုကဲ့သို့ ဘူတာများကို အဆင့်မြှင့်တင်ရာမှ ရရှိလာသည့် ဝင်ငွေများဖြင့် မီးရထားများ၊ သံလမ်းလိုအပ်ချက်များနှင့် မီးရထားဝန်ထမ်းများ၏ အိမ်ရာများကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း TOD ၏ ထူးခြားချက်မှာ ရထားဘူတာပတ်ဝန်းကျင် ဧရိယာများကို ဝင်ငွေရှာရန်သက်သက်မဟုတ်ဘဲ ရထားဘူတာရုံပတ်ဝန်းကျင်များကို သာယာကြည်နူးဖွယ်ဖြစ်အောင် ဖန်တီးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပန်းဆု

သနပ်ခါးစိုက်ပျိုးမှု ၄၀ရာခိုင်နှုန်းခန့် ကျဆင်း

ပြည်တွင်း၌ သနပ်ခါးအသုံးပြုမှု နည်းလာခြင်းနှင့်အတူ ဈေးကွက်လိုအပ်ချက် နည်းပါးလာခြင်းကြောင့် သနပ်ခါး စိုက်ပျိုးမှု ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းမှ သိရသည်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော သနပ်ခါးများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် မထုတ်လုပ်နိုင်ခြင်းနှင့်အလှကုန်ပစ္စည်းများတွင် အသုံးပြုမှုနည်းပါးလာသောကြောင့် ဈေးကွက်လိုအပ်ချက် နည်းပါးလာကာ စိုက်ပျိုးသူ တဖြည်းဖြည်း ရှားပါးလာခြင်းဖြစ်ကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက အောက်တိုဘာ ၂၄ ရက်တွင် ပြောသည်။

"အခု သနပ်ခါးကို အဆင့်မြင့်ထုတ်ကုန်တွေဖြစ်တဲ့ အလှကုန်ပစ္စည်းတွေမှာပါတယ်ဆိုပြီး ရောင်းကြတယ်။ ဒါပေမဲ့ အဲဒီထဲမှာ တကယ်မပါဝင်ဘူး။ ဒါကို ထိန်းချုပ်မှုလည်း မလုပ်နိုင်သေးတော့ တဖြည်းဖြည်းနဲ့ ဈေးကွက်ပမာဏက ကျဉ်းမြောင်းလာတယ်။ အဲဒီအခါမှာ စိုက်ပျိုးသူတွေကလည်း သနပ်ပင်တွေကိုဖျက်ပြီး လျှော်ဖြူတွေကို အစားထိုးစိုက်ပျိုးလာကြတဲ့အတွက် အခုဆိုရင် ၆၀ ရာခိုင်နှုန်းလောက်ပဲရှိတော့မယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဈေးကွက် ပိုမိုကျယ်ပြန့်လာစေရေးအတွက် သနပ်ခါးပါဝင်သည်ဟုဆိုကာ ရောင်းချနေသည့် မိတ်ကပ်နှင့်အလှကုန်ပစ္စည်းများကို ထိန်းသိမ်းကြပ်မတ်ကြရန် လိုအပ်ပြီး ကြပ်မတ်မှုများကိုပြုလုပ်ပေးရန် စားသုံးသူရေးရာဦးစီးဌာနသို့ အသင်းအနေဖြင့် တိုင်ကြားထားပြီးဖြစ်သည်ဟု ဆိုသည်။

"လက်ရှိမှာ သနပ်ခါး ပါဝင်တယ်ဆိုပြီး ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ အလှကုန်တွေရဲ့ ဓာတ်ခွဲစစ်ဆေးပြီးတဲ့ ရလဒ်တွေကို စားသုံးသူရေးရာဦးစီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ စားသုံးသူရေးရာဥပဒေမှာ ပါဝင်တဲ့အချက်အလက်အတိုင်း လိုက်နာဖို့အတွက် အသိပညာတွေ ပေးနေတယ်။ မကြာမီမှာ အသိပညာပေးကာလက ကုန်တော့မှာဖြစ်ပါတယ်။ အရေးယူမှုတွေ ပြုလုပ်တော့မယ်လို့လည်းသိရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သနပ်ခါးဈေးကွက် တိုးတက်မှုမရှိခြင်းအပြင် ရေရှည်စိုက်ပျိုးရသော အပင်အမျိုးအစားဖြစ်သောကြောင့် စိုက်ပျိုးသူများအနေဖြင့် အလျင်အမြန် ထုတ်ယူရောင်းချနိုင်ရန်အတွက် လက်ရှိ၌ အပင်ကြီးမြန်ဆေးများ အသုံးပြုလာကြကြောင်း ၎င်းက ပြောသည်။

ထို့ကြောင့် သနပ်ခါးများမှာ အမွှေးနံ့သာများ ကြာရှည်မခံခြင်း၊ ပိုးကိုက်မှု များလာခြင်း၊ သက်တမ်းတွက်ချက်ရန် မလွယ်ကူတော့ခြင်းများလည်း ဖြစ်လာသောကြောင့် ဆေးများအသုံးပြု၍ စိုက်ပျိုးမှုမပြုကြရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။ သို့ဖြစ်၍ မုံရွာမြို့တွင် ပြုလုပ်မည့် သနပ်ခါးညီလာခံ၌ အဆိုပါကိစ္စရပ်များအပြင် အခြားသနပ်ခါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များကိုဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းဆု

မြန်မာ့ဆိပ်ကမ်းတွင် ၂၄.၁၀.၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
ထီးတန်းဆီဆိပ်ကမ်း	- MT PRIMROSE	P.Oil(In Bulk) ၄၃၀၀ ချဆဲ
ထီးတန်းဆီဝါးကမ်း(၁)	- TAL-001	P.Oil(In Bulk) ၅၃၀၀ ချဆဲ
ထီးတန်းဆီဝါးကမ်း(၂)	- CAPE FLORES	TEU 790 တင် TEU 607 ချဆဲ
အေးရှားဝေါလ်ဆိပ်ကမ်း(၁)	- SINAR BALI	TEU 925 တင် TEU 788 ချဆဲ
အလုံဆိပ်ကမ်း(၁)	- GOLDEN AMOR	Steel Product ၂၃၃၅ ချဆဲ
အလုံဆိပ်ကမ်း(၃)	- MAAN AUNG	Steel Bar ၅၁၃၂ ချဆဲ
စက်မှုဆိပ်ကမ်း(၂)	- MATHU BHUM	TEU 786တင် TEU 658 ချဆဲ
စက်မှုဆိပ်ကမ်း(၄)	- OLYMPIA	TEU 800တင် TEU 679 ချဆဲ
ဆူးလေဆိပ်ကမ်း(၁)	- SOPHIA OCEAN	ဆန် ၁၁၀၀၀ တင်ဆဲ
ဆူးလေဆိပ်ကမ်း(၂)	- GAIL	ဆန် ၁၄၅၀၀ တင်ဆဲ
ဆူးလေဆိပ်ကမ်း(၇)	- BLUE LOTUS	Urea (In Bulk) ၁၂၅၂ ချဆဲ
MIPLဆိပ်ကမ်း	- MAERSK WIESBADEN	41 PKG Construction Project Cargo 663 တင်ဆဲ
သီလဝါဆိပ်ကမ်း(၅)	- EOLUS	TEU 236 တင် TEU 355 ချဆဲ
WILMAR JETTY	- MV MCL (20)	X Blck ၁၂၃၀ တင်ဆဲ
သီလဝါဆိပ်ကမ်းသစ်(၁)	- NEW VICTORY	Steel Deformer Bar ၂၁၀၃၂ ချဆဲ

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
BBC NORFOLK	Steel PipeS & Piles ၂၄၀၃ ချရန်	VIETNAM	၂၄-၁၀-၂၀၁၉
CHIOS TRINTY	Steel Product &Equipment ၂၈၀၂၈ ချရန်	CHINA	၂၄-၁၀-၂၀၁၉
STAR SUCCESS	X Block ၃၀၅၄ တင်ရန်	BINGALARDISH	၂၅-၁၀-၂၀၁၉
EAGLE STARIT	Steel ၂၉၁၆ ချရန်	CHINA	၂၈-၁၀-၂၀၁၉
NORAIDA	Steel ၂၂၀၀၀ ချရန်	CHINA	၂၉-၁၀-၂၀၁၉
EVER RELLANCE	Wheat (In Bulk) ၂၀၀၀၀ ချရန်	USA	၁-၁၁-၂၀၁၉
OCEAN FRIEND	Steel Coil ၁၅၀၀ ချရန်	TAIWAN	၄-၁၁-၂၀၁၉
GAIL	Rice ၁၄၀၀၀ တင်ရန်	W/AFRICA	၁၉-၁၁-၂၀၁၉

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
OCEAN PROBE	SINGAPORE	စက်မှုဆိပ်ကမ်း	၂၄-၁၀-၂၀၁၉
ALS SUTSUKI	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၂၅-၁၀-၂၀၁၉
B TRADER	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၂၅-၁၀-၂၀၁၉
AREZOO	SINGAPORE	သီလဝါဆိပ်ကမ်း	၂၆-၁၀-၂၀၁၉
MADIRD TRADER	SINGAPORE	စက်မှု/ဗိုလ်အောက်ကျော်ဆိပ်ကမ်း	၂၆-၁၀-၂၀၁၉
ALS SUZURAN	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၆-၁၀-၂၀၁၉
MAERSK WIESBADEN	SINGAPORE	သီလဝါဆိပ်ကမ်း	၂၆-၁၀-၂၀၁၉
XETHA BHUM	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၂၇-၁၀-၂၀၁၉
PACAO	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၇-၁၀-၂၀၁၉
CAPE SYROS	SINGAPORE	သီလဝါဆိပ်ကမ်း	၂၈-၁၀-၂၀၁၉
SINAR BINTAN	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၂၈-၁၀-၂၀၁၉
FILO TIMO	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၃၀-၁၀-၂၀၁၉
PACITA	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၃၀-၁၀-၂၀၁၉
ISEACO GENESIS	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၃၀-၁၀-၂၀၁၉
KOTA HADIAH	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၃၀-၁၀-၂၀၁၉
ISEACO FORTUNE	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၃၀-၁၀-၂၀၁၉

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်ခန့်မှန်းရက်
MT.FLY GARNARD	Diesel Oil	APEX JETTY	၂၅-၁၀-၂၀၁၉
MT.CHAO ANOMA	P.Oil(In Bulk)	INDONESIA	၂၆-၁၀-၂၀၁၉
MT.YU HAI	Diesel Oil	SINGAPORE	၂၇-၁၀-၂၀၁၉
MT.YU DONG	Diesel Oil	SINGAPORE	၂၅-၁၀-၂၀၁၉
MT.DENKO BRIGHT	Diesel Oil	SINGAPORE	၂၇-၁၀-၂၀၁၉
MT.KIRANA HASTA	MOGAS (92Ron)	SINGAPORE	၂၈-၁၀-၂၀၁၉
MT.OCEAN MARLIN	Diesel Oil	SINGAPORE	၃၁-၁၀-၂၀၁၉
MT.THERESA AQUARIUS	P.Oil(In Bulk)	INDONESIA	၅-၁၁-၂၀၁၉

တောင်ငူမြို့တွင် နဂါးမောက်သီးဈေး အနည်းငယ်ကျဆင်း

တောင်ငူမြို့ဈေးများအတွင်းသို့ နဂါးမောက်သီးများ ဝင်ရောက်လျက်ရှိရာ ပေါ်ဦးပေါ်ဖျားတွင် ဈေးနှုန်းမှာ အကြီးတစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိရှိသော်လည်း ယခုတစ်ပတ်တွင် နဂါးမောက်သီးများ အများအပြား ဝင်ရောက်လျက်ရှိသဖြင့် ဈေးနှုန်းမှာလည်း အကြီးတစ်လုံးလျှင် ကျပ် ၆၀၀၊ နှစ်လုံးယူလျှင် ကျပ် ၁၀၀၀၊ အသေး သုံးလုံးယူလျှင် ကျပ်၁၀၀၀ ဖြင့် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း တောင်ငူမြို့ ညောင်ပင်ဈေး သစ်သီးအရောင်းဆိုင်မှ သိရှိရသည်။

သင်းသင်းအေး(တောင်ငူ)

ကြက်သွန်

ရေနံချောင်း၌ ကြက်သွန်စိုက်ဧက သုံးထောင်ကျော် လျာထားဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၃၆၄၆ စိုက်ပျိုးရန်လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

စားဖိုဆောင်သီးနှံများတွင် ကြက်သွန်ဧက ၃၀၇၀ စိုက်ပျိုးရန် လျာထားလျက်ရှိသည်။

"လက်ရှိကြက်သွန်နီစိုက်ပျိုးနေကြပြီဖြစ်ပြီး ဥပုံတစ်ရာပိသာ ကျပ် ၁၅၀၀၀၀ ဝယ်ရတယ်။ ယခင်နှစ်က ဈေးပါပဲ။ ဒါပေမဲ့ ဈေးကောင်းဖို့လိုတယ်"ဟု ဘုရားကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ပြည်တွင်း၊ ပြည်ပ ဝယ်လက်အကြိုက်ဆုံးဖြစ်ပြီး အရည်အသွေးကောင်းမွန်သောကြောင့်ရေနံချောင်းထွက် ကြက်သွန်မန္တလေးနှင့် ရန်ကုန်တင်ပို့နေရသည်။ ဝါကျွတ်ရက်တွင် နယ်အဝယ်သွက်သောကြောင့် ကြက်သွန်နီကြီး တစ်ပိသာ ကျပ် ၁၄၀၀၊ အလတ် ကျပ် ၁၂၀၀ကျပ်၊ ကျပ် ၁၀၀၀၊ ကျပ် ၇၀၀ ရောင်းနေရသည်။

ရွှေစင်(ရေနံချောင်း)

ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ဖြစ်ပေါ်နေသော ကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပခုက္ကူ ပေါက်၊ ဆိပ်ဖြူ၊ရေစကြိုနှင့် ယောနယ်များမှ ကြက်သွန်နီများ မှန့်စဉ်ကုန်ချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်နေပြီး ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၁၁၀၀၊အလတ်စ တစ်ပိသာလျှင် ကျပ် ၉၀၀၊ အနိမ့်စ တစ်ပိသာလျှင် ကျပ် ၆၀၀ ဖြင့် ကုန်ချိန် ၁၃၀၀၀၀ ခန့်နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

ကြက်သွန်နီ လက်ကားဈေးမှာထိပ်စ တစ်ပိသာလျှင် ကျပ် ၁၄၀၀၊ အလတ်စ တစ်ပိသာလျှင် ကျပ် ၁၃၀၀ ၊ အနိမ့်စ တစ်ပိသာလျှင် ကျပ် ၉၀၀-၁၀၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂)ဈေးတို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်၏ကြက်သွန်နီတင်ပို့မှုမှာ ရန်ကုန်တိုင်းဒေသကြီးသို့ အိတ်ရေ ၁၂၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးသို့ ၅၀၀ ကျော် တင်ပို့လျက်ရှိသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့ ကြက်သွန်နီ ပြန်လည်ဈေးမြင့်

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ ကြက်သွန်နီများ နေ့စဉ်တင်ပို့လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်မှ ၂၁ရက်အတွင်း ကြက်သွန်နီကား ၃၁ စီး၊ တန်ချိန် ၅၁၈ ဒသမ ၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၃ သန်းဖိုးတင်ပို့နိုင်ခဲ့သည်။

အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီတစ်တန်ဈေးမှာတရုတ် ယွမ် ၂၃၉၀၊ မြန်မာကျပ်ငွေ ၅၁၄၀၀၀ ၊ တစ်ပိသာ ၃ ဒဿမ ၈ ယွမ်၊ မြန်မာငွေ ၈၂၅ ကျပ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အောက်တိုဘာ ၂၁ ရက်တွင်ဖြစ်ပေါ်ခဲ့ သောကြက်သွန်နီဈေးမှာ တစ်ပိသာ ၈၆၅ ကျပ်ဝန်းကျင်သာရှိခဲ့၍ တစ်ပိသာကျပ် ၄၀ ဝန်းကျင် တက်ဈေးဖြင့်ရောင်းချခဲ့ရသည်။

ငွေဈေးမှာတစ်ယွမ် ၂၁၅ ကျပ်ဝန်းကျင်ဖြင့် ပြောင်းလဲမှုမရှိခဲ့ကြောင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရသည်။

ထွန်းမင်းထွန်း

ပြည်ကြက်သွန်နီ အမြင့်ဈေးနှင့်ဈေးငြိမ်

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ အမြင့်ဈေးနှင့်ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ဈေးကွက်သို့ ပခုက္ကူ၊ ဆိပ်ဖြူ၊ ကျောက်ပန်းတောင်းဘက်မှကြက်သွန်နီများ ပိသာ ၃၀ ဝင်အိတ် ၂၀၀/၃၀၀ခန့် ဝင်ရောက်ပြီး ဝင်ရောက်သော ကြက်သွန်နီမှာ အရည်အသွေးကောင်းသဖြင့်ဈေးကောင်းရနေကြောင်း သိရသည်။

အရောင်းအဝယ်မှာ ဈေးမြင့်သော်လည်း အရည်အသွေးကောင်းမွန်မှုကြောင့် ဝင်ရောက်မှု၏ အားလုံးနီးပါးခန့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ဈေးနှုန်းအနေဖြင့် ပွဲရုံလက်ကားဈေး တစ်ပိသာလျှင် (ကြီး/လတ်/သေး)ကျပ် ၁၄၅၀-၁၄၀၀/၁၄၀၀-၁၃၀၀/၁၂၅၀-၁၁၅၀ နှုန်းနှင့်လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၁၆၀၀/၁၅၀၀-၁၄၀၀/၁၃၀၀-၁၂၀၀ စသည့်နှုန်းများဖြင့် ရောင်းဝယ်နေပြီး ကြက်သွန်နီသီးနှံမှာ စက်တင်ဘာ ဒုတိယပတ်မှစ၍ ဈေးနှုန်းများ တစ်စတစ်စ မြင့်တက်လာကြောင်းလည်း သိရသည်။

ဝင်းလွဲဝါ(ပြည်)

ပြည်ဈေးကွက်၌ ကြက်သွန်ဖြူ ဈေးမြင့်လာ

ပြည်ဈေးကြီးနှင့် ပွဲရုံများသို့ အောက်တိုဘာလအတွင်း ကျိုင်းတုံ၊ တာချီလိတ်တို့ဘက်မှ အဆွဲကောင်းနေခြင်းကြောင့် ပြည်တွင်းဈေးကွက်များသို့ ကြက်သွန်ဖြူအဝင်နည်းလာကြောင်းသိရသည်။ ရှမ်းစ(မြန်မာ) ကြက်သွန်ဖြူဈေးတက်လာပြီး ကြူကုတ်စပါ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်မြင့်တက်လာသည်။

ယခုတစ်ပတ်ကြက်သွန်ဖြူ(ပွဲရုံ)ဈေးတစ်ပိသာလျှင် (ရှမ်းစ) ကျပ် ၃၂၀၀၊ ၃၅၀၀ နှင့် (ကြူကုတ်စ) ကျပ် ၂၈၀၀၊ ၂၉၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ ဒေသတွင်းလက်လီဈေး တစ်ပိသာလျှင် (ရှမ်းစ) ကျပ် ၃၈၀၀၊ ၄၀၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၂၀၀ မှ ၃၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ယခင်တစ်ပတ်ကထက်စာလျှင် ကြက်သွန်ဖြူ တစ်ပိသာပေါ်တွင် ရှမ်းစ ကျပ် ၆၀၀၊ ကြူကုတ်စ ကျပ် ၂၀၀၊ ၃၀၀ ဈေးမြင့်တက်လာသည်။

နီနီဝင်း(ပြည်)

နန္တင်း

နန္တင်းတင်ပို့မှု ဆက်တိုက်လျော့နည်းလာ

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း နန္တင်း ၃၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတက နန္တင်း၄၃တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် နန္တင်းရှစ်တန် တင်ပို့မှု လျော့နည်းခဲ့သည်။ ပြည်ပနိုင်ငံများသို့ နန္တင်းတင်ပို့မှုမှာ အောက်တိုဘာလဆန်းသီတင်းပတ်မှ စတင်ပြီး တင်ပို့မှုဆက်တိုက်လျော့နည်းလာခဲ့သည်။ နန္တင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၀၂၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

သီတာဝင်း(DOT)

ချင်း

ပြည်ဈေးကွက်တွင် ချင်းဈေး အနည်းငယ်ကျလာ

ယခုအောက်တိုဘာလအတွင်း ပြည်ချင်းပွဲရုံများသို့ ချင်းအသစ်များဝင်ရောက်ပြီး အစိုများခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ရာမှ ယခုတစ်ပတ်ဝင်ရောက်လာသည့် ချင်းသည် လှုလည်းလှလာပြီး အစိုဓာတ်လည်း လျော့လာသောကြောင့် လက်လီသမားတို့ ပုံမှန်ပြန်ဆွဲလာသည်။

ယခုတစ်ပတ်ချင်းဈေးများမှာ တစ်ပိသာလျှင် ပွဲရုံဈေး ကျပ် ၂၂၀၀၊ ၂၃၀၀ ဈေးတို့ဖြစ်ပြီး ယခင်တစ်ပတ်ကထက် တစ်ပိသာပေါ်တွင် ကျပ် ၇၀၀၊၈၀၀ ဈေးကျလာသည်။ လက်လီတစ်ပိသာ ကျပ် ၃၀၀၀ ဈေးဖြစ်ပြီး ဓားလှီးချင်း(ဖတ်) တစ်ပိသာ ကျပ် ၃၀၀၀ ဈေးဖြစ်သည်။

နီနီဝင်း(ပြည်)

နှမ်း

ဈေးပြန်ကျလာသည့် ပြည်နှမ်းဈေးကွက်

ပြည်ဈေးကွက်တွင် မိုးနှမ်းဝင်ရောက်မှုမှာ နေ့စဉ်အဝင်မရှိတော့ဘဲ ရက်ခြားသာဝင်ရောက်မှုရှိသည်။ မိုးနှမ်း ဝင်ရောက်မှုနည်းသွားသော်လည်း ယခင်ဝင်ရောက်လာသည့် နှမ်းများဖြင့်ဈေးကွက်တွင် ပုံမှန် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ မန္တလေးဝယ်လက်များကလည်း စုံမုံနက်နှမ်းနှင့် ရိုးရိုးနှမ်းနက်သန့်သန့်ကိုသာ ဝယ်ယူပြီး နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိလာသည်ကို တွေ့ရသည်။

ယခုတစ်ပတ်တွင် ဝယ်လက်များ အဝယ်ပြန်လိုက်လာသည့်အတွက် စုံမုံနက်နှမ်းနှင့် နှမ်းနက်မှာဈေးပြန်မြင့်လာပြီး နှမ်းနီကိုဒေသတွင်း ဆီစက်သမားများက ဝယ်ယူကြသော်လည်း နှမ်းနီမှာဈေးကွက်တွင် အဝင်နည်းသည့်အတွက် တစ်တင်းလျှင် ကျပ် ၄၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်းဈေးငြိမ်နေသည်။ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ နှင့် စုံမုံနက် နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန်ကျလာသည်။

ဝေဝေမင်း(ပြည်)

မြေပဲဆန်

ပြည်ဈေးကွက်တွင် မိုးမြေပဲဆန်ဈေးအနည်းငယ်ပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ပြန်ကျလာသည်။ မြေပဲဆန်ကို ပြည်-အောင်လံကြားရှိ ကျေးရွာများ၊ ပေါက်ခေါင်း၊ ဝက်ထီးကန်၊ မြန်အောင်နှင့်ကြံခင်းဘက်မှတစ်နေ့လျှင်အိတ် ၁၂၀၀ ခန့် ဝင်ရောက်လျက်ရှိသည့်အတွက် ဈေးအနည်းငယ်ကျလာသည်။ လုံးဆန်(ဖြူ)ကို ရန်ကုန်ဝယ်လက်များကဝယ်ယူပြီး ထိုင်းဘက်သို့ တင်ပို့ရောင်းချသလို လုံးဆန်(နီ)ကို အကြော်ဖိုသမားများက အဝယ်ရှိကြောင်း သိရသည်။

ဆီဆန်ကိုမြို့တွင်း ဆီစက်သမားများနှင့် မကွေးဘက်မှ အမေထွားဆီစက်မှ ဝယ်ယူနေကြောင်းသိရသည်။ ယခု တစ်ပတ်မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိသာလျှင် ကျပ် ၂၆၀၀၊ (နီ)တစ်ပိသာလျှင် ကျပ် ၂၈၀၀နှင့်လုံးဆန်(ဖြူ)တစ်ပိသာလျှင် ကျပ် ၂၈၀၀၊ (နီ) တစ်ပိသာလျှင် ကျပ် ၃၀၀၀ ဖြင့် ဈေးအနည်းငယ်ပြန်ကျလာသည်ကို တွေ့ရသည်။

ဝေဝေမင်း(ပြည်)

ပြုပြင်ပြောင်းလဲမှု၏ ကွက်လပ်တစ်ခုကို ဖြည့်စွက်ခြင်း (သို့မဟုတ်) ဥာဏပစ္စည်းမူပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ်ပေးမည် မူပိုင်ခွင့် ဥပဒေများ

အောင်ထူး

ပြည်ထောင်စုလွှတ်တော်ဟာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ မတ်လနဲ့ မေလများအတွင်း မူပိုင်ခွင့်ဆိုင်ရာဥပဒေများဖြစ်တဲ့ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (၂/ ၂၀၁၉, ၃၁-၁-၂၀၁၉)၊ကုန် အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (၃/ ၂၀၁၉, ၃၁-၁-၂၀၁၉)၊တီထွင်မှု မူပိုင်ခွင့် ဥပဒေ (၇/ ၂၀၁၉, ၁၂-၃-၂၀၁၉)၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (၁၅/ ၂၀၁၉, ၂၄-၅-၂၀၁၉) တို့ကို အတည်ပြု ပေးခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါတယ်။ ဒါဟာမြန်မာနိုင်ငံမှာ မူပိုင်ခွင့်အခွင့်အရေးများကို ဥပဒေအရထိရောက်စွာ အကာအကွယ်ပေးနိုင်မယ့်ကဏ္ဍသစ်တစ်ရပ်ကို ပေါ်ထွန်းလာစေပါတယ်။ ဒီလိုပြဋ္ဌာန်းနိုင်မှုဟာ လွန်ခဲ့သော (၁၀) စုနှစ် တစ်ခုအတွင်း ကြိုးပမ်းဆောင်ရွက်မှုများရဲ့ရလဒ်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ အဓိက ပြုပြင်ပြောင်းလဲမှုတစ်ရပ်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့တည်ဆောက်လျက်ရှိတဲ့ စီးပွားရေးလုပ်ငန်းဝန်းကျင်မှာလိုအပ်နေတဲ့ ကွက်လပ်ကလေးတစ်ခုကို ဖြည့်စွက်လိုက်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ မူပိုင်ခွင့်ဆိုင်ရာဥပဒေများဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ရဲ့ ကုန်သွယ်မှုဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက် (TRIPS) ရဲ့အခြေခံမူများကို အခြေပြုထားတာဖြစ်ပြီး နိုင်ငံတကာကွန်ဗင်းရှင်းများဖြစ်တဲ့ ပါရီကွန်ဗင်းရှင်း(Paris Convention)၊ ဘန်းကွန်ဗင်းရှင်း (Bern Convention)၊ မက်ဒရစ်သဘောတူညီချက် (Madrid Agreement)၊ မက်ဒရစ်အခြေပြုစာချုပ် (Madrid Protocol) စသည်များမှာ ပြဋ္ဌာန်းချက်များနဲ့ လိုက်လျောညီထွေမှုရှိပါတယ်။ ဒီမူပိုင်ခွင့် ဥပဒေများပြဋ္ဌာန်းပြီးချိန်မှာ အဲဒီ နိုင်ငံတကာစာချုပ်များတွင် မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီဥပဒေများကို အာဏာသက်ဝင်နိုင်အောင် လုပ်ထုံးလုပ်နည်းများနဲ့နည်းဥပဒေများ၊ လမ်းညွှန်ချက်များကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ပြင်ဆင်မှုများ အသင့်ဖြစ်သောအခါတွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဥပဒေတစ်ရပ်ချင်းစီကို အာဏာသက်ရောက်စေမည်ဖြစ်ပါတယ်။

ယင်းဥပဒေများအရ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနဲ့ မြန်မာမူပိုင်ခွင့်ရုံးဖြစ်တဲ့ မူပိုင်ခွင့်ဦးစီးဌာနတို့ကို ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းနိုင်အောင် ကြိုးစားခဲ့တာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့ပညာရေးဝန်ကြီးဌာန၊ ယခင်သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနနဲ့ ဝန်ကြီးချုပ်ရုံးတို့အောက်မှာ မူပိုင်ခွင့်ဌာနခွဲတစ်ခု ထူထောင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေများကို ပြဋ္ဌာန်းဖို့ ဆောင်ရွက်ရာမှာ ဒီဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပြည်ထောင်စုလွှတ်တော်ကြီးက စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို သတ်မှတ်ခဲ့ပါတယ်။ တစ်ဖက်က ပြန်ကြည့်ရင်တော့ ၁၉၉၄ ခုနှစ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) ကို မြန်မာနိုင်ငံ ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့ရဲ့ ကုန်သွယ်မှုဆိုင်ရာ၊ မူပိုင်ခွင့်များဆိုင်ရာများ သဘောတူညီချက် (TRIPS) ကို လေးစားလိုက်နာခဲ့ပါတယ်။ တစ်နည်းအားဖြင့် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မူပိုင်ခွင့် ဥပဒေများနဲ့ စိမ်းနေတဲ့ ဝန်ကြီးဌာနတစ်ခုတော့ မဟုတ်ပါဘူး။

မြန်မာနိုင်ငံအနေနဲ့ကမ္ဘာ့ဥဏာပစ္စည်းဆိုင်ရာ အဖွဲ့ကြီး (WIPO) ကို ၂၀၀၁ ခုနှစ်မှာ ဝင်ရောက်ခဲ့ပါတယ်။ ယင်းအဖွဲ့ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အခါ မူပိုင်ခွင့်အကာအကွယ်ပေးနိုင်သည့် စနစ်တစ်ရပ်ပေါ် ပေါက်လာရေးအတွက် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပြုခြင်း၊ မူပိုင်ခွင့်မူဝါဒနှင့် နည်းဗျူဟာများပြုစုခြင်း၊ မူပိုင်ခွင့် ဥပဒေများကို အကောင်အထည်ဖော်မည့် မူပိုင်ခွင့်ရုံးအတွက် လိုအပ်သော လူစွမ်းအား အရင်းအမြစ်များ ရရှိနိုင်ရေးအတွက် ပြုစုပျိုးထောင်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လာခဲ့ရပါတယ်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီးချိန်တွင် အာဆီယံအဖွဲ့ဝင်များလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် အာဆီယံသဘောတူညီချက်များကို ပါဝင်ခဲ့ရသည်ဖြစ်ရာ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးထိုးခဲ့သည့် မူပိုင်ခွင့်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက်တွင် ပါဝင်ခဲ့ပြီး အာဆီယံမူပိုင်ခွင့်များ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

သို့သော်လည်း ယင်းအဖွဲ့များနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံအနေနဲ့ မူပိုင်ခွင့်ကိစ္စများနဲ့ ပတ်သက်လို့ ကိုလိုနီခေတ် ဩဇာသြဇာနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ဥပဒေများကိုသာ ရည်ညွှန်း အသုံးပြုခဲ့ရပါတယ်။ ၁၉၀၈ ခုနှစ် ရေစစ္စတြီအက်ဥပဒေ (Registration Act)၊ ၁၉၁၄ခုနှစ် မူပိုင်ခွင့်အက်ဥပဒေ(Copy Right Act)၊ ၁၉၄၆ခုနှစ် မြန်မာတီထွင်မှုနဲ့ ဒီဇိုင်းအရေးပေါ်အက်ဥပဒေ Myanmar Patents and Designs (Emergency Provision) Act များနဲ့ ရာဇသတ်ကြီးဥပဒေ (Panel Code) နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဥပဒေများ(Civil laws) အပေါ်မှာသာ မှီခိုအားထားခဲ့ရပါတယ်။

ဒါကြောင့် ယခင်ကသိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနဟာ ရှေ့နေချုပ်ရုံးနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီး မူပိုင်ခွင့်ဥပဒေများကို ၂၀၀၃ခုနှစ်က စတင်လို့ပြုစုခဲ့ပါတယ်။ ယင်းဝန်ကြီးဌာနရဲ့ သုတေသနနဲ့ တီထွင်ဖန်တီးမှု ဦးစီးဌာန (Department of Research and Innovation) အောက်က မူပိုင်ခွင့်ဌာနခွဲကို ထူထောင်ထားရှိပြီး မူပိုင်ခွင့်ဌာနများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနကို လက်ရှိအစိုးရလက်ထက်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ဖွဲ့စည်းခဲ့ချိန်မှာ မူပိုင်ခွင့်ဌာနခွဲဟာ ပညာရေးဝန်ကြီးဌာန၊ သုတေသနနဲ့ တီထွင်ဖန်တီးမှုဦးစီးဌာနရဲ့ အောက်ကဌာနခွဲတစ်ရပ် ဖြစ်လာပါတယ်။

၂၀၁၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်ဥပဒေများမှာ မူပိုင်ခွင့်အခွင့်အရေးများကို အကောင်အထည်ဖော်မဲ့ တာဝန်ခံဝန်ကြီးဌာနကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအဖြစ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ခဲ့တာကြောင့် ယင်းဥပဒေပြဋ္ဌာန်းပြီးချိန်မှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မူလ မူပိုင်ခွင့်ဌာနခွဲကို ဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းရယူပြီး မြန်မာ မူပိုင်ခွင့်ရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မူလလေ့ကျင့်ပြီးသား ဝန်ထမ်းများအပြင် ဝန်ထမ်းအသစ်များကိုလည်း ထပ်မံခေါ်ယူလေ့ကျင့်ပေးရန် စီစဉ်ခဲ့ပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်များဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ မြန်မာမူပိုင်ခွင့်ရုံးများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ရာမှာ ကုန်အမှတ်တံဆိပ်ဥပဒေကိုဦးစားပေးအကောင်အထည်ဖော်သွားမှာဖြစ်ပြီး ယခုနှစ်အကုန်ပိုင်းခန့်မှာ ကုန်အမှတ်တံဆိပ်ဆိုင်ရာရုံးကို စမ်းသပ်ဖွင့်လှစ်နိုင်အောင် (Soft Opening) ဖွင့်လှစ်နိုင်အောင် ရည်မှန်းချက်ထားရှိဆောင်ရွက်နေပါတယ်။ ယင်းရုံးရဲ့ တရားဝင်ဖွင့်လှစ်မှု (Grand Opening) ကိုတော့ ၂၀၂၀ ခုနှစ်၊ နှစ်လယ်မှာ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်အကုန်မှာ စက်မှုဒီဇိုင်းဆိုင်ရာ မူပိုင်ခွင့်နှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ရုံးများကို အပြီးဖွင့်လှစ်နိုင်အောင် ရည်မှန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တီထွင်မှု မူပိုင်ခွင့်ရုံးကိုတော့ ၂၀၂၁ ခုနှစ်အကုန်မှာ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဒါကြောင့် ကုန်အမှတ်တံဆိပ် ဥပဒေအရ မှတ်ပုံတင်လိုတဲ့ ကုမ္ပဏီများအနေနဲ့ ၂၀၂၀ခုနှစ်အစပိုင်းမှာ မူပိုင်ခွင့်မှတ်ပုံတင်တဲ့ရုံး စမ်းသပ်ဖွင့်လှစ်မှု (Soft Opening) မှ စတင်ပါဝင်နိုင်အောင် ဆောင်ရွက်ပေးကြဖို့ အသင့်ရှိနေကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ ကုမ္ပဏီများမှတ်ပုံတင်မှုမှာ ဆောင်ရွက်ခဲ့တဲ့ နည်းအတိုင်း အီလက်ထရွန်နစ် (E-government)နည်းစနစ်ဖြင့် ကမ္ဘာ့ဥဏာပစ္စည်း အဖွဲ့အစည်း (WIPO) က တီထွင်ထားရှိတဲ့ Ipass online စနစ်ဖြင့် အင်တာနက်ဖြင့် အွန်လိုင်း မှတ်ပုံတင်မှုများကို လက်ခံသွားမှာဖြစ်ပါတယ်။ ဒီစနစ်နဲ့ အကျွမ်းတဝင်မရှိသူများအတွက် မြန်မာမူပိုင်ခွင့်ရုံးများမှာ လက်ခံကောင်တာများဖြင့် ကူညီလက်ခံဆောင်ရွက်ပေးနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လက်တွေ့အကောင်အထည်ဖော်မှုမှာ မူပိုင်ခွင့်နဲ့ ပတ်သက်တဲ့ အဓိုးရမဟုတ်သော အသင်းအဖွဲ့များရဲ့အကူအညီကို လည်းလိုအပ်မှာဖြစ်ပြီး ယင်းအသင်းအဖွဲ့များအနေနဲ့ မူပိုင်ခွင့်ဥပဒေများ ပြည်သူများအတွင်း သိရှိပို့နှံ့ရေး၊ မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူကိုယ်စားလှယ်များ မွေးထုတ်ပေးရေးကို ကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

မြန်မာမူပိုင်ခွင့် ဥပဒေများဟာ မြန်မာနိုင်ငံမှာ မူပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ်ပေးရန်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန်၊ မူပိုင်ခွင့်များ အလွဲသုံးစားလုပ်မှုများ ကာကွယ်ရန်၊ မျှတတဲ့စျေးကွက် ယှဉ်ပြိုင်မှုစနစ်ကို ထူထောင်ရန်၊ တီထွင်ဖန်တီးမှုများကို အားပေးရန်၊ အများပြည်သူများအတွက် ကုန်ပစ္စည်းအတုအယများ ကင်းဝေးပြီး ဘေးကင်းလုံခြုံမှုကိုဖြစ်ပေါ် စေရန်၊မြန်မာနိုင်ငံရဲ့ ထူးခြားသောဒေသထွက်ကုန်များကို အကာအကွယ်ပေးခြင်းဖြင့် ဒေသထွက်ကုန်များရဲ့ အရည်အသွေးနဲ့နိုင်ငံတကာစျေးကွက်သို့ ဝင်ရောက်နိုင်မှုကိုမြှင့်တင်ရန်၊ တီထွင်ဖန်တီးမှုများကို အားပေးနိုင်ရန် ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ဒီဥပဒေများဟာ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား အပါအဝင် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနဲ့ပြည်ပနိုင်ငံများမှာရှိတဲ့ ကုမ္ပဏီများရဲ့ မူပိုင်ခွင့် အခွင့်အရေးများ၊ ကုန်အမှတ်တံဆိပ်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်တော့မှာဖြစ်ပါတယ်။

ဗဟိုထိန်းချုပ်မှုစနစ်ကနေ စျေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းက

စာမျက်နှာ ၁၇ သို့

ဒီဥပဒေများဟာ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား အပါအဝင် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနဲ့ ပြည်ပနိုင်ငံများမှာရှိတဲ့ ကုမ္ပဏီများရဲ့ မူပိုင်ခွင့် အခွင့်အရေးများ၊ ကုန်အမှတ်တံဆိပ်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ယခုတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၉၂၈၄၉၁ တန်ဖိုးရှိ ဒီဇယ် ၇၈၁၂၅ ဒသမ ၉၂ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၃၄၉၀၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၁၃၉ ဒသမ ၈၄ တန်၊ စုစုပေါင်း ဓာတ်ဆီ၊ ဒီဇယ် ၉၈၂၆၅ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်း မှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ် ၃၄၃၆၆ ဒသမ ၉၉ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုသီတင်းပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၃၇၅၈ ဒသမ ၉၃ တန် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီ ၃၈၆၂၉ ဒသမ ၆၀ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် ဓာတ်ဆီတင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၈၄၈၉ ဒသမ ၇၆ တန် တင်သွင်းမှုလျော့နည်းခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ဓာတ်ဆီအဝင်လျော့ခဲ့ပြီး ဒီဇယ်အဝင်ပို့ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၀၆၆၃၀တန်ဖိုးရှိ ဒီဇယ် ၂၂၄၀ ဒသမ ၅၂ တန် နှင့် အမေရိကန်ဒေါ်လာ၃၄၂၂၄၃၇ တန်ဖိုးရှိ ဓာတ်ဆီ ၅၃၅၃၈ ဒသမ ၅၄ တန် တင်သွင်းခဲ့သည်။ **သီတာဝင်း(DOT)**

တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသောကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊သာရ ဝေါ၊ ညောင်ရှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်းသိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိသာ) ကျပ် ၁၄၀၀ မှ ၁၈၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၂၅၀မှ ၅၀၀အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ အာလူး (ပိသာ)ကျပ် ၁၀၀၀၊ မုန်လာဥနီ (ပိသာ) ကျပ် ၁၈၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၉၀၀ မှ ၁၂၀၀ အတွင်း၊ မုန်ညှင်း (ထုပ်)ကျပ် ၁၅၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိသာ) ကျပ် ၁၄၀၀၊ ကြက်သွန်ဖြူ (ရှမ်း) (ပိသာ) ကျပ် ၂၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိသာ) ကျပ် ၃၀၀၀၊ ချင်း(ပိသာ)ကျပ် ၃၀၀၀၊ ဆလတ်ရွက်(စီး)ကျပ်၁၀၀မှ ၂၀၀အတွင်း၊ ရုံးပတီသီး(တောင့်)ကျပ် ၁၀ မှ ၁၅ အတွင်း၊ ကန်စွန်းရွက် (တရုတ်) (စီး) ကျပ် ၁၅၀မှ ၂၀၀အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၅၀ မှ ၇၀အတွင်း၊ ခရမ်းသီး(ရှည်) (လုံး) ကျပ် ၁၀၀ မှ ၁၂၀အတွင်း၊ သံပရာသီး(လုံး)ကျပ် ၃၀ မှ ၆၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၁၀၀မှ ၁၆၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိသာ) ကျပ် ၁၆၀၀ မှ ၂၈၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၂၀၀၀ မှ ၃၅၀၀ အတွင်း၊ ဖရဲသီး(လုံး) (ကြီး/လတ်/သေး)ပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။ ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ပန်းဂေါ်ဖီ၊ ကြက်သွန်နီ(ဆိပ်ဖြူ)၊ ငရုပ်သီးစိမ်း(ကျောက်စိမ်း)နှင့်ဖရဲသီးတို့မှာ ဈေးတက်နေခဲ့ကြောင်း သိရသည်။

တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၃၅၀၀၀ ကျော်၊ ခရမ်းသီး(ရှည်)(လုံး) ၅၅၂၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၂၇၅၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၂၉၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၆၇၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၄၈၀၀၀ကျော် နှင့် မုန်ညှင်း(ထုပ်)ပေါင်း ၁၉၀၀၀ ကျော်၊ ဖရဲသီးအဝင်စုစုပေါင်း ၁၆၅၀၀၀ ကျော် ကုန်အဝင်ရှိကြောင်း သိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

Energy NYMEX 25-10-2019

	Price	Change	Change %
WTI Crude Future (USD/bbl.)	55.90	-0.33	-0.59
Brent Crude Futr (USD/bbl)	61.31	-0.36	-0.58
Gasoline Rbob Fut (Cent/gal)	165.61	-0.71	-0.43
Natural Gas Futr (USD/MMBtu)	2.33	0.01	0.47
Heating Oil Futr (Cent/gal)	197.88	-0.75	-0.38

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
21-October	17.66	2464.95	1723.53	5780.21	892.00
22-October	17.54	2494.71	1723.97	5785.28	886.00
23-October	17.52	2503.08	1719.12	5770.95	890.00
24-October	17.53	2513.22	1718.02	5823.63	921.00
25-October	18.01	2530.85	1707.44	5834.21	927.00

ဈေးငြိမ်ပြီး အရောင်းအဝယ်နည်းပါးခဲ့သည့် ပြည်တွင်းငွေလဲဈေးကွက်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးငြိမ်နေခဲ့သလို အရောင်းအဝယ်နည်းပါးခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကိုယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၃ကျပ်သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများပြီး ဝယ်လိုအားနည်းခဲ့သောကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း ပြည်တွင်းစီးပွားရေးလောကၭ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်စေရေးငွေလဲနှုန်းတည်ငြိမ်ရန် လိုအပ်ကြောင်း၊ ထို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း ကမ္ဘာ့စီးပွားရေးနှေးကွေးမှုနှင့်ကုန်သွယ်ရေးစစ်ပွဲတို့ကြောင့် စိုးရိမ်မှုများရှိနေရာ စီးပွားရေးနှေးကွေးနေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် အောက်တိုဘာ ၂၁ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၂ကျပ်၊ ဝယ်ဈေး ၁၅၂၈ကျပ်မှ အောက်တိုဘာ ၂၃ ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၃ကျပ်၊ဝယ်ဈေး၁၅၂၉ကျပ်သို့ ရောက်ရှိလာခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၃ကျပ်၊ဝယ်ဈေး၁၅၂၉ကျပ်သို့ ရောက်ရှိလာခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၂ကျပ်၊ဝယ်ဈေး ၁၅၂၈ကျပ် ဖြင့် ဈေးပိတ်ခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကွာဟချက်မရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

ပြည်တွင်းရွှေဈေး ကျဆင်းခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးသည် ယခုရက်သတ္တပတ်အတွင်း ကျဆင်းခဲ့ပြီးအရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်က ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၂၀၀၀ ဈေးရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ ရွှေကအရောင်းအဝယ်ပါးပြီး ဈေးအတက်အကျနည်းတယ်။ ပြည်တွင်းရွှေက ခုဆိုပြန်ကျခိုန်ဖြစ်လာတော့ ပြန်ကျလာတဲ့သဘောမျိုးပါ။ဈေးကွက်ကတော့ အေးနေဦးမယ်လို့ထင်တယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဒီတစ်ပတ် နှောင်းပိုင်းမှာပြန်တက်လာတယ်။ အဓိကကတော့ ရေနံဈေးပြန်ကျလာပြီး ရွှေကပြန်မာလာတဲ့ပုံစံမျိုးပါ။ဒီတစ်ပတ် ဈေးကွက်ပိတ်ခိုန်မှာ ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ၁၅၀၀အထက်ကို ပြန်ရောက်လာတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၂၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၉၀၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၂၄ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၀၀ ဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာ ၂၅ရက်တွင် ကျပ် ၁၂၂၁၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ကမ္ဘာ့ရွှေဈေးကွက်၌ အောက်တိုဘာ ၂၁ရက်က ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၉၀ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ ၂၃ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၉၃ဒေါ်လာသို့ မြင့်တက်ခဲ့သလို အောက်တိုဘာ ၂၅ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၅ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ **သန်းထိုက်အောင်**

Journey to your assets building ဟောပြောပွဲပြုလုပ်မည်

Myanmar Securities Exchange Centre Co.,Ltd. က စီစဉ်ကျင်းပသော Journey to your assets building ဟောပြောပွဲကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ Yangon Stock Exchange ၌ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ဟောပြောပွဲတွင် မိမိပိုင်ဆိုင်မှုများ တိုးပွားအောင် ဆောင်ရွက်ရမည့် assets analysis နည်းလမ်းများ၊ ဂျပန်နိုင်ငံ စတော့ရှယ်ယာဈေးကွက်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ လက်ရှိရန်ကုန်စတော့ အိတ်ချိန်းဈေးကွက်၌ အရောင်းအဝယ်ပြုလုပ်နေသော သီလဝါကုမ္ပဏီနှင့်ပတ်သက်၍ ဆွေးနွေးခြင်းနှင့် MSEC Mobile Trading Application အသုံးပြုပုံအဆင့်ဆင့်ကို Demon Account ဖြင့် တင်ပြခြင်းတို့ကို ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆွေးနွေးပွဲသို့ တက်ရောက်ရန် စာရင်းပေးသွင်းတက်ရောက်သူများအတွက်လည်း Lucky Draw အစီအစဉ်ကို ပြုလုပ်ထားကြောင်း၊Securities Accountဖွင့်လှစ်လိုသူများအနေဖြင့် ဆွေးနွေးပွဲအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ရန် စာရင်းပေးသွင်းလိုပါက အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ ဖုန်း-၀၁-၃၇၆ ၈၂၂ လိုင်း၃၌-၀ (သို့မဟုတ်) https://www.msecmyanmar.com တို့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

Currency Exchange Rate

October 25, 2019
Base Currency is
United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.46
BDT	Bangladesh Taka	84.69
CAD	Canada Dollars	1.31
CNY	China Yuan Renminbi	7.07
EUR	Euro	0.89
H KD	Hong Kong Dollars	7.84
I NR	India Rupees	70.92
I DR	Indonesia Rupiahs	14045.72
JPY	Japan Yen	108.68
MYR	Malaysia	4.18
PKR	Pakistan Rupees	156.37
PHP	Philippines Pesos	51.23
RUB	Russia Rubles	63.97
SGD	Singapore Dollars	1.36
KRW	South Korea Won	1172.77
LKR	Sri Lanka Rupe	181.31
THB	Thailand Baht	30.18
GBP	United Kingdom Pounds	0.78
VND	VietnamDon	23125.13

Source:xe.com

World Gold Price

October- 2019 (USD/OZ)

Date	NY	London	Zurich
21	1498	1497	1497
22	1488	1487	1487
23	1488	1489	1489
24	1493	1490	1490
25	1508	1507	1505

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
21-10- 2019	1221.00	1220.40
22-10- 2019	1216.50	1216.00
23-10- 2019	1219.00	1218.50
24-10- 2019	1218.50	1218.00
25-10- 2019	1221.00	1221.00

နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၉ (1US$)

ရက်	တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တာကာ)	အိန္ဒိယ (ရူပီး)
21	7.07	30.42	84.70	71.23
22	7.08	30.43	84.74	71.98
23	7.09	30.42	84.71	71.53
24	7.09	30.36	84.71	71.43
25	7.08	30.27	84.68	71.21

ဘိလပ်မြေ

ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၂၀၀ကျော်ဝင်

အောက်တိုဘာ ၁၃ ရက် မှ ၁၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၁၁ တန် ဖိုးရှိ ဘိလပ်မြေ ၂၁၀ ဒသမ ၇၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၇ ဒသမ ၁၀ တန်၊ မလေးရှားနိုင်ငံမှ ၁၂၈ ဒသမ ၆၄ တန်နှင့် ထိုင်းနိုင်ငံမှ ၇၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ယခင်သီတင်းပတ်က ဘိလပ်မြေ ၁၅၆ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၅၄ ဒသမ ၇၄ တန် တင်သွင်းမှု ပိုခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၃၅၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၈၆၁၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၅၂၆၀ ကျော် အဝင်လျော့ခဲ့သည်။

ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

မန္တလေးဘိလပ်မြေဈေးကွက် ၌ အရောင်းအဝယ်ကောင်းကြောင်း သိရသည်။ အရောင်းအဝယ်ကောင်းသော်လည်း ဈေးငြိမ်နေသည်။ ဈေးကွက်ထဲအသုံးလုံးနှင့် ခရောင်း(၅၂၅)က အရောင်းပိုသွက်သည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အသုံးလုံးကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊အယ်လ်ဖာကျပ်၅၁၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးဘိလပ်မြေဈေးကွက်၌ ပွင့်လင်းရာသီရောက်လာသောကြောင့် အရောင်း အဝယ်ပုံမှန်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် အပါခြိုနှင့် ကြံ့က ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါခြိုကျပ် ၅၂၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရှိရသည်။

မော်လမြိုင်ဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ဆင်မြန်မာက ဈေးအနည်းငယ်ကျပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင်(စိမ်း)ကျပ် ၆၂၀၀၊ဆင်မြန်မာ ကျပ် ၅၉၅၀၊ ကြံ့တစ်ကောင်(မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၆၅၀၊ ကြံ့နှစ်ကောင် (ပြာ)ကျပ် ၅၄၅၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

တောင်ကြီးဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါခြိ ကျပ် ၄၉၀၀၊ ကမ္ဘောဇ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေဩဇာ

မြေဩဇာတန်ချိန် ၂၀၀၀၀နီးပါးဝင်

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၇၇၀၃၈ တန်ဖိုးရှိ မြေဩဇာ ၁၉၁၀၅ ဒသမ ၀၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၄၈၁ ဒသမ ၈၆ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၈၀ တန်၊ ဂျပန်နိုင်ငံမှ ၇၇ ဒသမ ၂၂ တန်၊ ကိုရီးယားနိုင်ငံမှ ၇၂၆ ဒသမ ၁၂ တန်၊ မလေးရှားနိုင်ငံမှ ၁၂၅၇၇ ဒသမ ၉၁ တန်၊ ကာတာနိုင်ငံ မှ တန်ချိန် ၁၈၀၀၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၅၇၁ ဒသမ ၉၀ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၆၂၀နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ကာတာနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့ကာ မလေးရှားနိုင်ငံမှ တတိယအများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း (၁၅၁၅၁၅)၊ အော်ဂဲနစ်၊ ယူရီးယား(၄၆%)၊ ကွန်ပေါင်း(၁၆းစး၈)နှင့် ကွန်ပေါင်း (အသီးအားဆေး)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၆၃၃၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၂၇၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

မော်လမြိုင် မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၉၀၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၈၀၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၀၂၀ကျော် အဝင်ပိုခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊ မန္တလေးနှင့် တောင်ကြီးတို့တွင် အရောင်းအေးပြီး မကွေး၌အရောင်းပုံမှန်ရှိကြောင်းသိရသည်။

မော်လမြိုင်ဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိသည်။ ယခုတစ်ပတ် ပုလဲ-အကြီး(ထိုင်း)မြင်းပျံက ကျပ် ၂၅၀၀၊ တီစူပါ၄၆%(သံကွင်း) (တရုတ်)က ကျပ် ၅၀၀၊ ပိုတက်က ကျပ် ၂၅၀၀ဈေးမြင့်ပြီး ပုလဲ-အသေး(ရွှေတောင်)က ကျပ်၁၀၀၀၊ ပိုတက် (အာမို)ကကျပ် ၁၅၀၀၊ ကွန်ပေါင်း(၁၅း၁၅း၁၅)က ကျပ် ၂၀၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၃၁၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ကွန်ပေါင်း (အစိမ်း)(၁၅း၁၅း၁၅)(ထိုင်း)ကျပ် ၄၅၀၀၀၊ မြန်မာ့ညြာဘာ(ရွှေကောမတ်) ကျပ် ၃၉၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၅၀၀၊ ပိုတက် (အာမို)ကျပ် ၃၂၀၀၀၊ တီစူပါ (၁၂း၁၃)(မြားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက်(အာမို)ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း(၄၆%)(စံပြ)ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မန္တလေးဈေးကွက်၌ အရောင်းအဝယ်ပါးကြောင်းသိရသည်။ ဈေးကွက်ထဲယူရီးယား(ပန်းဖူး)က ပြန်လည်ဝင်ရောက်လာကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ယူရီးယား(ရွှေတောင်)က ကျပ် ၁၀၀၊ အာမို(၁၀း၁၀း၅)နှင့် အာမို(၁၅း၁၅း၁၅)က ကျပ် ၅၀၀ဈေးကျပြီး ပိုတက်က ကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၇၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ တီစူပါ(၄၆%-တရုတ်)ကျပ် ၂၃ ၂၀၀၊ မြားသီးစုံကျပ် ၁၈၄၀၀၊ ပန်းသီးစုံကျပ် ၁၈၁၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅ ကျပ် ၃၉၅၀၀၊ ပိုတက်ကျပ် ၂၈၀၀၀၊ မြားကမ္ဘာ ကျပ် ၁၈၄၀၀၊ မြား(၁၅းဂုး၈) က ကျပ် ၂၂၇၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နှံဆီ/နှံမှုန့်

ယခုတစ်ပတ် နှံမှုန့်တစ်မျိုးတည်းသာတင်သွင်း

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အတွင်း အမေရိကန်ဒေါ်လာ ၇၆၄၃၀၅ တန်ဖိုးရှိ နှံမှုန့် ၃၁၉ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ယူအက်စ်အေမှ ၉၉ ဒသမ ၆၀တန်၊ နယူးဇီလန် နိုင်ငံမှ ၁၇၄ ဒသမ ၂ တန်နှင့် ပိုလန်နိုင်ငံမှ ၄၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နှံမှုန့်၁၀၁ တန်ကျော်သာတင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၁၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့သည်။ ယခုတစ်ပတ် နှံဆီတင်သွင်းမှုမရှိခဲ့ဘဲ နှံမှုန့်တစ်မျိုးတည်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။

တောင်ကြီးဈေးကွက်၌အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး)က ကျပ် ၁၀၀၊ ဓာတ်ဆားက ကျပ် ၅၀၀၊ မြားကမ္ဘာက ကျပ် ၈၀၀ ဈေးမြင့်ပြီး တီစူပါ ၂၀%က ကျပ် ၈၀၀၊ တီစူပါ (၁၅း၁၅း၁၅)နှင့် ပိုတက်က ကျပ် ၅၀၀၊တီစူပါ(၁၀း၁၀း၅)က ကျပ်၃၀၀ ဈေးလျော့ခဲ့ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၈၀၀၊ တီစူပါ၂၀% (တရုတ် ကျပ်၁၅၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၂၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၇၀၀၀၊ မြားကမ္ဘာကျပ် ၁၉၅၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၀၀၀၊ ရွက်ဖျန်း ကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ်၃၀၀၀၊ ဆိုက်ပါကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၀ မှ ၁၈/၁၀	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၀ မှ ၁၁/၁၀	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၅၂၊၀၀	၆၇၊၅၅	(-)	၁၄၊၇၅
၂။	လွယ်ဂျယ်	-	-		-
၃။	ချင်းရွှေဟော်	-	-		-
၄။	ကန်ပိုက်တီး	-	၁၅၀၊၀၀	(-)	၁၅၀၊၀၀
၅။	တာချီလိတ်	၁၀၀၀၊၀၀	၆၀၀၀၊၀၀	(-)	၅၀၀၀၊၀၀
၆။	မြဝတီ	-	-		-
၇။	ကောဇောင်း	-	-		-
၈။	မြိတ်	၂၃၀၀၊၀၀	၂၄၀၀၊၀၀	(-)	၁၀၀၊၀၀
	စုစုပေါင်း	၃၃၅၂၊၀၀	၈၆၁၇၊၅၅	(-)	၅၂၆၄၊၇၅

မော်မော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၀ မှ ၁၈/၁၀	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၀ မှ ၁၁/၁၀	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၁၆၇၇၊၂၁	၈၆၀၊၅၀	(+)	၈၁၆၊၇၁
၂။	လွယ်ဂျယ်	၄၇၀၊၅၀	၁၅၄၊၅၀	(+)	၃၁၆၊၀၀
၃။	ချင်းရွှေဟော်	၄၈၈၉၊၂၀	၅၉၉၁၊၁၅	(-)	၁၁၀၁၊၉၅
၄။	ကန်ပိုက်တီ	၉၉၄၊၀၀	၁၀၃၉၊၀၀	(-)	၄၅၊၀၀
၅။	မြဝတီ	၈၉၀၊၁၆	-	(+)	၈၉၀၊၁၆
၆။	ကောဇောင်း	-	-		-
၇။	မြိတ်	၁၅၀၊၀၀	-	(+)	၁၅၀၊၀၀
၈။	ရိုင်္ဒ	-	-		-
၉။	တမူး	-	-		-
	စုစုပေါင်း	၉၀၇၁၊၀၇	၈၀၄၅၊၁၅	(+)	၁၀၂၅၊၉၂

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

ဧရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရောဝတီခန်းမ၌ အောက်တိုဘာ ၁၈ရက်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာရခြင်းအကြောင်း၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့်ဥပဒေအရ စားသုံးသူအကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်က စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ပေးနေခြင်းကို တိုင်ကြားမှုများ ဥပမာပေး၍ ရှင်းလင်းဆွေးနွေးခြင်း၊ နစ်နာမှုများရှိလာပါက တိုင်ကြားမှုကိုဖြေရှင်းပေးခြင်း၊ စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများထိခိုက်နစ်နာမှုမရှိစေရေးတို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိအရာရှိ/အရာခံ၊ အကြပ်၊ တပ်သားများနှင့် တပ်မိသားစုဝင်များ စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြပြီး စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များ၊ စားသုံးသူဥပဒေဆိုင်ရာ စာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

မင်းမင်းဦး(ပုသိမ်)

မွန်ပြည်နယ်၏ ရော်ဘာစျေးနှုန်းစျေးကွက်

မွန်ပြည်နယ်အတွင်း အောက်တိုဘာ ၈ ရက် ရော်ဘာရောင်းဝယ်မှုစျေးနှုန်းမှာ အစေးရည်ဝယ်ယူခြင်း (%DRC; Dry rubber content) RSS-3 အဆင့် ရော်ဘာပါဝင်မှု ၁၀၀% အစေးရည် ပေါက်စျေးမှာ တစ်ပိဿာ ၂၇၃၆ ကျပ် စျေးနှုန်းဖြစ်ပေါ်နေသည့်အတွက် တစ်ပေါင်လျှင် ၇၆၀ ကျပ်နှင့် RSS-3 မှိုင်းခံပြား တစ်ပေါင်စျေးနှုန်းမှာ ၇၄၅ ကျပ်၊ အရည်အသွေးကောင်း ဖိနပ်လိုင်း ရော်ဘာတစ်ပေါင်စျေးနှုန်းမှာ ကျပ် ၁၀၀ဖြစ်ကြောင်း သိရှိရသည်။

အောက်တိုဘာ ၂၂ ရက်တွင် RSS-3 အဆင့် ရော်ဘာပါဝင်မှု ၁၀၀% အစေးရည်ပေါက်စျေးမှာ တစ်ပေါင် ကျပ် ၇၈၀၊ RSS-3 မှိုင်းခံပြားစျေးနှုန်းမှာ တစ်ပေါင်ကျပ် ၇၅၀ နှင့် အရည်အသွေးကောင်း ဖိနပ်လိုင်း ရော်ဘာစျေးနှုန်းပေါက်စျေးမှာ ကျပ် ၁၀၅၀ ဖြစ်သည့်အတွက် ယခင်ပတ်စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက RSS-3 အဆင့် အစေးရည်ဝယ်ယူမှုတွင် ၂၀ ကျပ်၊ RSS-3 မှိုင်းခံပြား ဝယ်ယူမှုတွင် ငါးကျပ်ခန့်နှင့် ဖိနပ်လိုင်းဝယ်ယူမှုတွင် ၅၀ ကျပ်ခန့် စျေးအနည်းငယ်တက်လာကြောင်း ရော်ဘာစျေးကွက်မှ သိရှိရသည်။

ဝင်းမြတ်-ရာမညကုန်သွယ်မှုဗဟိုဌာန

ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးဆေးဆိုင်များသို့ စျေးကွက်စောင့်ကြည့်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပေါင်းတည်မြို့နယ်ရှိ စိုက်ပျိုးရေးဆေးဆိုင် ၁၁ ဆိုင်နှင့်ရွှေတောင်မြို့နယ်ရှိ စိုက်ပျိုးရေးဆေးဆိုင်ကိုးဆိုင်တို့သို့ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူဦးဌာနတို့ပူးပေါင်း၍ စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး များရောင်းချရာတွင် တားမြစ်ထားသောစိုက်ပျိုးရေးမြေဩဇာနှင့်ပိုးသတ်ဆေးများ ရောင်းချမှုမရှိစေရေး မှတ်ပုံတင်ထားသော မြေဩဇာပိုးသတ်ဆေးများသာ ရောင်းချမှုရှိစေရေး၊ရောင်းချခွင့်လိုင်စင်ရရှိမည်ဖြစ်ပြီး လိုင်စင်သက်တမ်း ခြောက်လထက်ကျော်လွန်ပါက ရောင်းချခွင့်လိုင်စင်ပိတ်သိမ်းရန် လိုအပ်မှာဖြစ်သည့်အတွက် မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေများဆိုင်ရာ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များဖြစ်သည့် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်၊ အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်းသုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး(သို့) ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက်စသည့် အချက်များဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါ စားသုံးသူကာကွယ်ရေးဥပဒေ၏အခန်း(၁၈)ပါကုန်ညွှန်းအမှတ်အသား ဖော်ပြချက်ပါ ပြဋ္ဌာန်းချက်များသည် ၂၀၂၀ မတ်လ ၁၅ ရက်တွင် စတင်အာဏာတည်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး ရောင်းချသည့်ဆိုင်များအနေဖြင့် အထူးအလေးထားလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဝင်းလဲ့ဝါ(ပြည်)

တောင်ကြီး အေးသာယာမြို့ရှိ မုန့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းတိုးဦးဆောင်သောဝန်ထမ်းများသည် အောက်တိုဘာ ၁၈ရက်တွင် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိပေါင်မုန့်/ကိတ်မုန့်လုပ်ငန်းနှစ်ခု၊ အကြော်လုပ်ငန်းလေးခုနှင့်ဆီစက်လုပ်ငန်းတစ်ခုတို့အား စျေးကွက်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ထုတ်ကုန်များ၌ သက်ဆိုင်ရာ လိုင်စင်များမရှိခြင်း၊ ကုန်ညွှန်းအမှတ်အသားများပြည့်စုံစွာမပါရှိခြင်း၊ သက်တမ်းများပါဝင်မှုမရှိခြင်းများကို စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် သက်ဆိုင်ရာလိုင်စင်များ ဆောင်ရွက်ရန်၊ ကုန်ညွှန်းအမှတ်အသားများကို မြန်မာဘာသာဖြင့် ပြည့်စုံစွာဖော်ပြပေးရန်၊ သက်တမ်းများထည့်သွင်းပေးရန် အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့အပြင် စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် သိကောင်းစရာများပါရှိသော အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ထုတ်လုပ်သူလုပ်ငန်းရှင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

ထူးအိန္ဒြာ(တောင်ကြီး)

ပြည်တွင်းဆီစျေးနှုန်းများ (၂၅-၁၀-၂၀၁၉) ကျပ်/ပိဿာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၈၀၀၀	၈၀၀၀	□	၇၅၀၀	၇၅၀၀	□	၁၈၀၀	၁၈၀၀	□
ရန်ကုန်	၇၀၀၀	၈၅၀၀	△	၈၅၀၀	၈၅၀၀	□	၁၇၀၀	၁၇၀၀	□
မန္တလေး	၇၀၀၀	၆၈၀၀	▽	၇၀၀၀	၇၀၀၀	□	၁၈၀၀	၁၈၀၀	□
ပဲခူး	၆၈၀၀	၆၈၀၀	□	၆၈၀၀	၆၈၀၀	□	၁၈၀၀	၁၈၀၀	□
မကွေး	၇၀၀၀	၆၅၀၀	▽	၇၅၀၀	၇၅၀၀	□	၁၇၀၀	၁၇၀၀	□
မုံရွာ	၇၀၀၀	၆၈၀၀	▽	၅၅၀၀	၅၅၀၀	□	၁၇၀၀	၁၇၀၀	□
စစ်တွေ	၇၀၀၀	၇၀၀၀	□	၅၅၀၀	၅၅၀၀	□	၂၂၀၀	၂၂၀၀	□

မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၅-၁၀-၂၀၁၉ US$/Ton

အမျိုးအစား	အောက်တိုဘာ၇တိယပတ်	အောက်တိုဘာတတိယပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	၅၁၀.၀၀	-	-
RBD P.Olein	၅၂၃.၅၀	၅၂၅.၀၀	△
RBD P.Stearin	၅၀၉.၅၀	၅၂၃.၀၀	△

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၅-၁၀-၂၀၁၉) ရက်

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိဿာကုန်ကျစရိတ် (ကျပ်)
	Cloud Point 8°CMax	
CIF စျေး	(CIFx USD)/ 612	၁၄၇၀.၀၆
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၀
L/C ဈေးကြေး	(CIF x 0.25% x USD)/612	၃.၇၀
Bill ဈေးကြေး	(CIF x 0.50% x USD)/612	၇.၃၉
စားအုန်းဆီအလျော့	0.5% x လက်ကားစျေး	၇.၉၀
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၈၄.၉၇
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၀
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၃၃.၀၄
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၇ .၅၂
ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး		၁၆၂၉.၉၆၂

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၂၅-၁၀-၂၀၁၉ နေ့ (CIF စျေး Cloud Point 8 °C Max 590 ဒေါ်လာနှင့် USD စျေး ၁၅၃၄ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၅-၁၀-၂၀၁၉ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၅၃၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုည‌ရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

သာယာလှပသည့် ချင်းတောင်တန်းဆီသို့ အလည်တစ်ခေါက် ဖိတ်ခေါ်ချင်တယ်

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ၁၆၄၃ ကီလိုမီတာ နယ်နိမိတ်ထိစပ်လျက်ရှိပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိပြည်နယ် ခုနစ်ခုအနက် ပြည်နယ် လေးခုဖြစ်သော အနုရာချာဒတ်ပြည်နယ်နှင့် ၅၂၀ ကီလိုမီတာ၊ မဏိပူရပြည်နယ်နှင့် ၃၉၈ ကီလိုမီတာ၊ မီဇိုရမ်းပြည်နယ်နှင့် ၅၁၀ ကီလိုမီတာ၊ နာဂလင်းပြည်နယ်နှင့် ၂၁၅ ကီလိုမီတာ အသီးသီး နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။

ရိုဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းအနေဖြင့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဟိုင်မွာလ်ရွာသစ်တွင် တည်ဆောက်ထားပြီး မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၁၀ မိနစ် နှင့် ၂၃ ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်တ္တိတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ်နှင့် ၉၃ ဒီဂရီ ၃၂ မိနစ် ကြားတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၉၆၆ပေ တွင်တည်ရှိပြီး ရိုဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းသည် ဖလမ်းမြို့နယ်၊ ရိုဒ်မြို့နှင့် နှစ်မိုင်ခွဲခန့်ကွာဝေးပါတယ်။

ရိုဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှစ၍ ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပြီး တစ်ဖက် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပြုလုပ်လျက်ရှိပါတယ်။ ၂၀၀၃ ခုနှစ်မှစပြီး ယနေ့အချိန်ကာလအတွင်း မိမိဘက်ပို့ကုန်အနေဖြင့် ကွမ်းသီး၊ စောင်၊ ပလတ်စတစ်အိတ်၊ ဝက်အရှင်၊ အချိုရည်၊ တီရှပ်၊ ဖိနပ်၊ ငရုတ်ကောင်း၊ ချင်း၊ ဆေးရွက်ကြီးဖြတ်စ၊ စားတော်ပဲ၊ ထောပတ်သီး (ပျိုးပင်)၊ လိမ္မော်သီး(ပျိုးပင်)၊ နွယ်ချို၊ ဆပ်ပြာမှုန့်၊ ခြင်ဆေးခွေ၊ ငါးသေတ္တာ၊ နှမ်း၊ ဆန်တို့တင်ပို့နိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံမှ သွင်းကုန်အနေဖြင့် ဓာတ်မြေဩဇာ၊ ဆံပင်၊ တောင်လုံးကျော်၊ နိုင်လွန်ချည်တို့ တင်သွင်းမှုရှိခဲ့ပါတယ်။

ဘဏ္ဍာနှစ်အလိုက် အမှန်ဆောင်ရွက်နိုင်မှု စာရင်းများကို ကြည့်ခြင်းအားဖြင့် ရိုဒ်ခေါဒါရ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှု ရှိလာကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ရိုဒ်ခေါဒါရ်ကို အဓိပ္ပာယ်ဖွင့်ဆိုလျှင် ရိုဒ်-ကန် အမည်၊ ခေါ-ရွာ၊ ဒါရ်-ကြေးစည်၊ ကြေးစည်ပုံသဏ္ဌာန်တောင်ကုန်းရှိ ရိုဒ် ကန်ရွာဟု အဓိပ္ပာယ်ရပါတယ်။ ရိုဒ်မြို့၏ အရှေ့ဘက်တွင် တီးတိန်မြို့နယ်၊ အနောက်ဘက်တွင် မီဇိုရမ်းပြည်နယ်၊ တောင်ဘက်တွင် ဖလမ်းမြို့နယ်နှင့် မြောက်ဘက်တွင် တီးတိန်မြို့နယ်၊ အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်နှင့် ထိစပ်လျက်ရှိပြီး တောင်ကုန်း တောင်တန်းများ ပေါများကာ နက်ရှိုင်းသောမြစ်၊ ချောင်းများကွေ့ပတ်စီးဆင်းကာ မြေပြန့်လွင်ပြင် အလွန်နည်းပါးပြီး ဒေသတွင်းရှိ သီးဝါးချောင်းနှင့် သွီးထပ်ချောင်းများသည် အင်းဘုတ်တောင်တန်းမှ မြစ်ဖျားခံပြီး နယ်ခြားနယ်နိမိတ်ရှိ တီအိုချောင်းထဲသို့ စီးဝင်ကြပါတယ်။ နေထိုင်သည့် လူမျိုးတွေကတော့ ကရင်၊ ချင်း၊ ဗမာ လူမျိုးတို့နေထိုင်ကြပြီး သဘာဝပေါက်ပင်များအနေဖြင့် သစ်အယ်ပင်၊ ထီးလ်ပင်၊ ထင်းရှူးပင်၊ တောင်ဇလပ်ပင်၊ ဥဝါပင်၊ သပြေပင်၊ ချယ်ရီပင်နှင့် ဝါးပင် တို့ပေါက်ရောက်ပြီး တောရိုင်းတိရစ္ဆာန်များအနေဖြင့် ဆတ်၊ တောင်ဆိတ်၊ တောကြောင်၊ မျောက် စသည့် သတ္တဝါများလည်း ရှိပါတယ်။

ရိုဒ်မြို့အနီးတွင် သဘာဝအသဲပုံသဏ္ဌာန် ရေကန်ဟာ မြန်မာနိုင်ငံနှင့် အိန္ဒိယ နိုင်ငံနယ်စပ်တွင်ရှိနေပြီး ဘေးပတ်လည်တွင် တောင်တန်းများဖြင့်ကာရံထားကာ သဘာဝအလှတရားများ စုစည်းထားသလို အေးချမ်းသာယာလှပပြီး ခရီးသွား လာရောက်သူများအနေဖြင့် စိတ်နှလုံးရွှင်လန်း ကြည်နူးမိမှာဧကန်အမှန်ပါပဲ။ ချင်းတောင်တန်းရဲ့ သဘာဝအနေအထားဟာ အေးချမ်းသာယာပြီး လမ်းခရီးအနေဖြင့် တောင်တန်းတွေရဲ့ ခါးလယ်မှ လမ်းဖောက်ထားပြီး တစ်တောင်ဆင်း တစ်တောင်တက် မြွေလိမ်မြွေကောက် ကားလမ်းခရီးဖြင့် သဘာဝလေ့ချူရှိုက်ကာ ဒေသန္တရဟုသုတရှာဖွေရင်း၊ တောတောင် သဘာဝရှုခင်းအလှအပတွေနဲ့ ကျေးငှက်တိရစ္ဆာန်များရဲ့ သာယာနာပျော်ဖွယ်အသံကို ခံစားရင်း ရိုဒ်မြို့ရှိ အသဲပုံသဏ္ဌာန် ရေကန်ဆီသို့ လာရောက်လည်ပတ်ဖို့ဖိတ်ခေါ် ချင်ပါတယ်။

ရိုဒ်ခေါဒါရ်ရောက် ကိုချေ

မန္တလေးမြေပဲဆန်စျေးနှုန်း စျေးကွက်အခြေအနေ

မန္တလေး ကုန်စည်ဒိုင်တွင် ကျောက်ပန်းတောင်းနှင့် နွားထိုးကြီးဒေသတို့မှ မြေပဲသစ်များ ဝင်ရောက်လျက်ရှိပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသော မြေပဲဆန်တစ်ပိသာ စျေးနှုန်းများမှာ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၂၇၀၀ မှ ၂၈၀၀ မြေပဲလုံးဆန်နီကျပ် ၃၀၀၀ မှ ကျပ် ၃၃၅၀ မြေပဲလုံးဆန်နီ ရှမ်း ကျပ် ၃၀၀၀ မှကျပ် ၃၁၀၀ ကျပ် ယခင်တစ်ပတ်ကာလတူစျေးမှာ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၃၀၀၀ မှ ၃၀၅၀ ကျပ်၊ မြေပဲလုံးဆန်နီ ကျပ် ၃၀၀၀ မှ ၃၃၅၀၊ မြေပဲလုံးဆန်နီ ရှမ်း ကျပ် ၃၀၀၀ မှ ကျပ် ၃၁၀၀၊ ယခင်လကာလတူစျေးမှာ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၂၉၀၀ မှ၃၀၃၀၀၊ မြေပဲလုံးဆန်နီကျပ် ၃၇၀၀ မှ ၃၉၀၀၊ မြေပဲလုံးဆန်နီရှမ်း ကျပ် ၃၃၀၀ မှ ကျပ် ၃၄၀၀၊ ယခင်နှစ် ကာလတူစျေးမှာမြေပဲဆန်လုံးဆန်ဖြူ ကျပ် ၂၇၀၀ မှ ၂၈၀၀၊ မြေပဲလုံးဆန်နီ ကျပ် ၃၀၀၀ မှ ကျပ် ၃၇၀၀၊ မြေပဲလုံးဆန်နီရှမ်း ကျပ် ၃၀၀၀ မှ၃၁၀၀စျေးဖြစ်ခဲ့သည်။

ယခင်တစ်ပတ်စျေးထက် မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၂၅၀ မှ ၃၀၀၊ မြေပဲလုံးဆန်နီနှင့် မြေပဲလုံးဆန်နီရှမ်း စျေးငြိမ်နေ၍ ယခင်လကာလတူ ပေါက်စျေးနှင့်နှိုင်းယှဉ်လျှင် မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၂၀၀ မှ ၅၀၀၊ မြေပဲလုံးဆန်နီ ကျပ် ၅၅၀ မှ ၇၀၀၊ မြေပဲလုံးဆန်နီ ရှမ်း ကျပ် ၃၀၀ စျေးကျဆင်းလာပြီး ယခင်နှစ်ထက် မြေပဲဆန်လုံးဆန်ဖြူ စျေးငြိမ်နေပြီး မြေပဲလုံးဆန်နီကျပ် ၃၅၀၊ မြေပဲလုံးဆန်နီရှမ်းစျေးငြိမ်နေသည်။

မန္တလေးကုန်စည်ဒိုင်စျေးကွက်သို့ မြေပဲဆီဆန် (အသစ်)များလည်း ဝင်ရောက်လျက်ရှိရာ ယခင်လထက် စျေးနှုန်းကျဆင်းလာကြောင်းသိရသည်။

မြေပဲ(ဆီဆန်) စျေးလည်း ယခင်လထက် တစ်ပိသာ ကျပ် ၁၅၀၀ စျေးကျဆင်းလာခဲ့ပြီး ယခင်လမြေပဲဆီ တစ်ပိသာလျှင် ကျပ် ၇၅၀၀ မှ ၈၀၀၀ ဖြစ်ခဲ့ရာမှ ယခုလတွင် ကျပ် ၆၀၀၀ မှ ၆၅၀၀ စျေးကျဆင်းလာခဲ့ကြောင်း သိရသည်။

မြင့်မြင့်လှိုင်

ကြက်သွန်နီစျေးကောင်း၍ တောင်သူများအကျိုးအမြတ်ရ

အိမ်ရှင်မများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော စားဖိုဆောင်သီးနှံကြက်သွန်နီမှာ စျေးကောင်းရလျက်ရှိပြီး ပြည်တွင်းဝယ်လိုအားမှာ ပုံမှန်ဖြစ်လျက်ရှိသည်။ မုံရွာမှ အထက်ချင်းတွင်းတစ်ကြောဖြစ်သည့် ကနီ၊ ဟုမ္မလင်း၊ ခန္ဓီး၊ မော်လိုက်နှင့် ဖောင်းပြင်မြို့များသို့ ရောင်းချလျက်ရှိကာ မန္တလေးနှင့် ရန်ကုန်(ဘုရင့်နောင်) သို့လည်း တင်ပို့ရောင်းချနေကြောင်း၊ ဒေသတွင်းဝယ်လိုအားမှာလည်း ပုံမှန်ရှိနေကြောင်း၊ စျေးနှုန်းမှာ လက်လီစျေး တစ်ပိသာကျပ် ၁၃၀၀ မှလက်ကားစျေး တစ်ပိသာကျပ် ၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင်ပြည်တွင်းမိုးစေ့များ ပိုလျှံလျက်ရှိသဖြင့် ပြည်ပမှ မိုးစေ့ဝယ်ယူရခြင်း မရှိကြောင်း မုံရွာမြို့ရှိ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦး၏

ပြောကြားချက်အရ သိရသည်။

ပြည်ပဝယ်လိုအားမှာ အိန္ဒိယမှ ကြက်သွန်နီ အဝယ်ပိတ်လိုက်သဖြင့် ဘင်္ဂလားဒေ့ရှ်သို့ စစ်တွေ၊တောင်ကုတ်မှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တင်ပို့လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်သို့ စက်တင်ဘာလလယ်လောက်ကတည်းက တင်ပို့လျက်ရှိရာ ကြက်သွန်နီပိသာချိန် သိန်း ၈၀ ခန့်ရှိကြောင်း၊ တန်ဖိုးအားဖြင့် တစ်ပိသာ ကျပ် ၇၀၀ မှ တစ်လအတွင်း တစ်ပိသာ ကျပ် ၁၀၀၀-၁၁၀၀သို့မြင့်တက်သွားကြောင်း၊ တောင်သူလက်ဝယ်တွင် ကြက်သွန်နီလက်ကျန်များရှိနေပြီး ကုန်သည်ပွဲစားများမှ တစ်ပိသာ ကျပ် ၇၀၀ ပေါက်စျေးရရှိချိန်က ထုတ်ရောင်းကြသဖြင့် ကုန်သည်၌ လက်ကျန်မရှိကြောင်း၊ ထိုင်းနှင့် တရုတ်ကလည်း အဝယ်ရှိသော်လည်း အနည်းငယ်သာ ဝယ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်မှ များများဝယ်ယူ၍ တောင်သူများ အကျိုးအမြတ် ရရှိကြောင်း သိရှိရသည်။

နှင်းပန်းဖြူ

မုံရွာကုန်စည်ဒိုင်တွင် ပဲမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံစျေးကွက်အခြေအနေမှာ အသွက်ကြီး မဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ ကုလားပဲမျိုးစုံ နေ့စဉ်တင်းပေါင်း ၇၀၀ မှ ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး V2 တစ်တင်းပေါက်စျေးနှုန်းမှာ ကျပ် ၂၅၈၀၀၊ ထိုင်ဝမ် တစ်တင်း ကျပ် ၂၆၇၀၀၊ 929 တစ်တင်း ကျပ် ၂၅၇၀၀၊ V3/V7 ကျပ် ၂၅၂၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ် ပေါက်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက စျေးအနည်းငယ်ပြန်တက်လာသည်ကို တွေ့ရသည်။ ဂျုံဖြူသန့် တစ်တင်း ပေါက်စျေးနှုန်းမှာ ကျပ် ၁၇၀၀၀မှ ၁၇၅၀၀ ရှိပြီး နေ့စဉ်တင်းပေါင်း ၂၀၀ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိသည်။

ယခုတစ်ပတ် ပဲစင်းငုံပေါက်စျေးနှုန်းမှာ (အဟောင်း)တစ်တင်း ကျပ် ၂၅၅၀၀၊ (အသစ်) ကျပ် ၂၈၇၀၀ နှုန်း၊ နေ့စဉ်တင်း ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲသီးနှံတစ်တင်း ကျပ် ၂၇၅၀၀မှ ၂၅၀၀၀ နှုန်းဖြင့် တင်း ၇၀၀ ခန့်၊ ပဲတီစိမ်းသီးနှံ ပေါက်စျေးနှုန်းမှာ တစ်တင်း ကျပ် ၃၁၀၀၀ မှ ၃၄၀၀၀ ရှိပြီး နေ့စဉ်တင်း ၃၀၀ခန့်၊ ပဲကြီးတစ်တင်း ပေါက်စျေးနှုန်းမှာကျပ် ၃၁၅၀၀နှုန်း၊ နေ့စဉ်တင်း ၂၀၀ ခန့်၊ ပဲနီလုံးရိုးရိုး တစ်တင်း ကျပ် ၁၇၇၀၀ နှုန်းနှင့် တင်း ၃၀၀ ခန့်၊ ပဲနီလုံးကြား တစ်တင်း ကျပ် ၁၈၅၀၀၊ တင်း ၁၅၀ ခန့်၊ ပဲပုပ်တစ်တင်း ကျပ် ၁၈၃၀၀ ဖြင့် တင်း၁၀၀ခန့်၊ ထောပတ်တစ်တင်း ကျပ် ၂၁၅၀၀၊ တင်း ၁၀၀ ခန့်၊ CPပြောင်း တစ်တင်း ကျပ် ၈၀၀၀မှ ၇၃၀၀ နှုန်းဖြင့် တင်း ၇၀၀ ခန့်ထိ၊ ဆီထွက်သီးနှံဖြစ်သော နှမ်းသီးနှံပေါက်စျေးနှုန်းများမှာ နှမ်းဖြူတစ်တင်း ကျပ် ၄၇၀၀၀-၄၉၀၀၀၊ နှမ်းညိုတစ်တင်း ကျပ် ၄၇၀၀၀၊နှမ်းနက်တစ်တင်း ကျပ် ၇၀၀၀၀-၈၀၀၀၀ အထိ ပေါက်လျက်ရှိပြီး နေ့စဉ်တင်း ၃၀၀ မှ ၅၀၀အထိ အရောင်းအဝယ် ဖြစ်ကာ ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

ထက်ထက်မိုး

ဝါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်ချက်ကြီးမားသည့် မြေယာမူဝါဒ

မြန်မာနိုင်ငံတွင် ဝါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၉ ခုနှစ် စာရင်းများအရ ဝါးမွေးမြူရေးကန် ၈က ၂၄၇၀၀၇ နှင့် ပုစွန်မွေမြူရေး ၂၄၄၃၃၈ ၈က စုစုပေါင်း ၄၉၁၃၃၄၅ ၈က မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

မွေးမြူလျက်ရှိသည့် ဝါး၊ ပုစွန်လုပ်ငန်းများ၏ ၂၅ ရာခိုင်နှုန်းခန့်သာ လယ်ယာမြေဥပဒေဆိုင်ရာ ခွင့်ပြုချက်ရရှိထားပြီး ကျန်၈က ၇၅ ရာခိုင်နှုန်းမှာ ခွင့်ပြုချက်ရရှိရန်လျှောက်ထားခဲ့သော်လည်း ယနေ့အချိန်အထိ ရရှိခြင်းမရှိဘဲ ကြန့်ကြာမှုများဖြင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။

ယခင်ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေတွင် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လ/န(၃၉) ရရှိရန် ခွင့်ပြုချက်ပါရှိသော်လည်း မွေးမြူခွင့်ရရှိရေးအတွက် ခွင့်ပြုချက်လျှောက်ထားရာတွင် အမျိုးမျိုးသော အကြောင်းများကြောင့် ရရှိရန် အခက်အခဲများ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်။

တည်ဆဲပြဋ္ဌာန်း ကျင့်သုံးလျက်ရှိသည့် လယ်ယာမြေ ဥပဒေအရ အခြားနည်းသုံးစွဲခွင့် လ/ယ(၃၀) ကို ခွင့်ပြုပေးထားသော်လည်း ခွင့်ပြုချက်ရရှိရန် လျှောက်ထားရာ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် မြေယာမူဝါဒနှင့် ဥပဒေများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ အထူးသဖြင့် ဆန်၊ စပါးစိုက်ပျိုးရေးကိုသာ ဦးစားပေးချမှတ်ခဲ့သည့် မူဝါဒနှင့် ဥပဒေများဖြစ်ပြီး ယနေ့ထက်တိုင် သိသာထင်ရှားသည့် ပြောင်းလဲမှုမရှိသည့်အတွက် ဝါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မြေယာအသုံးပြုခွင့်ရရှိရေးအတွက် များစွာအခက်အခဲများ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိသည်။

မြေအသုံးပြုခွင့်နှင့်ပတ်သက်၍ နိုင်ငံသားများ၏ ဝါးရိက္ခာဖူလုံရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပဝင်ငွေတိုးမြှင့်ရရှိရေး အစရှိသည့် နိုင်ငံတော်ကရရှိမည့် အကျိုးကျေးဇူးများ အပေါ် အခြေပြုသုံးသပ်၍ စိုက်ပျိုးရေးလုပ်ငန်းများထက်စာလျှင် တစ်ကေချင်း ဝင်ငွေတိုးမြှင့် ရရှိစေသည့် ဝါးမွေးမြူရေးလုပ်ငန်းများ လွယ်ကူစွာလုပ်ကိုင် ဆောင်ရွက်ခွင့်ရရှိရန် မြေယာဆိုင်ရာ မူဝါဒများနှင့ ဥပဒေများကို ခေတ်ကာလနှင့်အညီ ပြုပြင်ပြောင်းလဲပေးရန် လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံဝါးလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ခိုင်သန္ဓာဦး၊ (မြင့်တင်းပြည်တွင်း-ရန်ကုန်)

ပြောင်းဖူးစေ့ CP အရောင်းအဝယ်သွက်၍ ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင်ပြောင်းဖူးစေ့ CP ဈေးနှုန်းအနည်းငယ်မြင့်၍ အရောင်းအဝယ်သွက်လာကြောင်းသိရသည်။ ပြောင်းဖူးစေ့ CPကို မြဝတီဘက်သို့ တင်ပို့သည့်ကုန်သည်များက မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက် ဝယ်ယူလျက်ရှိပြီး ဒေသတွင်းသုံးအနေနဲ့လည်း အဝယ်ရှိ၍ အရောင်းအဝယ်သွက်ကာ ဈေးလည်းတစ်တင်း ကျပ်၅၀၀-၆၀၀ထိ မြင့်တက်လာကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ပြောင်းဖူးစေ့ CP တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၇၆၀၀ မှ ၈၀၀၀ အထိရှိပြီး ယခင်လကာလတူ တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၇၁၀၀ မှ ၇၂၀၀ အထိရှိကြောင်း သိရသည်။

ကြည်ကြည်နွယ်

ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတင်ပို့မှု အခြေအနေ

အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှုကို ကန့်သတ်သည့်သတင်း ထွက်ပေါ်လာပြီးသည့် နောက်ပိုင်းတွင် မြန်မာနိုင်ငံ အလယ်ပိုင်းမှ ကြက်သွန်နီများသည် စက်တင်ဘာလမှစတင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ကုန်းလမ်းမှတစ်ဆင့် တင်ပို့နိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြက်သွန်နီလိုအပ်ချက်မြင့်မားလာပြီး တင်ပို့မှုသော်လည်း ကြက်သွန်နီများမှာ သိုလှောင်မှုကာလကြာမြင့်ပြီး အမြိတ်ထွက်ခိုက်ရောက်လာသဖြင့် အမြိတ်ညှပ်ရခြင်း၊ သန့်စင်ရခြင်းများကြောင့် စရိတ်စကပိုမိုခဲ့ပြီး အကျိုးအမြတ် နည်းပါးကြောင်း မြင်းခြံကြက်သွန်နီကုန်သည်များထံမှသိရသည်။

အောက်တိုဘာ လလယ်ပိုင်းတွင် ကြက်သွန်နီတင်ပို့မှု တန်ချိန် ၂၇၀ ခန့် သာရှိပြီး ယခင်တစ်ပတ် တင်ပို့မှုတန်ချိန် ၄၈၆ တန်ထက် လျော့နည်းသွားခဲ့ပါသည်။ စစ်တွေတွင်ဈေးကွက် လိုအပ်ချက်အရပြန်လည်သန့်စင်ရမှု ရွေးချယ်ပေးရမှုများကြောင့် ကုန်ကျစရိတ်မြင့်တက်လာသဖြင့် တင်ပို့မှု လျော့နည်းသွားခဲ့သည်။

ကြက်သွန်နီ ပွဲရုံများဘက်ကလည်း ကြက်သွန်နီ အဟောင်းများမှာ အရည်အသွေးနိမ့်ကျလာသဖြင့် အသစ်ပေါ်ခိုရောက်မှသာ ဘင်္ဂလားဒေ့ရှ် ဘက်သို့ အရည်အသွေးကောင်း ကြက်သွန်နီများကိုတင်ပို့ပါက ပိုမိုအဆင်ပြေနိုင်မည်ဟု ယူဆထားကြသည်။ ပြည်တွင်းဈေးအနေဖြင့်လည်း ကြက်သွန်နီလက်ကျန် နည်းပါးလာမှု၊ အရည်အသွေးကျဆင်းမှုနှင့် ဘင်္ဂလားဒေ့ရှ်သို့ ရောင်းချရမှုများကြောင့် ပြည်တွင်းတွင် ဈေးတက်လာသည်ကို တွေ့ရှိနေရသည်။ မြင်းခြံမြို့ရှိ ကုန်သည်များထံမှ ဘင်္ဂလားဒေ့ရှ်သို့ ရောင်းချရန် ယခုအချိန်အထိ စစ်တွေကုန်သည်များက အဝယ်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ (၂) (၃) ဆိုဒ်များကို ကြိုက်နှစ်သက်ပြီး သယ်ယူပို့ဆောင်ခမှာ မြင်းခြံမှစစ်တွေသို့ တစ်ပိသာလျှင် ကျပ် ၁၆၀ မှ ၁၈၀ ခန့်ရှိကာ ယခုရက်များတွင် ပေါက်ဈေးအနေဖြင့် တစ်ပိသာ ကျပ် ၈၀၀ မှ ၉၀၀ ခန့်ရှိကြောင်း သိရသည်။

ဟန်ရီ

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေး

ရှမ်းပြည်နယ် တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ တောင်ကြီးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၉) ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါကုန်သွယ်မှု ဖွံ့ဖြိုးတက်ရေးအသိပညာပေးဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကြီးရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကုန်သွယ်မှုဖွံ့ဖြိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းမှာ ကုန်စည်ပြပွဲတွင် ပါဝင်ပြသကြပြီး အောင်မြင်နေသည့်လုပ်ငန်းရှင်တို့၏ အတွေ့အကြုံများကို ရှမ်းပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များထံ အသိပညာဗဟုသုတများရရှိစေရန်နှင့် လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်မှုများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဆွေးနွေးပွဲသို့ ပြည်နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)

စျေးကောင်းရသော်လည်း မတ်ပဲ တင်ပို့မှု လျော့နည်း

အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၇၀၁၁ ဒသမ ၇၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂၉၅၂၅၂ ဒသမ ၀၂ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၃ နိုင်ငံရှိပြီး ဩစတြေးလျ၊ အိန္ဒိယ၊နီပေါ၊ မလေးရှား၊ ကာတာ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၄၉၇၃ ဒသမ ၇၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၉၃၃၇၇ ဒသမ ၀၅ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ ယူနိုက်တက်ကင်း ဒမ်းဖြစ်၍ တန်ချိန် ၂၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၁၀၇၀၈ ဒသမ ၃၄၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၈၀၇၁ ဒသမ ၄၉ ဖြစ်သောကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၆၉၆ ဒသမ ၅၉၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၉၂၈၁၉ ဒသမ ၄၇ ပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၆၈ ဖြစ်ပြီး၊ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၆၁၂ ကျော် ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၄ ခန့် ပိုမိုခဲ့ကြောင်းသိရသည်။

စန်းစန်းမော် (မြင့်တင်းပြည်တွင်း-ရန်ကုန်)

မန္တလေးကုန်စည်ဒိုင်တွင် နှမ်းအရောင်းအဝယ် သွက်နေ

မန္တလေးကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း တရုတ်ဝယ်လက်ရှိခြင်းကြောင့် နှမ်းမျိုးစုံ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ဈေးကွက်သို့ နှမ်း ၄၅ ပိသာဝင် သုံးတင်း တစ်အိတ်လျှင် ဈေးနှုန်းမှာ နှမ်းဖြူ(ရိုးရိုး) ကျပ် ၁၄၈၀၀၀မှ ၁၅၇၀၀၀၊ နှမ်းညို ကျပ် ၁၄၀၀၀၀မှ ၁၄၃၀၀၀၊ နှမ်းနက်(ရိုးရိုး)ကျပ် ၂၃၈၀၀၀မှ ၂၄၀၀၀၀၊ နှမ်းနက်(စမုံ)ကျပ် ၂၅၀၀၀၀ မှ ၂၆၅၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းဖြူမှာ ဈေးငြိမ်နေကြောင်း၊ နှမ်းနက် ကျပ် ၅၀၀၀၊ နှမ်းညို ကျပ် ၃၀၀၀မှ ၄၀၀၀၊ နှမ်းနက် (စမုံ) ကျပ် ၈၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာသည်။

ယခင်လ ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်း ၄၅ပိသာဝင် သုံးတင်းတစ်အိတ်လျှင် နှမ်းဖြူ (ရိုးရိုး) ကျပ် ၄၀၀၀၊ နှမ်းညို ကျပ် ၇၀၀၀ မှ ၁၀၀၀၀ ၊ နှမ်းနက် ကျပ်၈၀၀၀မှ ၁၃၀၀၀၊ နှမ်းနက်(စမုံ) ကျပ် ၁၀၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လာသည်။ ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းဖြူ(ရိုးရိုး)ကျပ် ၃၀၀၀မှ ၁၀၀၀၀၊ နှမ်းညို ကျပ် ၄၀၀၀ မှ ၆၀၀၀ ခန့်ဈေးကျပြီး နှမ်းနက် ကျပ် ၃၀၀၀၀ မှ ၃၈၀၀၀၊ နှမ်းနက် (စမုံ) ကျပ်၂၃၀၀၀မှ ၂၅၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လာသည်။

ချောစုဝင်း

မကွေးကုန်စည်ဒိုင်တွင် ဈေးမြင့်တက်လာသော မတ်ပဲ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ အောက်တိုဘာ ၂၂ ရက်တွင် မတ်ပဲဈေး ဝယ်လိုအားကြောင့် ဈေးနှုန်းမြင့်တက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲ ၂၀ ပိသာ တစ်တင်းလျှင် ကျပ် ၃၁၀၀၀ နှုန်း ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် အောက်တိုဘာ ၁၆ ရက်တွင် မတ်ပဲ ၂၀ ပိသာ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုတစ်ပတ် အောက်တိုဘာ ၂၂ ရက်နှင့်နှိုင်းယှဉ်ပါက မတ်ပဲ ၂၀ ပိသာ တစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးမြင့်တက်သွားကြောင်း သိရှိရသည်။

လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)

စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ဂျုံနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် El Salvador နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဘာဘေဒို၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်နှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၁ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် စင်ကာပူ၊ ဗီယက်နမ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဘရာဇီး၊ ပြင်သစ်၊ နော်ဝေ၊ အီတလီ၊ ဂျာမနီ၊ ဂရိ၊ ဆွီဒင်၊ စပိန်နှင့် နယ်သာလန် စသည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိ ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင်သုည ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Aruba နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၂၀ ရာခိုင်နှုန်းဈေး နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘာဘေဒို၊ ဒိန်းမတ်၊ ဂရိ၊ အစ္စရေး၊ မက္ကဆီကို၊ ပီရူးနှင့် ကာတာ စသည့်နိုင်ငံများ အပါအဝင် ၇၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်၊ ဖင်လန်၊ အီတလီ၊ နော်ဝေ၊ ဂျာမနီ၊ စပိန်၊ ဆွီဒင်နှင့်ပိုလန်စသည့်နိုင်ငံ ၂၂ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	မြန်မာ	လီတာ	၀.၅၇	၀.၅၇
၂	အင်ဒိုနီးရှား	လီတာ	၀.၇၀	၀.၈၆

ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၉ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဆန်ဈေးနှုန်း များတည်ငြိမ်နေခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန်အမျိုးအစားဆန်မှာ အနည်းငယ်ဈေးကျဆင်းခဲ့ကာ ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ သိသာစွာဈေးမြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ယခင်က ဆန်ကိုပမာဏအကန့်အသတ်ဖြင့်သာ တင်သွင်းခဲ့ရာမှ အခွန်စနစ်ဖြင့် စိတ်ကြိုက်တင်သွင်းခွင့် ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီးနောက် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်ကို ဈေးသက်သာစွာ တင်သွင်းလာကြခြင်းကြောင့် ပြည်တွင်းဆန်ဈေးများ ကျဆင်းလျက်ရှိနေရာ ဖိလစ်ပိုင်တောင်သူများသည် မနီလာမြို့တော်တွင် စိုက်ပျိုးရေးဝန်ကြီးဌာနကို ဆန္ဒပြခဲ့ကြောင်း သိရှိရသည်။ တင်သွင်းဆန် များဝင်ရောက်လာပြီး ပြည်တွင်းဆန်ဈေးများ အလျင်အမြန် ကျဆင်းလာခဲ့ခြင်းဖြစ်ကာ ဥပဒေ မပြဋ္ဌာန်းခင်က ဆန်တစ်ကီလိုလျှင်၁၉ ပီဆို မှ ၂၃ ပီဆိုအထိ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ ဆန်တစ်ကီလိုလျှင် ၇ ပီဆိုမှ ၁၀ ပီဆိုမျှသာရှိတော့ကြောင်း ဆန်လုပ်ငန်းစောင့်ကြည့်အဖွဲ့ Bantay Bigas ၏ ပြောခွင့်ရပုဂ္ဂိုလ် Cathy Estavillo ကပြောကြားခဲ့သည်ကို သိရှိရသည်။

ဖိလစ်ပိုင်တောင်သူအရေး လှုပ်ရှားမှုအဖွဲ့၊ အမျိုးသမီးတောင်သူအသင်း၊ Bantay Bigas အဖွဲ့နှင့် အခြားတောင်သူအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဖိလစ်ပိုင်တောင်သူများသည် မီးဖိုချောင်သုံးပစ္စည်းများ သယ်ဆောင်ကာ ဆန္ဒထုတ်ဖော်ပြခဲ့ကြသည်ကို တွေ့ရှိရသည်။ ဖိလစ်ပိုင်တွင် တောင်သူ ၇၀ ရာခိုင်နှုန်းသည် သီးစားလယ်သမားများဖြစ်ကြပြီး ဆန်ဈေးကျဆင်းမှုမှာ ၎င်းတို့၏ စားဝတ်နေရေးကို ကြီးမားစွာထိခိုက်စေလျက်ရှိကြောင်း၊ တောင်သူများသည် လာမည့်ရာသီတွင် စပါးစိုက်ပျိုးဖွယ်မရှိကြောင်း Cathy Estavillo ကပြောကြားခဲ့ သည်။ ဆန်ဈေးကျဆင်းသော် လည်း ဈေးနှုန်းကို ကုန်ထုတ်လုပ်ငန်းများက ချုပ်ကိုင်ထားသဖြင့် စားသုံးသူကို အကျိုးမဖြစ်ပေါ်စေကြောင်းလည်း ၎င်းကပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၈၇၂ မှ ၂၀၅၂၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် အောက်တိုဘာ ၂၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၅၀ နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၅၀၀၊ ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေမြို့၊ ထားဝယ်နှင့် ဘားအံ မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၅၀၊ မော်လမြိုင်မြို့နှင့် မြိတ်မြို့တို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိ ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှု များရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

စဉ်	အမျိုးအစား	ရာခိုင်နှုန်း	ဈေးနှုန်း					
			၁၈.၁၀.၂၀၁၉	၁၉.၁၀.၂၀၁၉	၂၁.၁၀.၂၀၁၉	၂၂.၁၀.၂၀၁၉	၂၃.၁၀.၂၀၁၉	၂၄.၁၀.၂၀၁၉
၁	ရက်(၉၀)	90(Raw)	၁၉၅၀၀	၁၉၇၀၀	၁၉၈၀၀	၂၀၀၀၀	၂၀၀၀၀	၁၉၈၀၀
၂	ရက်(၉၀)	80(Raw)	၁၈၇၀၀	၁၈၉၀၀	၁၉၀၀၀	၁၉၃၀၀	၁၉၃၀၀	၁၉၂၀၀
၃	သီးထပ်	90(Raw)	၁၉၂၀၀	၁၉၄၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၃၀၀
၄	သီးထပ်	80(Raw)	၁၈၈၀၀	၁၈၉၀၀	၁၉၀၀၀	၁၉၀၀၀	၁၉၀၀၀	၁၈၉၀၀
၅	ဧည့်မထ	70(Raw)	၁၈၀၀၀	၁၈၀၀၀	၁၈၂၀၀	၁၈၂၀၀	၁၈၀၀၀	၁၇၆၀၀
၆	ဧည့်မထ	65(Raw)	၁၇၇၀၀	၁၇၇၀၀	၁၇၇၀၀	၁၇၈၀၀	၁၇၈၀၀	၁၇၈၀၀
၇	ကရင်မ	90(Raw)	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀
၈	ကရင်မ	80(Raw)	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀

ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၃	ထိုင်း	လီတာ	၁.၁၅	၀.၈၅
၄	ဗီယက်နမ်	လီတာ	၀.၉၁	၀.၇၁
၅	စင်္ကာပူ	လီတာ	၁.၆၀	၁.၃၃
၆	မလေးရှား	လီတာ	၀.၈၀	၀.၈၂
၇	ဖိလစ်ပိုင်	လီတာ	၁.၀၀	၀.၈၄
၈	ကမ္ဘောဒီးယား	လီတာ	၁.၀၁	၀.၈၉
၉	လာအို	လီတာ	၁.၂၂	၀.၉၉
၁၀	ဘရူနိုင်း	Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။		

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	ဆူဒန်	လီတာ	၀.၁၄	ဟောင်ကောင်	လီတာ	၂.၂၉
၂	Angola	လီတာ	၀.၃၅	Monaco	လီတာ	၁.၉၂
၃	အယ်ဂျီးရီးယား	လီတာ	၀.၃၅	C.A. Republic	လီတာ	၁.၈၇
၄	ကုဝိတ်	လီတာ	၀.၃၅	Iceland	လီတာ	၁.၈၇
၅	အီရန်	လီတာ	၀.၃၆	နော်ဝေ	လီတာ	၁.၈၅

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	ဆူဒန်	လီတာ	၀.၀၉	ဟောင်ကောင်	လီတာ	၁.၈၆
၂	အီရန်	လီတာ	၀.၀၉	Monaco	လီတာ	၁.၈၃
၃	ဆော်ဒီအာရေဗျ	လီတာ	၀.၁၃	Iceland	လီတာ	၁.၈၁
၄	အယ်ဂျီးရီးယား	လီတာ	၀.၁၉	နော်ဝေ	လီတာ	၁.၇၅
၅	Ecuador	လီတာ	၀.၂၇	UK	လီတာ	၁.၇၁

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	တရုတ်	လီတာ	၁.၀၁	၀.၉၀
၂	ဂျပန်	လီတာ	၁.၃၂	၁.၁၃
၃	အိန္ဒိယ	လီတာ	၁.၀၇	၀.၉၇

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ရက်စွဲ	ရေတွက်ပုံ	ဈေးနှုန်း
၁	၁၈.၁၀.၂၀၁၉	စည်	၅၂.၈၄
၂	၂၁.၁၀.၂၀၁၉	စည်	၅၃.၃၁
၃	၂၂.၁၀.၂၀၁၉	စည်	၅၄.၁၆
၄	၂၃.၁၀.၂၀၁၉	စည်	၅၅.၉၇
၅	၂၄.၁၀.၂၀၁၉	စည်	၅၆.၂၃

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



စာမျက်နှာ ၃၁ သို့

ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁၈ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၈၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဈေးနှုန်းအပြောင်းအလဲများ အနည်းငယ် ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၉၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်း ရွှေဈေးနှုန်းအနေဖြင့် အောက်တိုဘာ ၁၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၀၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၄ ရက်တွင် ကျပ် ၁၂၀၇၅၀၀ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်တွင် မူတည်၍ ရွှေ ဈေးနှုန်း အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

စဉ်	နေ့စွဲ	ရွှေဈေးနှုန်း	
		အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း	(ဒေါ်လာ/ အောင်စ)
၁	၁.၁၀.၂၀၁၉	၁၂၁၅၀၀၀	၁၄၇၀
၂	၂.၁၀.၂၀၁၉	၁၂၂၅၀၀၀	၁၄၈၃
၃	၃.၁၀.၂၀၁၉	၁၂၃၀၀၀၀	၁၅၀၂
၄	၄.၁၀.၂၀၁၉	၁၂၂၉၀၀၀	၁၅၀၁
၅	၅.၁၀.၂၀၁၉	၁၂၂၉၀၀၀	၁၅၀၁
၆	၈.၁၀.၂၀၁၉	၁၂၂၇၅၀၀	၁၄၉၁
၇	၉.၁၀.၂၀၁၉	၁၂၂၅၀၀၀	၁၄၈၃
၈	၁၀.၁၀.၂၀၁၉	၁၂၂၇၀၀၀	၁၄၉၃
၉	၁၁.၁၀.၂၀၁၉	၁၂၂၇၅၀၀	၁၄၉၃
၁၀	၁၂.၁၀.၂၀၁၉	၁၂၂၃၀၀၀	၁၄၉၂
၁၁	၁၅.၁၀.၂၀၁၉	၁၂၂၃၀၀၀	၁၄၉၂
၁၂	၁၆.၁၀.၂၀၁၉	၁၂၂၀၀၀၀	၁၄၈၆
၁၃	၁၇.၁၀.၂၀၁၉	၁၂၂၃၀၀၀	၁၄၉၂
၁၄	၁၈.၁၀.၂၀၁၉	၁၂၂၀၀၀၀	၁၄၈၉
၁၅	၁၉.၁၀.၂၀၁၉	၁၁၄၈၅၀၀	၁၄၉၀
၁၆	၂၀.၁၀.၂၀၁၉	၁၂၂၁၀၀၀	၁၄၉၀
၁၇	၂၂.၁၀.၂၀၁၉	၁၂၁၈၀၀၀	၁၄၈၈
၁၈	၂၃.၁၀.၂၀၁၉	၁၂၁၉၅၀၀	၁၄၉၃
၁၉	၂၄.၁၀.၂၀၁၉	၁၂၁၇၅၀၀	၁၄၉၀

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၂၀ သို့

သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သော နိုင်ငံများမှာ Foreign Agricultural Service (USDA) ၏စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ ထိုင်း၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အမေရိကန်၊ မက္ကဆီကို၊ ပါကစ္စတန်နှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြသည်။ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့သကြား တင်ပို့မှုတန်ဖိုး စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံ ခန့်ရှိသည်။ World's Top Export.com တွင်ဖော်ပြချက်အရ ၂၀၁၈ ခုနှစ်တွင် သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျာမနီ၊ မြန်မာ၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ ဂွာတီမာလာ၊ နယ်သာလန်၊ ပါကစ္စတန်၊တောင်အာဖရိက၊ UAE၊ ပိုလန်၊ ကိုလံဘီယာနိုင်ငံတို့ ဖြစ်ကြပြီး ဘရာဇီးနိုင်ငံသည် စုစုပေါင်း ကမ္ဘာ့သကြားတင်ပို့မှု၏ ၂၉ ဒသမ ၁၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံသည် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသည် ၄ ဒသမ ၁ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံသည် ၃ ဒသမ ၆ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံသည် ၃ ဒသမ ၄ ရာခိုင်နှုန်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ World's Top Export'orcom တွင် ဖော်ပြချက်အရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့သကြား အများဆုံးတင်ပို့သည့် ခြောက်နိုင်ငံမြောက်တွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ မလေးရှား၊ အီတလီ၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြသည်။ အင်ဒိုနီးရှား၊ အမေရိကန်နိုင်ငံတို့ပြီးလျှင် တရုတ်နိုင်ငံသည် ကမ္ဘာ့တတိယအများဆုံး သကြားလိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် ငါးနိုင်ငံမြောက် အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြား တန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၅ သန်းခန့်ဖြစ်သည့်အတွက် ၅ သန်းခန့် လိုအပ်လျက်ရှိပါသည်။ USDA တွင် ဖော်ပြပါရှိသောစာရင်းများအရလည်း တရုတ်နိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိတွင် နှစ်စဉ်ပျမ်းမျှ သကြား တန်ချိန် ၄ သန်းကျော်မှ ၅ သန်းကျော်အထိ တင်သွင်းရလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.orisosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၁၀-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၄၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၃-၁၀-၂၀၁၉ ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၄၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

Date	ISA Daily Price	15 Day Average	White Sugar Price Index	
23-Oct-19	12.25 cts/lb	12.53 cts/lb	332.45 $/T	15.08 cts/lb
22-Oct-19	12.30 cts/lb	12.58 cts/lb	334.40 $/T	15.17 cts/lb
21-Oct-19	12.38 cts/lb	12.63 cts/lb	335.45 $/T	15.22 cts/lb
18-Oct-19	12.42 cts/lb	12.65 cts/lb	334.65 $/T	15.18 cts/lb
17-Oct-19	12.35 cts/lb	12.65 cts/lb	337.10 $/T	15.29 cts/lb
16-Oct-19	12.45 cts/lb	12.64 cts/lb	339.65 $/T	15.41 cts/lb
15-Oct-19	12.70 cts/lb	12.64 cts/lb	345.55 $/T	15.67 cts/lb
14-Oct-19	12.61 cts/lb	12.60 cts/lb	343.30 $/T	15.57 cts/lb
11-Oct-19	12.52 cts/lb	12.55 cts/lb	338.85 $/T	15.37 cts/lb
10-Oct-19	12.52 cts/lb	12.50 cts/lb	338.20 $/T	15.34 cts/lb
9-Oct-19	12.53 cts/lb	12.45 cts/lb	340.75 $/T	15.46 cts/lb
8-Oct-19	12.59 cts/lb	12.40 cts/lb	340.25 $/T	15.43 cts/lb
7-Oct-19	12.65 cts/lb	12.34 cts/lb	339.35 $/T	15.39 cts/lb
4-Oct-19	12.89 cts/lb	12.29 cts/lb	345.00 $/T	15.65 cts/lb
3-Oct-19	12.86 cts/lb	12.21 cts/lb	341.35 $/T	15.48 cts/lb
2-Oct-19	13.00 cts/lb	12.12 cts/lb	344.30 $/T	15.62 cts/lb
1-Oct-19	12.97 cts/lb	12.02 cts/lb	345.40 $/T	15.67 cts/lb

စာမျက်နှာ ၂၀ သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာနိုင်ငံတွင် သုံးစွဲရန် တားမြစ်ပိတ်ပင်ထားသည့် ပိုးသတ်ဆေးများစာရင်း ထုတ်ပြန်ကြေညာ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ၁၆. ၁၀. ၂၀၁၉ ရက်စွဲပါ စာအမှတ် ပမဖ-၃/ ၂၀၁၉(၆၄၁)ပါ အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၉)ဖြင့် အောက်ဖော်ပြပါ အဆိပ်ရှိပစ္စည်းအမျိုး ၅၀ အား လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဘေးအန္တရာယ်မြင့်မားစေနိုင်ပြီး အဆိပ်အတောက်ပြင်းထန်သောကြောင့် မြန်မာနိုင်ငံအတွင်း မည်သည့်အစိုးရဌာန၊ အဖွဲ့အစည်းပုဂ္ဂိုလ်ကမျှ မည်သည့်အကြောင်းနှင့်မျှ မှတ်ပုံတင်ခြင်း၊ တင်သွင်းခြင်း၊ ဖော်စပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းမရှိစေရန် တားမြစ်ပိတ်ပင်ထားပါသည်။

စဉ်	အဆိပ်ရှိပစ္စည်းအမည်	အကြောင်းအရာ	သုံးစွဲမှု	မှတ်ချက်
၁။	Aldrin	Carcinogenicity, Hazard to wild life, Bioaccumulation, Chronic effects	Insecticide	POP List
၂။	Aldicarb	Highly Acute Toxicity	Insecticide	PIC List
၃။	Alachlor	Carcinogenicity	Herbicide	PIC List
၄။	Alpha Hexachlorocyclohexane	Adverse liver, Fetotoxic and Reproductive Effects, Tumors in Animals	Insecticide	POP List
၅။	Arsenic Compound	Carcinogenicity, Neurotoxicity, Highly Acute Toxicity	Rodenticide	
၆။	(BHC)Beta-Hexachlorocyclohexane	Oncogenecity, Carcinogenicity,	Insecticide	POP List
၇။	**Binapacryl**	**Carcinogenicity Fetotoxicity**	**Fungicide, Acaricide**	**PIC List**
၈။	**Captafol**	**Oncogenecity, Carcinogenicity**	**Fungicide**	**PIC list**
၉။	**Chlordimeform**	**Oncogenecity, Carcinogenicity**	**Insecticide**	**PIC List**
၁၀။	**Chlordane**	**Carcinogenicity, Long Residual Effect, Hazard to Living Organism**	**Insecticide**	**POP List**
၁၁။	**Chlordecone**	**Carcinogenicity**	**Insecticide**	**POP List**
၁၂။	**Chlorobenzilate**	**Carcinogenicity, Adverse Testicular Effects**	**Insecticide, Acaricide**	**PIC List**
၁၃။	**Cyhexatin**	**Teratogenecity, High Risk to the Environment**	**Acaricide**	**PIC List**
၁၄။	**Dieldrin**	**Carcinogenicity, Bioaccumulation, Hazard to wild life, Other Chronic effect, Long Residual effect, Bioaccumulation**	**Insecticide**	**POP List**
၁၅။	**Dinoseb**	**Teratogenicity, Reproductive Effects, Acute Effects, Carcinogenicity, Possible Teratogenicity**	**Herbicide**	**PIC List**
၁၆။	**DNOC**	**Highly Acute Toxicity**	**Insecticide, Acaricide**	**PIC List**
၁၇။	**Ethylene Dibromide (EDB)**	**Oncogenecity, Mutagenecity, Reproductive Effects, Carcinogenicity, Fetotoxicity**	**Insecticide, Nematicide**	**PIC List**
၁၈။	Ethylene Dichloride	Neurotoxicity, Persistent in Environment, Chronic Toxicity	Insecticide (Fumigant)	PIC List
၁၉။	**Endosulfan**	**Volatile and Persistent, Bioaccumulation in Fatty Tissues**	**Insecticide, Acaricide**	**POP List**
၂၀။	**Endrin**	**Oncogenecity, Teratogenecity, Reduction in Endangered and non-Target Species, Long Residual Effects**	**Insecticide**	**POP List**
၂၁။	**EPN**	**Neurotoxicity, Hazard to Aquatic Organisms, Cholinesterase Inhibitor, Dermal Toxicity**	**Insecticide, Acaricide**	
၂၂။	**Ethylene Oxide**	**Carcinogenicity, Mutagenecity**	**Co-Formulant**	**PIC List**
၂၃။	**Fluoroacetamide**	**Highly Acute Toxicity**	**Rodenticide**	**PIC List**
၂၄။	**Hexachlorobenzene (HCB)**	**Carcinogenicity, Persistent in Environment**	**Fungicide**	**POP List**
၂၅။	**Heptachlor**	**Long Residual Effect, Bioaccumulation**	**Insecticide**	**POP List**
၂၆။	**Lindane (Gama Hexachlorocyclohexane)**	**Persistent in Environment, Bioaccumulation, Carcinogenic Potential**	**Insecticide**	**POP List**
၂၇။	**Methomyl**	**Acute Toxicity-humans, Cholinesterase Inhibitor, Highly Toxic-crustaceans, Moderate Toxic to Fish**	**Insecticide, Acaricide**	**-**
၂၈။	**Mercury Compounds**	**Highly Acute Toxicity, Persistent in Environment, Toxic to Aquatic Organisms**	**Fungicide**	**PIC List**
၂၉။	**Methamidophos**	**Highly Acute Toxicity**	**Insecticide, Acaricide**	**PIC List**
၃၀။	**Methyl Parathion**	**Highly Acute Toxicity, Dermal Toxicity**	**Insecticide**	**PIC List**
၃၁။	**Monocrotophos**	**High Acute Toxicity, Cholinesterase Inhibitor,**	**Insecticide, Acaricide**	**PIC List**
၃၂။	**Mirex**	**Carcinogenicity, Persistent in Environment, Biomagnifications in Food Chain**	**Insecticide**	**POP List**
၃၃။	**Parathion Ethyl**	**Toxic to Aquatic Organisms, Highly Acute Toxicity**	**Insecticide, Acaricide**	**PIC List**
၃၄။	**Pentachlorophenol (PCP)**	**Highly Acute Toxicity, Persistent in Environment**	**Insecticide, Fungicide, Herbicide**	**PIC List**
၃၅။	**Phosphamidon**	**Highly Acute Toxicity,**	**Insecticide, Acaricide**	**PIC List**
၃၆။	**Strobane (Polychloroterpenes)**	**Oncogenecity, Persistent in Environment, Bioaccumulation, Carcinogenicity**	**Insecticide, Acaricide**	**-**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

၃၇။	2,4,5-T and 2,4,5-TP	Oncogenecity, Carcinogenicity, Fetotoxicity, Long Residual Effect	Herbicide	PIC List
၃၈။	Toxaphene	Oncogenecity , Acute Toxicity to Aquatic Organism, Chronic Effects to Wildlife, Carcinogenicity, Long Residual Effect	Insecticide, Acaricide	POP List
၃၉။	Tributyltin	Highly toxic to Aquatic Organism, Highly Acute Toxicity, Fetotoxicity, Bioaccumulation	Fungicide	PIC List
၄၀။	Trichlorfon	Cholinesterase Inhibitor, Reproductive Effects, Carcinogenicity, Highly Acute Toxicity,	Insecticide	PIC List
၄၁။	D.D.T (Dichloro-diphenyl-trichloroethane)	Bioaccumulation, Persistent in Environment, Carcinogenicity	Insecticide	-
၄၂။	Tridemorph	Reproductive Effects, Highly Acute Toxicity,	Fungicide	-
၄၃။	Triflumizole	Reproductive Effects, Highly Acute Toxicity,	Fungicide	-

၄၄။	Diafenthiuron	Persistent in Environment, Bioaccumulation,	Insecticide	-
၄၅။	Terbufos	Highly Acute Toxicity, Inhibition of Brain Cholinesterase, Reproductive Effects	Insecticide	-
၄၆။	Borax Decahydrate	Reproductive Effects, Fetotoxicity, Possible Liver Carcinogen	Insecticide	-
၄၇။	Hydramethylnon	Reproductive Effects, Highly Acute Toxicity, Possible Human Carcinogen	Insecticide	-
၄၀။	Metaflumizone	PBT, Neurotoxicity (Block the sodium channel of the Nervous System causing Paralysis)	Insecticide	-
၄၉။	Mineral oil	Carcinogenicity, Skin Burning, Dermal Toxicity	Insecticide	-
၅၀။	Boric acid	Reproductive Effects, Chronic Effect, Kidney Damage,	Insecticide	-

စာမျက်နှာ (၈) ပြုပြင်ပြောင်းလဲမှု၏ ကွက်လပ်တစ်ခုကို . . . မှအဆက်

စတင် လုပ်ဆောင်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ရောက်လာခဲ့ပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို ဆောင်ရွက်လာခဲ့ပါတယ်။ ဒီလို စွေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလာတာနဲ့အမျှ စီးပွားရေးတိုးတက်မှုလည်း အထိုက်အလျောက်ရရှိခဲ့ပါတယ်။

၂၀၁၆ခုနှစ်က စတင်ခဲ့တဲ့ NLD ပါတီအစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါတယ်။ NLD ပါတီအနေနဲ့ နိုင်ငံရေးအပိုင်းမှာ ထာဝရ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးများကို ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးအပိုင်းမှာလည်း စီးပွားရေး မူဝါဒ(၁၂) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် (Sustainable Development Goals, SDGs) နဲ့ ကိုက်ညီပြီး လက်ရှိအစိုးရရဲ့ စီးပွားရေးမူဝါဒများနဲ့ ကိုက်ညီစေမယ့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan(MSDP), ၂၀၁၈-၂၀၃၀ ကို လည်း ၂၀၁၈ ခုနှစ်အတွင်းမှာချမှတ်ထားပါတယ်။ MSDP ဟာ မြန်မာနိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ဦးဆောင်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင် နိုင်စေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်နိုင်စေဖို့ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုလည်း သီးခြားစီ ဖွဲ့စည်းခဲ့ပါတယ်။ ယခင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က တိုက်ရိုက်ကိုင်တွယ်နေမှုအစား ပြည်နယ်နဲ့တိုင်းဒေသ ကြီးများကို တာဝန်ဖြန့်ခွဲမှု (decentralization) အဖြစ် ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများကို အတိုင်းအတာတစ်ခုအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးခဲ့ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ခိုင်မာတဲ့ပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲထားတဲ့အပြင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု အပြန်အလှန် အကာအကွယ်ပေးရေးသဘောတူညီချက်များကိုလည်း ချုပ်ဆိုလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး ပြည်တွင်းပြည်ပရင်း နှီးမြှုပ်နှံမှုများကို အားပေး မြှင့်တင်လျက်ရှိပါ တယ်။

မြန်မာနိုင်ငံအနေနဲ့ ကုမ္ပဏီများဥပဒေကို ၂၀၁၈ခုနှစ်မှာ အာဏာသက်ဝင်စေခဲ့ပြီး ပြည်ပ မတည်အရင်းအနှီးအချိုး ၃၅ ရာခိုင်နှုန်းအထိပါဝင်တဲ့ ကုမ္ပဏီများကို ပြည်တွင်းကုမ္ပဏီများအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ အနည်းစုအစုရှယ်ယာပိုင်ဆိုင်သူများ minority shareholders များ ရဲ့အခွင့်အရေးကို အကာအကွယ်ပေးမယ့် ပြဋ္ဌာန်းချက်များကို ကုမ္ပဏီဥပဒေမှာ ထည့်သွင်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူစေမယ့် ဝန်းကျင်ကို ဖန်တီးနိုင်စေရန် ကမ္ဘာ့ဘဏ်နဲ့ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု (Ease of Doing Business) လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအစိုးရ ကာလအတွင်း ကမ္ဘာ့အဆင့်အတန်းကို ၁၀၀ အောက်သို့ရောက်ရှိစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မကြာမီက ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ် ကူအောင် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့တဲ့နိုင်ငံ ၂၀ (Top 20 Reforming Countries) စာရင်းမှာ ထည့်သွင်း ဖော်ပြခဲ့ပါတယ်။ ၂၀၂၀ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုအညွှန်းကိန်းမှာ ၁၆၅ နေရာကို ရောက်ရှိလာပါတယ်။ ဒီအညွှန်းကိန်းဟာ အားရဖွယ်မရှိသေးပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်အတွင်းရှိခဲ့တဲ့ ၁၇၀၊ ၁၇၁၊ ၁၇၁ စတဲ့အညွှန်းကိန်းများထက်တော့ တိုးတက်တယ်လို့ ဆိုနိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုးတက်လာအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု တိုးတက်ရေးလုပ်ငန်းများ တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် စွေးကွက်စီးပွားရေးစနစ်မှာ လိုအပ်နေတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာရေး (good business environment) ကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလုပ်ငန်းများမှာ ပဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်ဖန်တီးမှုကို မြှင့်တင်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူစေခြင်း၊ ကုန်သွယ်လုပ်ငန်းရှင်များအသင်းများ ဖွဲ့စည်းမှုကို အားပေးခြင်း၊ တရားမဝင် ကုန်သွယ်မှုမျှားကို တိုက်ဖျက်ပြီး တရားဝင်ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ထားဝယ်၊ ကျောက်ဖြူနဲ့ သီလဝါအထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲ့မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်မှုဟာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ရဲ့ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းများနဲ့ ပြည်တွင်းကုမ္ပဏီများ၊ စာပေ၊ အနုပညာလုပ်ငန်းများ၊ တီထွင်ဖန်တီးသူများကိုလည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီများကိုလည်းကောင်း မူပိုင်ခွင့်အပိုင်းမှာ ထိရောက်စွာ အကာအကွယ်ပေးနိုင်မှာဖြစ်ပြီး မြန်မာနိုင်ငံကို စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းသည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုပြုရာ နေရာတစ်ခုအဖြစ်လည်းကောင်း ကမ္ဘာ့နိုင်ငံများက ပိုမိုယုံကြည်အားထားလာလိမ့်မယ်လို့ မျှော်လင့်ပါကြောင်း တင်ပြအပ်ပါတယ်။

စာမျက်နှာ (၃) Trading Across Borders Indicator Ranking . . . မှအဆက်

စပ်လျဉ်း၍ ဖြေလျော့ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

" Ease of Doing Business မှာ Trading Across Borders အောက်မှာရှိတဲ့ Import ပိုင်းမှာ မော်တော်ယာဉ်အပိုပစ္စည်းတင်သွင်းမှုလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး တွေ့ဆုံတာပါ။ တစ်ဦးချင်း အသေးစိတ်တွေ့ပြီး ပြောဖို့မဖြစ်နိုင်တဲ့အတွက် Ease of Doing Business ရဲ့ မေးခွန်းတွေကို ဖြေထားတဲ့အဖြေပေါ်မူတည်ပြီး လိုအပ်ရင် Individually ဆက်သွယ်ပြီးတော့ ပြဿနာကိုရှင်းလင်းတဲ့နည်းလမ်းကို ရွေးချယ်ထားပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောသည်။

ထို့နောက် Zeya & Association Co.,Ltd ဥက္ကဋ္ဌ ဦးဇေယျသူရမွန်က Trading Across Borders လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသော ဧည့်သည်တော်များက လက်ရှိအခြေအနေများအပေါ် အတွေ့အကြုံများကို လည်းကောင်း ဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့သည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူပါစေ

မျိုးသူ (ကုန်သွယ်မြှင့်)

ပဉ္စလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ ကုမ္ပဏီ စတင်ဖွဲ့စည်းသည်မှစ၍ အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်ကြရပါသည်။ ပဉ္စလိကလုပ်ငန်းရှင်များအနေဖြင့်အစိုးရဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ယခင်ကအချိန်ကြန့်ကြာခြင်း၊ ကုန်ကျစရိတ်ကြီးမားခြင်း၊ ကြိုးနီစနစ်ဖြစ်သော လုပ်ထုံးလုပ်နည်း အဆင့်ဆင့်များပြားခြင်း စသည့်အချက်များကြောင့် စီးပွားရေးလုပ်ငန်းများမှာ လုပ်ကိုင်ရလွယ်ကူမှုမရှိခဲ့သည်ကိုသိရှိပြီး ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် ပဉ္စလိကကဏ္ဍအား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားကောင်းလာစေရန် ပိုမိုအားပေးမြှင့်တင်လာခဲ့ပြီး ကော်မတီကြီးများပါ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ အဆိုပါကဲ့သို့ ပဉ္စလိကကဏ္ဍ အားကောင်းလာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားရေးများလည်း ကောင်းမွန်လာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ကမ္ဘာ့ဘဏ်မှ နှစ်စဉ် တိုင်းတာဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုကို တိုင်းတာသည့်လုပ်ငန်း Ease of Doing Business အတွင်း မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင်ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၊ အဆင့် ၁၈၂ ရမှတ် (၄၂. ၃၈)၊ ၂၀၁၅ ခုနှစ် နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၊ အဆင့် ၁၇၇ ရမှတ် (၄၃. ၅၅)၊ ၂၀၁၆ ခုနှစ် နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၊ အဆင့် ၁၆၇ ရမှတ် (၄၅. ၂၇)၊ ၂၀၁၇ ခုနှစ် နိုင်ငံပေါင်း ၁၉၀ နိုင်ငံ၊ အဆင့် ၁၇၀ ရမှတ် (၄၄. ၅၆)၊ ၂၀၁၈ ခုနှစ် နိုင်ငံပေါင်း ၁၉၀ နိုင်ငံ၊ အဆင့် ၁၇၁ ရမှတ် (၄၄. ၂၁)၊ ၂၀၁၉ ခုနှစ် နိုင်ငံပေါင်း ၁၉၀ နိုင်ငံ၊ အဆင့် ၁၆၅ ရမှတ် (၄၆. ၈၀) စသည်ဖြင့် နှစ်အလိုက် အဆင့်များနှင့် ရမှတ် [Distance to Frontier (DTF) Score] များ ပြောင်းလဲတိုးတက်ရရှိခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းအညွှန်းကိန်း (Starting a Business Indicator)

လက်ရှိအချိန်အထိ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုအဆင့် Ease of Doing Business Rank ကို အညွှန်းကိန်းဟုခေါ်သော Indicator ၁၀ ခုဖြင့် ခွဲခြားတိုင်းတာပါသည်။ ပထမဆုံးအညွှန်းကိန်းမှာ Starting a Business Indicator ခေါ် လုပ်ငန်းစတင်တည်ထောင်ခြင်း အညွှန်းကိန်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် အဆိုပါ အညွှန်းကိန်းအခြေအနေမှာ စတင်ဝင်ရောက်သည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၈၉ တွင်၊ အဆင့် ၁၈၉ ရှိပြီး ၂၀၁၇ခုနှစ်တွင် အဆင့် ၁၄၆၊ အမှတ် ၇၇ ဒသမ ၁၀ မှတ်၊ ၂၀၁၉ ခုနှစ်တွင် အဆင့် ၁၅၂၊ အမှတ် ၇၇ ဒသမ ၃၃၊ ၂၀၂၀ အတွက်မူ အဆင့် ၇၀နှင့် အမှတ်မှာ ၈၉ ဒသမ ၃ ဖြစ်ပါသည်။ ယခုနှစ်တွင် အဆင့်တိုးတက်မှုမှာ အလွန်ကောင်းမွန်ခဲ့ပြီး ယခင်နှစ်ကထက် အဆင့်မှာ ၈၂ ဆင့်အထိ တိုးတက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ တိုးတက်ရန်အတွက် အကောင်းဆုံးဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေထုတ်ပြန်နိုင်ခဲ့ခြင်းနှင့် အွန်လိုင်းမှ မှတ်ပုံတင်နိုင်ခြင်း၊ စရိတ် လျှော့ချနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဆောက်လုပ်ခွင့်ရယူခြင်းအညွှန်းကိန်း (Dealing with Construction Permit Indicator)

အညွှန်းကိန်းတိုင်းတာသည့် စီးပွားရေးမြို့ဖြစ်သော ရန်ကုန်မြို့၏ စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ရယူခြင်း အညွှန်းကိန်း (Dealing with construction permit indicator) နှင့်ပတ်သက်၍လည်း ယခု ၂၀၂၀ အတွက် ထုတ်ပြန်ချက်တွင် အဆင့် ၃၅ ဆင့်အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ အဆင့်အနေဖြင့် ယခုနှစ်တွင် ၄၆ အထိ ရောက်ရှိလာပြီး အမှတ်အားဖြင့်လည်း ယခင်နှစ်ကထက် ၅ ဒသမ ၀၅ မှတ်မြင့်တက်ပြီး အမှတ်ပေါင်း ၇၅ ဒသမ ၄ အထိ ရရှိခဲ့ပါသည်။ ယခင်နောက်ကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၀၊ ၂၀၁၇ ခုနှစ်တွင် အဆင့် ၆၆၊ ၂၀၁၉ ခုနှစ်တွင် အဆင့် ၈၁ နှင့် ယခု ၂၀၂၀ နှစ်တွင် အဆင့် ၄၆ သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ အမှတ်အနေဖြင့် ယခင်နှစ် ၂၀၁၉ တွင် ၇၀ ဒသမ ၃၅ ဖြစ်ပြီး ယခု ၂၀၂၀ အတွက် ၇၅ ဒသမ ၄ အထိ ရရှိခဲ့ပါသည်။ တွက်ချက်သည့် နည်းလမ်းအရ အမှတ်တိုးတက်မှုကို ၅ ဒသမ ၀၅ ဟုဖော်ပြထားပြီး ၂၀၂၀ ရမှတ်မှ ယခင်နှစ် ၂၀၁၉ ရမှတ်ကို နုတ်ခြင်းဖြင့် မရရှိနိုင်ပါ။ ယခုအညွှန်းကိန်းတွင် အဓိကဖြစ်သော ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီသည် ပြုပြင်ပြောင်းလဲမှုအများအပြားကို ပြုလုပ်နိုင်ပြီး မကြာမီကာလတွင် ဆောက်လုပ်ရေးလုပ်ကိုင်ခွင့်ကို အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရန်အတွက် IFC ၏ ကူညီမှုဖြင့် ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တစ်မြို့လုံး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရပါသည်။

လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအညွှန်းကိန်း (Getting Electricity Indicator)

စီးပွားရေးလုပ်ငန်းများ လျှပ်စစ်ဓာတ်ရရှိနိုင်မှုကို တိုင်းတာသည့် အညွှန်းကိန်းကိုကြည့်လျှင် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၂၆၊ ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၄၉၊ ၂၀၁၉ခုနှစ်အတွက်တွင် ၁၄၄ ရှိပြီး ယခု ၂၀၂၀ အတွက် အဆင့် ၁၄၈ သို့ ၄ ဆင့်ကျဆင်းခဲ့ပါသည်။

အမှတ်ရရှိမှုတွင် ကြည့်လျှင် ၂၀၁၇ ခုနှစ်တွင် ၅၂ ဒသမ ၁၇ မှတ်၊ ၂၀၁၉ ခုနှစ်တွင် ၅၅ ဒသမ ၆၇ မှတ် နှင့် ၂၀၂၀ပြည့်နှစ်အတွက် ၅၆ ဒသမ ၇ မှတ်ရရှိခဲ့ကာ အမှတ်တိုးတက်မှုမှာ တွက်ချက်မှုစနစ်အရ ၁ ဒသမ ၀၃ မှတ်ရရှိကြောင်းသိရသည်။ ၂၀၂၀ အတွက် ပြုပြင်ပြောင်းလဲမှု Reform အနေဖြင့် လုပ်ငန်းစဉ်အဆင့်ကို နှစ်ဆင့်လျှော့ချနိုင်ခဲ့ခြင်း၊ အချိန်ကြာမြင့်မှုကို စုစုပေါင်း ၇၇ ရက်မှ ၂၉ ရက်သို့ လျှော့ချနိုင်ခဲ့ခြင်း၊ မီတာတပ်ဆင်မှုကြာချိန်ကို ၂၁ ရက်မှ ၂ ရက်အထိ လျှော့ချနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အမှတ် ၁ ဒသမ ၀၃ မှတ်တက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အခြားသောနိုင်ငံများမှ အမှတ်ရရှိမှုများသည် မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားရရှိမှု အညွှန်းကိန်းထက် များပြားကြသဖြင့် အဆင့်တွင် ယခင်နှစ်ကထက် လျော့ကျခဲ့ခြင်းဖြစ်ပါသည်။

ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း အညွှန်းကိန်း (Registering Property Indicator)

ပိုင်ဆိုင်မှုကို မှတ်ပုံတင်ခြင်းအညွှန်းကိန်းတွင် ၂၀၂၀အတွက် ပြုပြင်ပြောင်းလဲမှု Reform အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် မြေရာဇဝင် ရှင်းလင်းခြင်းနှင့် မြေပုံ လျှောက်ထားခြင်းတို့အတွက် ကြာမြင့်ချိန်ကိုလျှော့ချခြင်း၊ မြေပုံကူးယူခွင့် လျှောက်ထားခြင်းကို အွန်လိုင်းမှ လျှောက်ထားနိုင်ခြင်း၊ ရာဖြတ်သတ်မှတ်ချိန်ကိုလျှော့ချနိုင်ခြင်း၊ မြေမှတ်ပုံတင်ရန် ကြာမြင့်ချိန်ကို လျှော့ချနိုင်ခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော အချက်အလက်များကို အများသိစေရန် ဝက်ဆိုက်တွင်ဖော်ပြထားခြင်းနှင့် လက်ကမ်းစာစောင်များ ထုတ်ပြန်ခြင်း၊ တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များ ကြေညာခြင်းစသည်တို့ကို ပြုလုပ်နိုင်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် အဆင့်မှာ ၁၂၅ သို့ ယခင် နှစ် ၂၀၁၉ အဆင့် ၁၃၆ ထက် ၁၁ ဆင့် တက်လာခဲ့ပါသည်။ အမှတ်အနေဖြင့်ဆိုလျှင်လည်း ယခင်နှစ် ၂၀၁၉ တွင် ၅၂ ဒသမ ၃၀ မှတ်မှ ယခု ၂၀၂၀ ပြည့်နှစ်အတွက် ၅၆ ဒသမ ၅ မှတ် ရရှိသဖြင့် တွက်ချက်မှုအရ ၄ ဒသမ ၂ မှတ် တိုးတက်ခဲ့ပါသည်။

ချေးငွေရယူနိုင်မှုအညွှန်းကိန်း (Getting Credit Indicator)

ချေးငွေရယူနိုင်မှုအညွှန်းကိန်း (Getting Credit indicator) ကိုကြည့်လျှင် တိုးတက်မှုအနေဖြင့် မတွေ့သေးသည်ကို အဆင့်နှင့် ရမှတ်များတွင် တွေ့ရပါသည်။ ၂၀၁၉ ခုနှစ်အတွက် အဆင့် ၁၇စမှ ၂၀၂၀ အတွက် အဆင့်တွင် ၁၈၁ သို့ သုံးဆင့်ကျဆင်းခဲ့သည်။ ရမှတ်အနေဖြင့် ယခင်နှစ်ကလည်း ၁၀ မှတ်ရရှိခဲ့ပြီး ၂၀၂၀ တွင်လည်း ၁၀ မှတ်သာ ရရှိခဲ့သည်။ အဆင့်အနေဖြင့် ကျဆင်းသော်လည်း အမှတ်ရရှိမှုမှာ မတက်မဆင်းရှိခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်လျက်ရှိသော်လည်း ကာလရှည်ဆောင်ရွက်ရသော ကိစ္စများဖြစ်သောကြောင့် အမှတ်မရခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ သို့

HNIN NWE AYE

B.com, CPA, LCCI
Principal, HNA Group
Certified Public Accountants
&
Financial Consultants

Add : No.160, 1st Floor (Left), 45th,
Botahtaung Township, Yangon.
Mobile : +959 5405556, +959 49253908,
+959 785405556
Email : hninnweaye4@gmail.com

အကာဦး ကုမ္ပဏီလီမိတက်

တန်ဖိုးမြှင့် ထုတ်ကုန်ပဲမျိုးစုံ ကြိတ်ခွဲ၊ သန့်စင်ခြင်းနှင့် ထုတ်လုပ်၊ တင်ပို့ ရောင်းချခြင်းလုပ်ငန်း

အမှတ်(၁၂၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ စက်မှုဇုံ(၄)၊
လှိုင်သာယာစက်မှုဇုံ၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၆၈၅၀၃၉၊ ၃၆၈၅၃၁၅၊
၃၆၈၅၀၀၄၊ ၃၆၈၅၇၄၄။

ပဲစဉ်းငုံအခွံချတ်အခြမ်း

ပဲတီစိမ်းအခွံချတ်အခြမ်း(ပဲဝါလေး)

မတ်ပဲအခွံချတ်အခြမ်း

No.124, Wetmasutt Wun Htaut Street,
Industrial Zone 4, Hlaing Tharyar Township,
Yangon, Myanmar.
TEL : +951 3685039, +951 3685315,
+951 3685004, +951 3685744
Mobile : +959 5013869
Email : myolwin@sixsigmatrade.com

သွင်းကုန်အစားထိုး

ဓွယ်ရုံရတော်ဝင်သမားတော်များကုဆေး

၁။ ဓွယ်ရုံအထူးဆေးတော် ၂။ နှစ်လုံးအထူးဆေးတော် ၃။ လေငန်းအထူးကုဆေးတော်
၄။ ဆီးချိုအထူးကုဆေးတော် ၅။ သွေးသန့်ဆေး ၆။ အထူးအားဆေး
၇။ အသဲရောဂါအထူးကုဆေး ၈။ အဆုတ်အထူးကုဆေး
၉။ ဆီးနှင့်ကျောက်ကပ်အထူးကုဆေး ၁၀။ ဦးနောက်နှင့်အာရုံကြောအထူးကုဆေး

အမှတ်(73)၊ အလုံမြို့နယ်၊ စလင်းလမ်း၊ ဆင်မင်းဈေးမှတ်တိုင်၊
ရန်ကုန်မြို့။
ဖုန်း ၊ ၀၉၂၆၄၈၆၁၅၈၀၊ ၀၉၂၅၈၁၈၇၂၃၅

ဦးနတ်သူက
ယိုစုံ

ပါဝင်ပစ္စည်းများ
- မရမ်းသီး/သရက်သီး
- ထန်းလျက်/ သကြား
- ဆား၊ ငရှပ်၊ မထလား

ထားသိုနည်း
အေး၍ ခြောက်သွေ့သောနေရာတွင်ထားပါ။
နေရောင်နှင့် တိုက်ရိုက်မထိတွေ့စေဘဲ သာမန်အပူချိန်တွင်ထားပါ။

Nutrition Facts အာဟာရတန်ဖိုးတော်ပြချက် 1 package (100 g) တစ်ထုပ်(၁၀၀ ဂရမ်)		
Energy	329	Kcal
စွမ်းအင်	၃၂၉	ကီလိုကယ်လိုရီ
Protein	1	g
အသားမိတ်	၁	ဂရမ်
Fat	0.5	g
အဆီမိတ်	၀၅	ဂရမ်
Carbohydrate	80	g
ကစီမိတ်	၈၀	ဂရမ်

အ . စ - ၁၂(၂၀၉၃၀)

MFD -
Exp; D -
Lot; No. -

အလေးချိန် - ±၃၀ ဂရမ်

Product of Myanmar

5 974250 331656

အမှတ် - ၃၃(ခ)၊ ဥယျာဉ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၃၁၅၀၃၈၄

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.50%၊ Annual Rate of Inflation 8.35%၊ Year on Year Inflation 10.87% ရှိသည်ကို လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး (AMRO) ကထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ AMRO သည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေအရပ်ရပ်၊ ဘဏ္ဍာရေး ခိုင်မာမှုနှင့်ပတ်သက်၍ စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံ တင်ပြခြင်းတို့ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ပြင် ယခုဘဏ္ဍာနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်က ၆ ဒသမ ၈ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်ကိုလည်း သိရှိရသည်။

စင်ကာပူနိုင်ငံတွင် ရုံးစိုက်ထားသော အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ကို ကိုယ်စားပြုသော AMRO ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းရခြင်းနှင့်ပတ်သက်၍ အချက်လေးချက်ကို ထောက်ပြထားပြီး ယင်း အချက်များမှာ ပြုပြင်ပြောင်းလဲမှု အရှိန်နှေးကွေးလာခြင်းကြောင့် စီးပွားရေးရပ်တည်ချက်များ အားကောင်းလာခြင်း၊ အထည်အလိပ်နှင့် အခြားထုတ်ကုန်ပစ္စည်းများ တိုးတက်လာခြင်း၊ ခရီးသွားလာရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ပြန့်လာခြင်း၊ ငွေကြေးသုံးစွဲမှု ပိုမိုအားကောင်းလာခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး အားကောင်းလာသည်ဆိုသော်လည်း ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ ယခုဘဏ္ဍာနှစ်တွင် ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံခြင်းနှင့် ရောင်းလိုအား အကြောင်းရင်းများကြောင့် ငွေကြေးဖောင်းပွမှု မြင့်တက်ခြင်းဖြစ်သည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမှုကို နှောင့်နှေးစေမည့် အကြောင်းရင်းများနှင့် ပတ်သက်၍လည်း AMRO ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

စဉ်	နိုင်ငံတကာ ငွေကြေးများ		၁၈-၁၀-၁၉	၂၁-၁၀-၁၉	၂၂-၁၀-၁၉	၂၃-၁၀-၁၉	၂၄-၁၀-၁၉	တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%)	
၁	Myanmar	kyat	၁၅၃၃.၁	၁၅၃၃.၇	၁၅၃၅.၃	၁၅၃၅.၂	၁၅၃၃.၆	၀.၀၃	⬆
၂	Thai Baht	THB	၃၀.၂၇၅	၃၀.၂၅၅	၃၀.၃၁၅	၃၀.၃၀၅	၃၀.၂၆၅	-၀.၀၃	⬇
၃	Singapore Dollar	SGD	၁.၃၆၆	၁.၃၆၁	၁.၃၆၂	၁.၃၆၃	၁.၃၆၃	-၀.၂၂	⬇
၄	Malaysian Ringgit	MYR	၄.၁၈၅	၄.၁၈၁	၄.၁၈၇	၄.၁၈၈	၄.၁၈၇	၀.၀၅	⬆
၅	Indonesian Rupiah	IDR	၁၄၁၄၄	၁၄၀၇၈	၁၄၀၄၀	၁၄၀၅၂	၁၄၀၅၉	-၀.၆၀	⬇
၆	Chinese Yuan	CNY	၇.၀၈၃	၇.၀၇၂	၇.၀၈၂	၇.၀၇၄	၇.၀၇၀	-၀.၁၈	⬇
၇	Indian Rupee	INR	၇၁.၀၉၅	၇၀.၈၃၇	၇၀.၉၁၅	၇၀.၉၁၆	၇၁.၀၂၃	-၀.၁၀	⬇
၈	Japanese Yen	JPY	၁၀၈.၆၇၇	၁၀၈.၆၁၁	၁၀၈.၅၅၅	၁၀၈.၃၈၇	၁၀၈.၇၀၄	၀.၀၂	⬆
၉	Australian Dollar	AUD	၁.၄၆၃	၁.၄၅၄	၁.၄၅၇	၁.၄၆၂	၁.၄၆၄	၀.၀၇	⬆
၁၀	Euro	EUR	၀.၈၉၉	၀.၈၉၅	၀.၈၉၈	၀.၈၉၉	၀.၈၉၈	-၀.၁၁	⬇
၁၁	Pound Sterling	GBP	၀.၇၇၆	၀.၇၇၀	၀.၇၇၃	၀.၇၇၈	၀.၇၇၆	၀.၀၀	

Source- Central Bank of Myanmar

ရှိရပါသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ဒသမ ၁၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၂၄ ရက်တွင် ၁၅၃၃ ဒသမ ၆၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ သုည သုံးရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၂၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးစျေးကွက်ကို လေ့လာရာ၌ အောက်တိုဘာ ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ အောက်တိုဘာ ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ အောက်တိုဘာ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၆ ကျပ်၊ အောက်တိုဘာ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၅ ကျပ်၊ အောက်တိုဘာ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်အသီးသီးပေါက်စျေးများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။



စာမျက်နှာ (၁၅) သကြား ပြည်တွင်းစျေးနှုန်းနှင့် . . . မှအဆက်

သကြားစျေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် ပြုလုပ်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော ထန်းသကြားနှင့် ထန်းဝိုင်ထုတ်လုပ်လိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြောကြားခဲ့သည်ကို သိရှိရသည်။ စွန့်ဦးတီထွင်စွမ်းဆောင်နိုင်သည့်သူများရှိကြောင်း၊ ထန်းလျက်ကို ရောင်းပါက စျေးသိပ်မရရှိဘဲ ထန်းရည်ကို သကြားပြန်ချက်၍ ပြည်ပသို့ တင်ပို့နိုင်ပါက စျေးကောင်းရရှိကြောင်း၊ နည်းပညာအခက်အခဲရှိသော်လည်း ထန်းရည်မှ ရရှိသည့် သကြားသည် ရိုးရိုးသကြားနှင့်နှိုင်းယှဉ်ပါက ဆီးချိုဖြစ်စေသော ဓာတ်အလွန်နည်းပါးသည့်အပြင် ပရိုတင်းဓာတ်များစွာပါဝင်ကြောင်း သိရှိရသည်။

ထို့ကြောင့် ထန်းရည်မှချက်လုပ်သည့်သကြားကို ဝယ်ယူလိုသူများရှိသော်လည်း တောင်သူများအနေဖြင့် နည်းပညာအခက်အခဲရှိခြင်း၊ နည်းပညာအရ ထန်းရည်သည် ခဏသာ အထားခံပြီး နံနက်ပိုင်း ထန်းပင်ပေါ်မှချသည့် အရည်သည် နေ့ခင်းပိုင်းတွင် ခါးသွားလေ့ရှိခြင်း၊ မနက်ပိုင်းချသည့် ပင်ကျရည်သည် အချိုဓာတ်များ၍ သကြားပါဝင်မှုများခြင်းကြောင့် ထန်းပင်ပေါ်ကချသည့် ထန်းရည်ကို ကြာကြာထားနိုင်စေရန် ရေခဲနှင့် ထားနိုင်မှသာ ထန်းမှထွက်သည့်ထုတ်ကုန်များကို များများပြုလုပ်နိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် ယခုအခါတွင် အချို့ကုမ္ပဏီများက စမ်းသပ်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ထန်းရည်ကို ရေခဲပုံးဖြင့်ခံ၍ ချက်ချင်းသကြားချက်နိုင်အောင် ဆောင်ရွက်ပြီး ယင်းချက်လုပ်ရာမှ ထွက်လာသည့် သကြားသည် စျေးကောင်းရရှိကြောင်း၊ ထန်းကိုတန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ထန်းတက်သမားများကိုလည်း နေ့တွက်ခ လုံလောက်စွာ မပေးနိုင်ကြောင်း၊ ထန်းတက်သမားများမှာ တစ်ရက်လုပ်အားခ လုံလောက်စွာ မရရှိခြင်းကြောင့် ထန်းတက်ရန် စိတ်ဝင်စားမှု နည်းလာကြောင်း၊ ထန်းရည်မှ သကြားနှင့် ဝိုင်ထုတ်လုပ်နိုင်ပါက ထန်းတက်သမားတစ်ဦးကို လုံလောက်သည့် လုပ်အားခပေးနိုင်မည်ဖြစ်ကြောင်း၊ ထန်းရည်ကို အချိန်ကြာကြာ သိမ်းဆည်းနိုင်ခြင်းမရှိသဖြင့် ဝိုင်ချက်လုပ်ပြီး နှစ်ပေါင်းများစွာကြာအောင် ထားရှိသိမ်းဆည်းသင့်ကြောင်း၊ ထန်းရည်ဝိုင်တွင်လည်း လူကိုအကျိုးပြုသည့် အာဟာရဓာတ်များစွာ ပါဝင်သည့်အပြင် စျေးကွက်တွင်လည်း ဝယ်လိုအားကောင်းကြောင်း သိရှိရသည်။

အောက်တိုဘာလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားစျေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၅ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၄၅ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၇-၄၅၂၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၇၁-၉၉၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားစျေးနှုန်းများ မြင့်တက်လာခဲ့ပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားစျေးနှုန်းများ အနည်းငယ်ကျဆင်းလာခဲ့

ကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်စျေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၉ ဒေါ်လာ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

အောက်တိုဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှစျေးမှာ အမေရိကန်ဒေါ်လာ ၅၀၅ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၅ ပေါက်စျေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၃၄၀ ဒေါ်လာ စျေးနှုန်းကွာဟချက် ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၉ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်စျေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ် နေပြီး မကွေး၊ တောင်ကြီး၊ မန္တလေး၊ ထားဝယ်၊ မော်လမြိုင်နှင့် ဘားအံမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ နှင့် ပျဉ်းမနားမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်အတွင်း ကမ္ဘာ့သကြားစျေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၂၅ ရာခိုင်နှုန်း စျေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စာပေနှင့် အနုပညာမူပိုင်ခွင့် ကာကွယ်ထိန်းသိမ်း အကျိုးဆောင်ရေး CMO အဖွဲ့များ အရေးကြီးသည်

မောင်လွင်ပြင်

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေနှင့်ပတ်သက်၍ လေးမျိုးရေးဆွဲထားကာ အတည်ပြုပြဋ္ဌာန်းပြီးလည်းဖြစ်သည်။ မူပိုင်ခွင့်ဥပဒေ လေးမျိုးမှာ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေအနုပညာမူပိုင်ခွင့် ဥပဒေတို့ဖြစ်သည်။ ယင်းမူပိုင်ခွင့်ဥပဒေများကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများစသည်တို့၏ အကြံပြုချက်များရယူပြီး မူကြမ်းရေးဆွဲခဲ့သည်။

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေတို့ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကိုတော့ ၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည်ဟု သိရ၏။ ယင်းဥပဒေလေးရပ်သည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာနှင့် သတ်မှတ်ကြေညာသည့်နေ့မှစ၍ စတင် အာဏာသက်ရောက်မည်ဖြစ်၏။ ယင်းဥပဒေများ အာဏာသက်ရောက်ရေး အကောင်အထည်ဖော်ရမည့်အဖွဲ့အစည်းသည် ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာနခွဲဖြစ်သည်။ ဥပဒေလေးရပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် ဝန်ကြီးဌာနကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးဌာနသည် ယင်းဥပဒေလေးရပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီ၊ မူပိုင်ခွင့်ဦးစီးဌာနစသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ဌာန၊ အဖွဲ့အစည်းများထူထောင်နိုင်ရေး၊ ရုံးဖွင့်လှစ်နိုင်ရေးတို့ကိုလည်း မူပိုင်ခွင့်ဆိုင် ရာဗဟိုကော်မတီက စီစဉ်ဆောင်ရွက်နေသည်။ မူပိုင်ခွင့်နည်းဥပဒေများထွက်ရှိရေးကိုလည်း ရေးဆွဲဆောင်ရွက်နေပြီး မကြာခင်ကာလများတွင် မူပိုင်ခွင့် ဥပဒေများအတွက် နည်းဥပဒေများ ပေါ်ထွက်လာတော့မည်။

မူပိုင်ခွင့်ဥပဒေလေးမျိုးလေးစားတွင် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေသည် အရှုပ်ထွေးဆုံးနှင့် အကျယ်ပြန့်ဆုံး ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ ယင်းဥပဒေနှင့် အခြားမူပိုင်ခွင့်ဥပဒေများနှင့် မတူကွဲပြားခြားနားသည့် အချက်တစ်ခုပါဝင်သည်။ ယင်းဥပဒေတွင် CMOs အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခွင့် ပေးထားသည်။ CMO အဖွဲ့ဆိုသည်မှာ Collective Management Organizations ကိုဆိုလိုသည်။ CMOs ၏ဆိုလိုရင်းက Right Holder မူပိုင်ရှင်များ၊ အခွင့်အရေးရှိသူများကိုယ်စား လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ ရရှိဖို့ လွှဲအပ်ထားသည့် အဖွဲ့အစည်းဖြစ်သည်ဟု နားလည်နိုင်သည်။ CMO အဖွဲ့များသည် စာပေနှင့်အနုပညာမူပိုင်ရှင်များနှင့် အပြန်အလှန် သဘောတူညီချက်များနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်။ တစ်နည်းအားဖြင့် စာပေနှင့်အနုပညာမူပိုင်ရှင်များ၏ အကျိုးဆောင်အဖွဲ့ဟုလည်း ဆိုနိုင်သည်။ မန်နေဂျာအလုပ်လုပ်ပေးသောအဖွဲ့များဟုလည်း ဆိုနိုင်၏။ သို့သော် အကျိုးဆောင်အဖွဲ့မျိုးဆိုသော်လည်း စီးပွားရေးလုပ်သည့်အဖွဲ့မျိုးမဟုတ်ဘဲ အမြတ်အစွန်းရယူသည့် အဖွဲ့မျိုးလည်းမဖြစ်စေရဟု လေ့လာ သိရှိရသည်။ ပြည်တွင်း CMO အဖွဲ့များသည် ပြည်ပ CMO အဖွဲ့များနှင့်လည်း ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။ မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ပြည်တွင်း CMO အဖွဲ့များသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များ၌ ပါဝင်လက်မှတ်ရေးထိုးထားဖို့တော့ လိုမည်။ မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ် အကောင်အထည်ဖော်နိုင်ရေး CMO အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေပါပြီလား ဆက်လက်လေ့လာကြည့်မိသည်။

CMO အဖွဲ့များသည် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ အသက်ဝင်လာပြီဆိုလျှင် စတင်လုပ်ကိုင်လှုပ်ရှားရမည်ဖြစ်သည်။ သို့သော်မြန်မာနိုင်ငံ၌ ယခုပင်လျှင် စတင်လှုပ်ရှားဆောင်ရွက်နေပြီဟု သိရသည်။ မြန်မာနိုင်ငံတွင် တေးသီချင်းများ ခိုးကူးခံနေရသည်။ ရုပ်ရှင်ဇာတ်ကားများလည်း ခိုးကူးခိုးပြခြင်း ခံနေရသည်။ စာအုပ်တိုက်များက ထုတ်ဝေဖြန့်ချိထားသည့် လုံးချင်းစာအုပ်အချို့သည်လည်း မူပိုင်ရှင်စာရေးဆရာ၊ ထုတ်ဝေသူများ၏ ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းပေါ် အီးဘွတ်ခ်အနေဖြင့် တင်ထားကြသည်။ မူပိုင်ရှင်များ အကျိုးခံစားခွင့်လုံးဝမရှိဖြစ်နေသည်။ မူရင်းဖန်တီးသူ၊ ထုတ်လုပ်သူ၊ ထုတ်ဝေသူများအား စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ အကာအကွယ်ပေးဖို့လိုနေသည်။ ခိုးယူအသုံးချ ကိုယ်ကျိုးစီးပွားရှာနေသူများအား စုံစမ်းဖော်ထုတ် အရေးယူဖို့လိုနေသည်။ ဤနေရာတွင် မူပိုင်ခွင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမည့် အကျိုးဆောင်ပေးမည့် CMO အဖွဲ့များ အထူးလိုအပ်လာသည်။ နိုင်ငံတစ်နိုင်ငံတွင် မူပိုင်ခွင့်ချိုးဖောက်ခံရခြင်းသည် ယင်းနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသည်။ တစ်နည်းအားဖြင့် အမျိုးသားရေးပုံရိပ် ထိခိုက်ခြင်းဟုမှတ်ယူနိုင်သည်။ နိုင်ငံ့ပုံရိပ်မထိခိုက်ရေး မူပိုင်ခွင့်ချိုးဖောက်ခြင်းများကို ပညာပေးဖို့လိုမည်။

စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာ၊ ပန်းချီစသည့် အနုပညာရှင်များသည် မိမိတို့အနုပညာ ဖန်တီးမှုထုတ်ကုန်များကို ကုမ္ပဏီတည်ထောင်ထုတ်လုပ်ကြသူများမဟုတ်။ ထို နည်းတူ မန်နေဂျာအဖွဲ့၊ ကိုယ်စားလှယ်အဖွဲ့စသည်တို့ခန့်ထား အလုပ်လုပ်ကြသည်လည်း မဟုတ်။ ထို့ကြောင့် ၎င်းတို့၏အနုပညာ၊ စာပေလက်ရာမူပိုင်ခွင့်ကို အကာအကွယ်ပေးဖို့CMO အဖွဲ့များ လိုလာသည်။ CMO အဖွဲ့သည် စာပေ၊ အနုပညာမူပိုင်ခွင့် ထိန်းသိမ်းကာကွယ်ခြင်း၊ ရပိုင်ခွင့်အခွင့်အရေးများခံစားရရှိရေးအတွက် CMO အဖွဲ့သည် ဝန်ဆောင်ခအဖြစ် ငွေကြေး အနည်းအကျဉ်း ထိုက်သင့်သလောက် သာယူရမည်။ မူရင်းဖန်တီးရှင်များအား မူပိုင်ခွင့်ရသမျှ အခွင့်အရေးများ (ငွေကြေးများ၊ ဉာဏ်ပူဇော်ခများ) ကို အကုန်လွှဲအပ်ပေးရမည်။ စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာ၊ ပန်းချီအနုပညာရှင်များသည် CMO အဖွဲ့သို့ မိမိတို့၏ မူပိုင်ခွင့်စာအုပ်များ၊ တေး သီချင်းများ၊ ပန်းချီဒီဇိုင်းလက်ရာများ စသည်တို့ကို အပ်ထားရမည်။ တစ်ဆင့်သုံးချင်သူက CMO အဖွဲ့ ထံဆက်သွယ်ပြီး ခွင့်ပြုချက်တောင်းခံရမည်။ CMO သည် မူပိုင်ခွင့်ကိစ္စအဝဝကို စီစဉ်ဆောင်ရွက်ရမည်။

ထိုနည်းတူ ပြည်ပနိုင်ငံများက စာပေနှင့်အနုပညာပစ္စည်းများကို ပြည်တွင်းက အသုံးပြုချင်ပြီဆိုလျှင်လည်း ပြည်ပသက်ဆိုင်ရာနိုင်ငံ၏ CMO အဖွဲ့အစည်းများနှင့် အဆက်အသွယ်လုပ်ရမည်။ နိုင်ငံခြားစာအုပ်တစ်အုပ် မြန်မာဘာသာပြန်ချင်၊ ထုတ်ဝေချင်လျှင် ယင်းစာအုပ်အပ်ထားသည့် CMO အဖွဲ့နှင့်ဆက်သွယ်ပြီး မူပိုင်ခွင့် ကိစ္စဆောင်ရွက်ရမည်။ တေးသီချင်းများ အသုံးပြုချင်လျှင်လည်း ထိုနည်းအတိုင်း မူပိုင်ခွင့်စနစ်အရ အဆင့်ဆင့် ဆောင်ရွက်ရမည်။ ပြည်တွင်းပြည်ပမူပိုင်ခွင့်ကိစ္စ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံ CMO အဖွဲ့အချင်းချင်း ဆောင်ရွက်ခြင်းလည်းရှိသည်။ နှစ်နိုင်ငံ CMO အဖွဲ့ အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြသည်က ပိုများသည်ဟုလည်း သိရသည်။

ယခုအထိတော့ မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကိစ္စ CMO အဖွဲ့နှင့် အလုပ်လုပ်ကြရသည်ကို သိသူနည်းနေသေးပြီး အစိမ်းသက်သက်သဘောလည်း ဖြစ်နေသည်ဟု မူပိုင်ခွင့်ဆိုင်ရာဥပဒေပညာရှင်အချို့က ဆိုသည်။ မည်သို့ဖြစ်စေ မကြာခင်အချိန်ကာလတစ်ခုမှာတော့ မူပိုင်ခွင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ရပိုင်ခွင့်အခွင့်အရေးများ တောင်းဆိုခြင်းများက လူရာသူရာဝင်လာတော့မည်ဖြစ်သည်။ သူတစ်ပါးဖန်တီးထားသော စာပေလက်ရာ၊ အနုပညာလက်ရာ၊ တေးဂီတ လက်ရာများကို မူပိုင်ရှင်မသိဘဲ (အသိမပေးဘဲ) ငြောင်ယူသုံးပြီး ခပ်တည်တည်မသိချင်ယောင်ဆောင်နေခြင်းသည် ခိုးမှုမြောက်သည်(သူခိုးကျင့် သူခိုးကြံကြံသည်) ဆိုသည်ကိုလည်း ထင်ထင်ရှားရှားပေါ်လာပြီး အများပြည်သူနှာခေါင်းရှုံ့၊ အော့နှလုံးနာကြတော့မည်ဖြစ်သည်။ မူပိုင်ခွင့်ချိုးဖောက်ခြင်းသည် ကိုယ်ကျင့်သိက္ခာနှင့်ဆိုင်သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးကလည်း မူပိုင်ခွင့် ဥပဒေများ၏နည်းဥပဒေများအမြန်ပေါ်ထွက်လာရေး၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေနှင့်သက်ဆိုင်သည့် CMO အဖွဲ့များ အမြန်ပေါ်ပေါက်လှုပ်ရှားလာရေးကို ကြိုဆိုနေကြလိမ့်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

■



မော်လမြိုင်ရှိ ဝဉ်အခြောက်ခံစက်ရုံသို့ စားသုံးသူရေးရာ ဦးစီးဌာနမှ သွားရောက်လေ့လာ

ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပဈေးကွက်အလားအလာရှိသော သီးနှံများ ပိုမို ထုတ်လုပ်လာနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက်က မော်လမြိုင်မြို့၊ ကျောက်တန်းစက်ရုံစုရှိ K.K.K ဝဉ်အခြောက်ခံစက်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။

ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် K.K.K ဝဉ်အခြောက်ခံစက်ရုံ တာဝန်ခံ ဦးဟိန်းထွန်းနှင့် တွေ့ဆုံ၍ ကုန်ကြမ်းစုဆောင်းမှုအခြေအနေ၊ ဈေးနှုန်း၊ ဈေးကွက်၊ တစ်နေ့ထုတ်လုပ်နိုင်မှုအခြေအနေတို့ကို မေးမြန်းဆွေးနွေးခဲ့ရာ ၎င်းတို့အနေဖြင့် ဝဉ်အစိုကို ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ ဇင်းကျိုက်တုံ၊ ရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းနယ်ဘက်မှ ဝယ်ယူပြီး ယခင်နှစ်က ဝဉ်ပေါ်ဦးစအချိန်က

တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ရှိပြီး ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၄၀၀ ဖြင့် ဝယ်ယူရရှိကြောင်း၊ ယခု အောက်တိုဘာလတွင် ဝဉ်အစိုတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ပေးရကြောင်း၊ စက်ရုံလိုအပ်ချက်မှာ တစ်နေ့ ပိဿာ ၁၀၀၀၀ လိုအပ်သော်လည်း ကုန်ကြမ်းအခက်အခဲကြောင့် တစ်နေ့လျှင် ပိဿာ ၇၀၀၀ ဖြင့်သာ လည်ပတ်ရပြီး ကုန်ချောထွက်ရှိမှုမှာ တစ်နေ့လျှင် ဝဉ်ခြောက် ပိဿာ ၁၃၀၀ ခန့် ထွက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် အပြင်မှ ဓားဖြင့် လှီး၍ အခြောက်ခံရောင်းသော ဝဉ်ခြောက်များကို တစ်ပိဿာ ကျပ် ၁၃၀၀၀ ပေး၍ ဝယ်ယူကြောင်း၊ တရုတ်နိုင်ငံမှ စက်ဖြင့် အခြောက်ခံသော ဝဉ်ခြောက်များကို ဈေးကောင်းပေး၍ ဝယ်ယူကြောင်း၊ ၎င်းတို့အနေဖြင့် ဝဉ်ခြောက်များကို မန္တလေး K.K.K ဝဉ်စက်ရုံမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း သိရှိရသည်။

ပြည်နယ်ဦးစီးမှူးက စက်ရုံတာဝန်ခံ ဦးဟိန်းထွန်းအား ၎င်းတို့၏ အခက်အခဲများအား မေးမြန်းရာ " ကျွန်တော်တို့မှာ အခြားအခက်အခဲတော့မရှိဘူး၊ ကုန်ကြမ်းအခက်အခဲပဲရှိတာ ဝဉ်စိုက်တောင်သူတွေက တိုးချဲ့စိုက်ပျိုးနိုင်ရင် ကောင်းမယ်"ဟု ပြောကြားသည်။

မွန်ပြည်နယ်တွင် ဝဉ်အခြောက်ခံစက်ရုံ ငါးရုံရှိလာပြီး စက်ရုံများပြားလာသည်နှင့်အမျှ ဝဉ်စိုက် တောင်သူများ ပိုမိုများပြားလာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုကောင်းလာမည်ဟု သုံးသပ်မိပါသည်။ **မိုးမိုး (မွန်)**

မော်လမြိုင်၌ ဈေးကွက်စောင့်ကြည့်စစ်ဆေး

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီးနှင့် စစ်ကဲကုန်းရပ်ကွက်ရှိ အမေရိကန် (ကလေးဆေးရုံ)တို့တွင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီဝင်များဖြင့် ရှောင်တခင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

အဆိုပါ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းတွင် နေ့စဉ်ရောင်းချနေသည့် ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်ဆိုင်များ၊ စတိုးဆိုင်များ၊ မော်တော်ကားများဖြင့် ထမင်း/ဟင်းလိုက်လံ ရောင်းချသည့်ယာဉ်များ၊ လမ်းဘေး ဝဲ/ယာရှိ ဈေးသည်များအား စားသုံးသူပြည်သူများ၊ ဆေးရုံတက်ရောက်ကုသကြသော ကလေးသူငယ်များနှင့် မိသားစုဝင်များ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များဖြစ်စေရေး၊ အမှိုက်နှင့် စားကြွင်းစားကျန်များအား စနစ်တကျ စွန့်ပစ်စေရေးတို့အတွက် ဈေးဆိုင် ၃၇ ဆိုင်တို့အား စစ်ဆေးအသိပညာပေးခဲ့ပြီး စားသုံးသူကာကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။ **မင်းနောင်(DOCA- မွန်)**

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အက္ခရာ	ဈေးနှုန်း	မှတ်ချက်
၁။	ဘယ်(လ်)တာ (၂၀၁၁)	ယာယီ	၂၃၅ သိန်း	၁၀၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၂။	ပရိုဘောက် (၂၀၁၂)	ယာယီ	၂၆၀ သိန်း	၁၀၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၃။	ဝှက်ရှ် (၂၀၁၂)	ယာယီ	၄၉၀ သိန်း	၁၀၃ ဓာတ်ဆီ၊ ရန်ကုန်
၄။	စီအာရ်ဗွီ (၂၀၀၆)	H	၃၉၀ သိန်း	၂၀၀ ဓာတ်ဆီ၊ နယ်လိုင်စင်
၅။	ပါဆို (၂၀၁၂)	N	၁၉၀ သိန်း	၁၀၃ ဓာတ်ဆီ၊ ရန်ကုန်
၆။	အင်ဆိုက် (၂၀၀၉)	P	၂၅၀ သိန်း	၁ ၃ ဓာတ်ဆီ၊ ရန်ကုန်
၇။	ဟွန်ဒါဖစ် (၂၀၁၁)	L	၂၂၅ သိန်း	၁၀၃ ဓာတ်ဆီ၊ ရန်ကုန်
၈။	ဟိုက်အေ့ (၂၀၀၇)	M	၃၇၀ သိန်း	၂၀၇ ဓာတ်ဆီ၊ နယ်လိုင်စင်
၉။	အဲလ်ဗတ် (၂၀၀၃)	H	၃၀၅ သိန်း	၂၀၀ ဓာတ်ဆီ၊ ရန်ကုန်

အိမ်ခြံမြေကဏ္ဍ

စဉ်	အိမ်/အနှန်း	တည်နေရာ	အကျယ်အဝန်း	ပါဝင်ပုံ	ဈေးနှုန်း	သီးခြားအချက်	ဆက်သွယ်ရန်
၁။	တိုက်ခန်း	မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း	၆၀၀ စ/ပေ	(၅) လွှာ၊ ဟောလ်	၃၅၀ သိန်း		၀၉/၂၅၃၃၆၃၇၉
၂။	မြေ	ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း	၅၀၀၀ စ/ပေ	မြေသီးသန့်	၆၀၀၀ သိန်း		၀၉/၂၅၃၃၆၃၇၉
၃။	မြေ	ဒဂုံ(မြောက်)(၄၄) ရပ်ကွက် မင်းရဲကျော်စွာလမ်းမ	(၃၀ x ၆၀)ပေ	မြေသီးသန့်	၇၅၀ သိန်း	လမ်းမနှီး၊ လမ်းကောင်း	၀၉/၅၁၁၇၂၆၂
၄။	တိုက်ခန်း	မြေနီကုန်း(မြောက်) ရှမ်းကုန်းလမ်း	(၃၀ x ၇၀)ပေ		၁၂ သိန်း	တစ်လအငှားနှုန်း	၀၉/၅၁၁၇၂၆၂
၅။	လုံးချင်းအိမ်	ပဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးဒိပ်သာလမ်းသွယ်	မြေ (၆၀ x ၈၀) အိမ် (၄၀ x ၄၀)	MB (3) ခန်း၊ BR (5) ခန်း	၄၃ သိန်း	တစ်လအငှားနှုန်း	၀၉/၄၀၂၀၇၁၉၂၂
၆။	တိုက်ခန်း	မင်္ဂလာတောင်ညွန့်၊ ဖဆပလ ရပ်ကွက်	ပထမထပ်	လျှောထိုးခင်း/ အခန်းဖွဲ့	၆၅၀ သိန်း	လမ်းမကြီးနှီး	၀၉/၄၀၂၀၇၁၉၂၂
၇။	အိမ်/မြေ	ပြင်ဦးလွင်မြို့၊ ရုပ်ကွက်ကြီး(၁) ဘီလမ်းသွယ်	(၅၀ x ၉၀) ပေ	သစ်သားအိမ်တစ်လုံးပါရှိ	၂၉၀၀ သိန်း		၀၉/၄၀၂၀၇၁၉၂၂
၈။	မြေ	ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်	(၈၀ x ၆၀)ပေ	မြေသီးသန့် (ဝင်းဘတ်)	၂၁၀၀ သိန်း	ဂရန်မြေ	၀၉/၄၀၂၀၇၁၉၂၂
၉။	မြေ	ပြင်ဦးလွင်မြို့၊ ညောင်နီရွာ	(၄၀ x ၆၀)ပေ	မြေသီးသန့်	၁၈၀ သိန်း	-	၀၉/၄၀၂၀၇၁၉၂၂

အလုံဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဝန်ထမ်းများ၊ အလုံမြို့နယ်ကျန်းမာရေးဌာန၊ YCDC ကျန်းမာရေးမှူး၊ အလုံဈေးတာဝန်ခံရုံးမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက်တွင် အလုံမြို့နယ် အလုံဈေးအတွင်း ကုန်မျိုးစုံဆိုင်များနှင့် ရပ်ကွက်စတိုးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် သတိပေးချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြပါရှိရမည်ဖြစ်ကြောင်းနှင့် ကုန်ညွှန်းအမှတ်အသားနှင့်ပတ်သက်၍ သိကောင်းစရာများအား ရှင်းလင်းအသိပညာပေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

နှင်းနွယ် (YGN , DOCA)

မြစ်ကြီးနားမြို့၏ ရော်ဘာဈေးနှုန်း

ကချင်ပြည်နယ်မြစ်ကြီးနားမြို့ပလန၊ နောင်နန်းရော်ဘာစိုက်ခင်းများ၏ လက်ရှိရော်ဘာပေါက်ဈေးအနေဖြင့် ဒေသခံဝယ်ရောင်းဆိုင်များက ရော်ဘာတစ်ပေါင်လျှင် ကျပ် ၇၃၀ ဈေးဖြင့်ဝယ်ယူလျက်ရှိသည်။

လက်ရှိတွင်တစ်ရက်လျှင် ရော်ဘာအပင် ၂၃၀၀ အစေးထုတ်လျက်ရှိပြီး ၎င်းအပင်များမှ ထွက်ရှိသည့် ရော်ဘာစေး အပြား ၅၅ ပြားခန့် ထွက်ရှိ၍ တစ်ပြားလျှင် သုံးပေါင်ရှိကာ တစ်ပေါင်လျှင်ကျပ် ၇၃၀ ဖြင့် ဖောက်သည်ဆိုင်သို့ ရောင်းချကြောင်း သိရှိရသည်။ **ဌေးလှိုင်**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ရောဝတီတိုင်းဒေသကြီး၏ ဒေသကော်မတီ(၄)ရွေးချယ်ဖွဲ့စည်း

မအူပင်ခရိုင် မအူပင်မြို့နယ် တိုးရွှေဝါခန်းမတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ကျင်းပသည့် ရောဝတီတိုင်းဒေသကြီး၏ ဒေသကော်မတီ(၄) ရွေးချယ်ဖွဲ့စည်းခြင်း အစီအစဉ်ကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဦးသောင်းဝင်းတို့က ဦးဆောင်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ရုံးဝန်ထမ်းများ၊ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စားသုံးသူ ရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်များ အခြားဖိတ်ကြားထားသောအဖွဲ့အစည်းများ၊ ဆန်စက်ပိုင်ရှင်များ၊ စိတ်ဝင်စားသူ တောင်သူများ၊ ဆန်ကုန်သည်များ စုစုပေါင်း ၂၃၀ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အဖွင့်အမှာစကား ပြောကြားသည်။

ရောဝတီတိုင်းဒေသကြီး၊ ဒေသကော်မတီ(၄) ရွေးချယ်ဖွဲ့စည်းခြင်း အစီအစဉ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းက ဦးဆောင်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ ကိုယ်စားလှယ်ငါးဦး စုစုပေါင်းရှစ်ဦးက ရောဝတီတိုင်းဒေသကြီး ၏ ဒေသကော်မတီ (၄)၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊

အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ပြန်ကြားရေးမှူး၊ စာရင်းစစ်မှူး စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦးကို တက်ရောက်လာကြသူများ၏ ဆန္ဒနှင့်အညီ အောင်မြင်စွာ ရွေးချယ်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းက ဧရာဝတီတိုင်းဒေသကြီး ဒေသကော်မတီ (၄) အဖွဲ့ (၄) ၏ လုပ်ထုံးလုပ်နည်း ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းက အသင်း၏ ရည်ရွယ်ချက် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်မှုများကို တကွဲတပြားစီ ဆောင်ရွက်ခြင်းထက် စုပေါင်း၍ အစီအမံများချမှတ်ပြီး ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်သည်မှ ကြိတ်ခွဲထုတ်လုပ်ရောင်းချသည်ထိ ဆန်စပါးလောကသားများ အားလုံးပူးပေါင်းဆောင်ရွက်ပါက တိုးတက်အောင်မြင်မှုရရှိလာမည့် အခြေအနေကောင်းများကို ဆွေးနွေးခဲ့သည်။

Consumer MT

ရာမညကုန်သွယ်မှုစင်တာတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဂျာမနီနိုင်ငံ GIZ အဖွဲ့နှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၅ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမည ကုန်သွယ်မှု စင်တာ၌ Making Export plan အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ တက်ရောက်အဖွင့်အမှာ စကားပြောကြားပြီး ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပို့ကုန်တင်ပို့ရန် အလားအလာရှိသော လုပ်ငန်းများမှ စုစုပေါင်းကိုယ်စားလှယ် ၂၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများ ကိုယ်တိုင် မိမိတို့လုပ်ငန်းများအတွက် ပို့ကုန်စီမံချက်တစ်ခုကို ကိုယ်တိုင်မူကြမ်းရေးဆွဲနိုင်စေရန် Company Overview မှစ၍ စီးပွားရေးလုပ်ငန်းဆန်းစစ်ချက်၊ Target Market ရွေးချယ်မှု၊ SWOT Analysis နှင့် စျေးကွက်ဝင်ရောက်မှုမဟာဗျူဟာတို့ကို အဓိကထား၍ သင်ခန်းစာတစ်ခုပြီးတိုင်း လက်တွေ့ပို့ကုန်လုပ်ငန်းစဉ်များ ဖြည့်စွက်စေခြင်းကို ဆောင်ရွက်ကာအပြန်အလှန် မေးမြန်းဆွေးနွေးမှုပုံစံဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ **မြတ်မြတ်စိုးမိုး (MYANTRADE)**

မျိုးစေ့ပြပွဲနှင့် မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲ ပြုလုပ်

မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ စိုက်ပျိုးရေးဦးစီးဌာနနှင့် WHH (INGO)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးစေ့ပြပွဲနှင့် မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ WHH နှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကာ အရည်အသွေးပြည့်မီသော မျိုးစေ့များထုတ်လုပ် သုံးစွဲစိုက်ပျိုးခြင်းအတွက် စားပွဲဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါမျိုးစေ့ပြပွဲကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့သည်။

WHH Project အစီအစဉ်ဖြင့် မျိုးစေ့အရည်အသွေးစစ်ဆေးသည့် ကိရိယာစက်ပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး မျိုးစေ့ထုတ်တောင်သူများအသင်းကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသနှင့်သင့်လျော်သော သီးနှံမျိုးများကို သိရှိလာစေရန်၊ အရည်အသွေးကောင်း မျိုးစေ့များ တိုးချဲ့ ထုတ်လုပ်၍ အရည်အသွေးကောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ စျေးကွက်အလားအလာရှိသော သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန အသိပညာပေးပြခန်း၊ စပါးသီးနှံ အပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါသီးနှံ မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းအဖွဲ့များဖြစ်သော Tropical Biotechnology ရန်ကုန်၊ WHH မြင်းမူ၊ ရွှေနန်းတော်(မန္တလေး)၊ စူပါ ဂိုး (ပုသိမ်ကြီး)၊ ရွှေရောင်ဝင်း(မတ္တရာ)၊ ဇမ္ဗူထွန်း(မြင်းမူ)၊ စိမ်းရောင်သန်းသော စစ်ကိုင်းမြေ(မုံရွာ)၊ ရွှေအင်းမ(ချောင်းဦး)၊ ရွှေသုခ(ချောင်းဦး)၊ ရွှေဇင်ယော်(လယ်ဇင်)တို့က အရောင်းပြခန်းများ ဖွင့်လှစ်ကာ ပြသရောင်းချခဲ့သဖြင့် မြို့နယ်အသီးသီးမှ တက်ရောက်လာသူများ သိရှိလေ့လာနိုင်ခဲ့ကြောင်း သိရသည်။ **ရီလင်းထွဋ် (မုံရွာ)**

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) — **ဖုန်း-** ၀၁ ၂၅၄၀၂၄ — **ဖက်စ်-** ၀၁ ၂၅၄၀၂၃ **အီးမေးလ်-**itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk — **ဖုန်း-** ၀၉ ၄၃၀ ၄၀ ၈၄၇ — **အီးမေးလ်-** mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မဇေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မွန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရုံးကွက်/အနော်ရထာလမ်းမကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရုံးကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရုံးကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၅၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်ရုံ၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါ်နဲ့ဦးရုံ၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ခုနစ်ရက် သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၈-၁၀-၂၀၁၉ မှ ၃-၁၁-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္လာသားသမီးများအတွက် အသိဉာဏ်ကြွယ်ဝတတ်သည်။ လုပ်ငန်းစီးပွားရေးတွင် သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ အထူး အောင်မြင်နိုင်ပါသည်။ စိတ်အပြောင်းအလဲများနေတတ်သည်။ ပညာရေးအောင်မြင်မည်။ အချစ်ရေးတွင် ဝေဝါးနေမှုနှင့် စိတ်ကူးယဉ်နေတတ်သည်။ အိမ်ထောင်ရေးကံ သင့်တင့်စွာရှိနေမည်။ ကျန်းမာရေးတွင် မျက်စိတိမ်စွဲခြင်း၊ မျက်စိအလင်းချို့ယွင်းခြင်းရှိတတ်သည်ကို သတိရှိပါ။

ယတြာ။ **အုန်းနို့ခေါက်ဆွဲလျှပါ။**

တနလ်ာသားသမီးများအတွက် တဇွတ်ထိုးလုပ်တတ်သော စိတ်ကိုထိန်းချုပ်နိုင်လျှင် စီးပွားရေးတွင် သူများလိုက်မမီအောင် အောင်မြင်မည်။ စီးပွားဖြစ်ထွန်းလိမ့်မည်။ ရော်ဘာလုပ်ငန်း အကျိုးပေးကောင်းပါသည်။ ပညာရေးကြိုးစားနေရမည်။ အချစ်ရေးတွင် အလိုလိုက် အကြိုက်ဆောင်ရမည်။ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးတွင် ခွဲကြေပ်ရောဂါဂရုစိုက်ပါ။

ယတြာ။ **ကျောက်ကျောလှျပါ။**

အင်္ဂါသားသမီးများအတွက် စီးပွားဖြစ်ထွန်းမည့်ကာလဖြစ်သည်။ ယာဉ်အမြောက်အမြား ပိုင်ဆိုင်မှုရရှိမည်။ ယာဉ်နှင့် ပတ်သက်သော စီးပွားရေးအလွန်ကောင်းပါသည်။ မည်သည့် လုပ်ငန်းမဆို ဇွဲလုံ့လနှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရတတ်သည်။ ပညာဉာဏ်ရည်ထက်မြက်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကံကောင်းနေတတ်သည်။ ကျန်းမာရေးကောင်းမွန်နေပါမည်။

ယတြာ။ **စတော်ဘယ်ရီသီးဖျော်ရည်လှျပါ။**

ဗုဒ္ဓဟူးသားသမီးများအတွက် အရှိန်အဝါမြင့်မားစွာဖြင့် စီးပွားရေး လုပ်ဆောင်မှုများရှိနေမည်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှု အားကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်မှုရရှိနေမည်။ အချစ်ရေးနှင့် အိမ်ထောင်ရေး ကံကောင်းသည်။ ကျန်းမာရေးတွင် အစာသော်လည်းကောင်း၊ အရေပြားသော်လည်းကောင်း ပွိုင့်စင်ဖြစ်တတ်သည်ကို သတိရှိပါ။

ယတြာ။ **ဖာလူဒါလှျပါ။**

ကြာသပတေးသားသမီးများအတွက် လူတန်းစားမခွဲခြားဘဲ ပြုလုပ်နိုင်စွမ်းသော ရဲရင့်သည့် စိတ်ရှိသောကြောင့် မည်သည့် အလုပ်တွင်မဆို အောင်မြင်မှုကိုရရှိမည် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအထူးအောင်မြင်မည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် သာယာပျော်ရွှင်မှုရရှိမည်။ အိမ်ထောင်ရေးကံကောင်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် စိုးရိမ်ကြောင့်ကြစိတ်များသော ဝေဒနာ ခံစားရတတ်သည်။

ယတြာ။ **ခေါက်ဆွဲကြော်လှျပါ။**

သောကြာသားသမီးများအတွက် စီးပွားဖြစ်ထွန်းမည့်ကာလဖြစ်သည့် အနုပညာပိုင်းဆိုင်ရာ လုပ်ငန်းများ၊ တိုးတက်ကြီးပွားချမ်းသာလာလိမ့်မည်။ ဂီတ၊ အားကစား လုပ်ငန်းများ အကျိုးပေးမည်။ ပညာသင်ရာတွင် အနှောင့်အယှက်ရှိမည်။ မကြာခဏ နားနေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံအကျိုးပေး ကောင်းနေမည်။ ကျန်းမာရေးတွင် ဦးခေါင်း၌ အဖုအပိမ့်များ ထွက်ပေါ်တတ်သည်။

ယတြာ။ **မုန့်လုံးရေပေါ်လှျပါ။**

စနေသားသမီးများအတွက် ဘာသာရပ်အကြောင်းတရားများကို အထူးကိုင်းရှိုင်းလိုက်စားနေတတ်သည်။ ခက်ခဲနက်နဲသော ပညာရပ်များတတ်ကျွမ်းမှုရှိလာလိမ့်မည်။ ပစ္စည်းဥစ္စာမြောက်မြားစွာရရှိမည်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အမှားအမှန်ကို ဂရုမစိုက်ဘဲ ဆောင်ရွက်တတ်သည်။ ကျန်းမာရေးအနေဖြင့် အစာမကြေရောဂါ ဖြစ်ပွားတတ်သည်။

ယတြာ။ **ထောပတ်ထမင်းလှျပါ။**

ကျိုင်းတုံမြို့ကက်သလစ်ဘုရားကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၁၉ ရက်တွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) (RCM) ကက်သလစ်ဘုရားကျောင်း၌ မိုင်းဖြတ်၊ မိုင်းဆတ်၊ မိုင်းပျဉ်မြို့နယ်များရှိဘာသာဝင် အသင်းသူ/ သား ၆၃၃ ဦးတို့အား သက်ဆိုင်ရာဌာနများဖြစ်သော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့နှင့်ပူးပေါင်း၍ အသိပညာပေး ဟောပြောခဲ့သည်။ မိမိတို့ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေး ဥပဒေ၊ စားသောက်ကုန်များတွင်ပါဝင်သည့် ဆိုးဆေး၊ ဖော်မလင်ပါဝင်မှုများကြောင့် ဘေးအန္တရာယ်ဖြစ်စေနိုင်မှုအသိပညာများ၊ စားသုံးသူများ၏ အခွင့်အရေး(၈)ချက်၊ စားသုံးသူများ ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းအပေါ် စိတ်ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်မှုနည်းလမ်းများအပြင် ဈေးကွက်အတွင်း စားသောက်ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန် မသင့်သော စားသောက်ကုန်များ၊ လူသုံးကုန်၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေးမှုနှင့် သက်ဆိုင်ရာဌာနများဖြစ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှလည်း လူကုန်ကူးမှုတားဆီးရေး အသိပညာပေးခြင်းနှင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းရရှိရေး နည်းမှန်လမ်းမှန်ဆောင်ရွက်သွားသင့်သည့်အချက်များကို အသိပညာ ပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်နောင် (ကျိုင်းတုံ)

အခြေခံစားသောက်ကုန် ဈေးနှုန်းများ ဈေးကွက်အတွင်း ကွင်းဆင်း ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ အောက်တိုဘာ ၂၁ ရက်တွင် စီမံကိန်း ရေးဆွဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ မြို့မဈေးအတွင်း အခြေခံ စားသောက်ကုန်ဈေးနှုန်းများ လေ့လာကွင်းဆင်း စာရင်းကောက်ယူခဲ့ကြသည်။

ဒေသအတွင်း အခြေခံကုန်ဈေးနှုန်းပြောင်းလဲမှုများအပေါ် စားသုံးသူ ရေးရာဦးစီးဌာနအနေဖြင့် အပတ်စဉ် စာရင်းကောက်ယူပြုစုတင်ပြလျက် ရှိနေသော်လည်း ရောင်းလိုအား ဝယ်လိုအားကြောင့် ဈေးနှုန်း အပြောင်းအလဲဖြစ်ပေါ်မှုများ၊ ဈေးကွက်လမ်းကြောင်းများကို လေ့လာသုံးသပ်နိုင်ရေးနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ မိမိတို့ဌာနမှလည်း တင်ပြဆောင်ရွက်နေရသည့် ကုန်ပစ္စည်းအမျိုးအစား ၈၅ မျိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများမှ စာရင်းများနှင့်ပါ ကွဲလွဲမှုမရှိစေရန် မြေပြင်တွင်ဖြစ်ပေါ်နေသည့် ဈေးနှုန်းများအပေါ် အနီးစပ်ဆုံးတူညီမှုရှိစေရေး စီမံကိန်းဆိုင်ရာ စာရင်းများလေ့လာတွက်ချက်သုံးသပ်တင်ပြနိုင်ရေး ပူးပေါင်း ကွင်းဆင်းစာရင်း ကောက်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

မျိုးအောင် (ကျိုင်းတုံ)

ဖျာပုံ ငါးမုတ်ဈေးကွက်

ဖျာပုံမြို့ငါးအဝယ်ဒိုင် ဆိပ်ကမ်းတစ်လျှောက်၌ ငါးဖမ်းရေယာဉ်များ၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ ငါးလက်လီလက်ကားအဝယ်တော်များနှင့် စက်တင်ဘာလမှစပြီး စည်ကားလျက်ရှိသည်။

"ဒီနှစ်က ယခင်နှစ်တွေထက် ငါးအရများပြီး ကျားပိုက်၊ ဆွဲပိုက်၊ မျှောပိုက် စတဲ့ငါးဖမ်းသူအားလုံး ငါးရကြပါတယ်။ အခုလတွေကတော့ ငါးမုတ်ရသလို ငါးသလောက်လည်း ရပါတယ်၊ တကယ်တော့ ငါးမုတ်က နိုဝင်ဘာလကုန်အထိ အရများပြီး ဒီဇင်ဘာလကျတော့အရ နည်းသွားလေ့ရှိပါတယ်။ ဒီဇင်ဘာလ နောက်ပိုင်းမှာ ငါးသလောက်နဲ့ အခြားငါးမျိုးစုံရကြပါတယ်၊ ဒီနှစ်မှာ ငါးအကောင်ကြီးတွေရသလို ဈေးလည်းရပါတယ်"ဟု ပြည်ဖြိုးကျော်ကုမ္ပဏီပိုင်ရှင် ဦးဝေမြင့်ကပြောသည်။

ငါးမုတ်ဈေးမှာ ၁၀၀ဂရမ်အောက် ကျပ် ၅၀၀၀ ၊၁၀၀ ဂရမ်မှ ၂၀၀ ဂရမ်အထိ ကျပ် ၁၂၀၀၀၊ ၂၀၀ ဂရမ်မှ ၃၀၀ ဂရမ်အထိ ကျပ်၁၈၀၀၀၊ ၃၀၀ ဂရမ်မှ ၄၀၀ ဂရမ်အထိ ကျပ် ၂၈၀၀၀ နှင့် ၄၀၀ ဂရမ်အထက် ကျပ်၃၈၀၀၀၊ အသီးသီးရှိကြောင်းနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကာ မြို့တွင်းစားသုံးမှုအတွက်လည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မင်းဇော်မွန် (ဖျာပုံ)

ကော့မှူးမြို့မဈေး၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့် အရေးချိုးဖောက်ခံရမှုမရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရေးဆွဲဖော်ပြထားသော စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အခန်း(၁၈)ပါ ကုန်ည့ွန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကော့မှူးမြို့နယ်အတွင်းရှိကုန်ပစ္စည်းထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချသူများ သိရှိလိုက်နာနိုင်စေရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ကော့မှူးမြို့မဈေးရှိ ဈေးတာဝန်ခံရုံး၌ ကျင်းပရာစားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်မှ ဒုခရိုင်မှူး ဦးအောင်မြင့် ဦးဆောင်သော အရာထမ်း/အမှုထမ်းများမှ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုခရိုင်ဦးစီးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူကာကွယ်ရေးဥပဒေကို ရှင်းလင်းခြင်း၊ ဦးစီးအရာရှိ ဦးသိန်းနိုင်က စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈) ပါ ကုန်အည့ွန်း အမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ ဦးစီးမှူး ဦးဌေးအောင်က စားသုံးသူ ကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက် (CICC) ရုံးများသို့ တိုင်တန်းနိုင်မှု အခြေအနေ၊ အရေးယူခြင်း အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ရာ ဖြန့်ဖြူးရောင်းချသူ လုပ်ငန်းရှင် ၄၄ ဦး တက်ရောက်ခဲ့သည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များ၏ မေးမြန်းချက်များအား ဒုခရိုင်ဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့ပြီး၊ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ သန်လျင်မြို့နယ်တွင် ဘုရားကြီးဈေးနှင့် ထားမလုံဈေး၊ ကျောက်တန်းမြို့မဈေး၊ သုံးခွမြို့မဈေး၊ ခရမ်းမြို့မဈေး၊ တွံတေးမြို့မဈေးနှင့် ဒလကမာကဆစ် ဈေးများတွင်လည်း ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ရာ လုပ်ငန်းရှင်များစိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

သိန်းနိုင် (သန်လျင်)

ရိတ်သိမ်းချိန်လွန် သီးနှံများ ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့်

ဆုံးရှုံးခြင်းဒဏ်ကကျယ်တန်းရန်စိုးရိမ်ခြင်း

ဒေါ်အာင်ဆန်း (စိုက်ပျိုးရေး)

ကမ္ဘာ့လူသားတို့၏စားနပ်ရိက္ခာအတွက် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရသည်။ အဆိုပါသီးနှံများတွင် နှံစားသီးနှံ (စပါး၊ ဂျုံ၊ ပြောင်း) ၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)၊ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်၊ ပဲရာဇာ၊ စားတော်ပဲ၊ ပဲနီလေး)၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ ပါဝင်သည်။

စားနပ်ရိက္ခာအတွက် ထုတ်လုပ်လိုက်သော သီးနှံများသည် ရိတ်သိမ်းပြီးနောက် ပိုးမွှားရောဂါ ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးရမှုသည် တဖြည်းဖြည်းကြီးထွားလာသည်။ မရိတ်သိမ်းမီစိုက်ခင်းဘဝကတည်းကပင် ပိုးမွှားရောဂါပူးတွဲပါလာခြင်း၊ ရိတ်သိမ်းပြီးနောက်ပိုင်း ရိတ်သိမ်းစဉ်၊ ကိုင်တွယ်၊ ထုပ်ပိုးသိုလှောင်မှု စနစ်မကျခြင်းကြောင့် အခြေတည်လာသည်ကို တွေ့ရှိရသည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ၏ အပေါ်ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ဆုံးရှုံးရမှုသည် လွယ်လွယ်နှင့်ပင် ဖြစ်ပွားနိုင်ပါသည်။ ပတ်ဝန်းကျင် မသန့်ရှင်းမှု၊ အပူချိန်၊ စိုထိုင်းဆ၊ ပယောဂများ အခြေအနေပေးလျှင်ပေးသလို လွယ်လွယ်ဖြစ်ပေါ် စေ၍ မြန်မြန်ပွားများ ဖျက်ဆီးနိုင်ပါသည်။ ဤသို့ဖြစ်စဉ်ဆဲတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသည် ပို၍ဖြစ်လွယ်ပျက်လွယ်သည့် သီးနှံများဖြစ်သည်ကို တွေ့ရပါသည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ ပျက်စီးဆုံးရှုံးရခြင်းအကြောင်းရင်းများမှာ (က) ပိုးမွှား ရောဂါ၊ မှို၊ ပိုင်းရပ်(စ်)ကျရောက်ခြင်းကြောင့် ပျက်စီးခြင်း၊ (ခ) ပေါင်းမြက်များကြောင့် ပျက်စီးခြင်း၊ (ဂ) အခြားတိရစ္ဆာန်များကြောင့် ပျက်စီးခြင်း၊ (ဃ) ပတ်ဝန်းကျင်ရာသီဥတုကြောင့် ပျက်စီးခြင်းများက တရားခံဖြစ်နေသည်ကို တွေ့ရသည်။ စွတ်စိုထိုင်းမှုင်းသော ရာသီဥတုနှင့်အပူပိုင်းဒေသနိုင်ငံများတွင် စားနပ်ရိက္ခာများ ပုပ်သိုးပျက်စီးခြင်း၊ ပိုးမွှားရောဂါကြောင့် ပျက်စီးခြင်း၊ ဌက်၊ တိရစ္ဆာန်များ ဖျက်ဆီးမှုကြောင့် ပျက်စီးခြင်းကြုံတွေ့ကြရသည်။ အချို့သည် သိုလှောင်ချိန်တွင် ပုပ်ပွပျက်စီးခြင်း၊ သိုလှောင်သီးနှံ ဖျက်သည့် ပိုးမွှားရောဂါများ ဝင်ရောက်စွဲကပ်ခံရမှုကြောင့် ပျက်စီးခြင်းများ ခံစားနေကြရသည်။

စားနပ်ရိက္ခာများ ရိတ်သိမ်းချိန်လွန်ပြီးနောက် ပျက်စီးဆုံးရှုံးခံရမှုကို လေ့လာသုံးသပ်ကြည့်လျှင် အလေးချိန်လျော့ကျခံရခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာရှုံ့တွဲသွားခြင်းနှင့် နွမ်းခြောက်သွားခြင်း၊ ပုပ်ပွသွားခြင်း၊ အက်ကွဲပျက်စီးသွားခြင်း၊ ကိုင်တွယ်မှုစနစ် မမှန်ခြင်းကြောင့် ပိုးမွှားရောဂါဝင်ရောက်စွဲကပ် ပျက်စီးခြင်း၊ ပြုပြင်ရောင်းချရာတွင် အလွန်ပါးလွှာစွာ လှီးဖြတ်ခြင်းကြောင့် ကြေမွပျက်စီးကုန်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ သယ်ယူပို့ဆောင်ဖြန့်ဖြူးသည့် စနစ်မမှန်ကန်မှုကြောင့် ထိခိုက်ဒဏ်ရာရ၍ ပျက်စီးခြင်းများ ခံစားရသည်ကို တွေ့ရသည်။ ဤသို့ပျက်စီးဆုံးရှုံးခြင်းများကို စနစ်တကျ ဂရုတစိုက် ဆောင်ရွက်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုကို ကုစားနိုင်ပါသည်။

သိုလှောင်ထားသော ရိတ်သိမ်းချိန်လွန် စားနပ်ရိက္ခာများတွင် ရေဓာတ်၊ အစိုဓာတ် သုည ဒသမ ၉ ရာခိုင်နှုန်း ပါဝင်နေလျှင် ဗက်တီးရီးယားပိုမွှားများ ပေါက်ဖွားမှုကောင်းနေပါသည်။ ရေဓာတ်၊ အစိုဓာတ် သုည ဒသမ ၈၈ ရာခိုင်နှုန်းပါဝင်နေလျှင် တဆေး (Yeast) များ ပေါက်ပွားနိုင်ပါသည်။ ၎င်းအပြင် ၎င်းအစိုဓာတ်၊ ရေဓာတ်တွင် သာမန်မှိုများ ပေါက်ပွားနိုင်မှုကို အားပေးစေပါသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ရေဓာတ်နှင့် အစိုဓာတ် (၈၀-၉၀) ရာခိုင်နှုန်းအထိ ပါဝင်နေပါက ပိုးမွှား၊ ရောဂါ၊ မှိုများ၏ ပေါက်ပွားမှုနှုန်းမှာ ပိုမိုအားကောင်းလျှင်မြန်သဖြင့် ကာကွယ်တားဆီးနိုင်ရန် အထူးသတိပြုကြိုတင်စီမံရန် လိုအပ်ပါသည်။

အပူပိုင်းဒေသများတွင် အပူချိန်များပြီး စိုထိုင်းဆများလေ့ရှိခြင်းကြောင့် အဏုဇီဝပိုးများ ရှင်သန်ကြီးထွားမှု ပိုမိုအခွင့်အလမ်းသာစေပြီး ဆိုးရွားစွာ ပျက်စီးဆုံးရှုံးမှုကို ခံစားကြရသည်။ အဏုဇီဝပိုးများ၏ ပျက်ဆီးခံရမှုကြောင့် သီးနှံများ၏ ပျက်ဆီးဆုံးရှုံးမှုမှာ (၁၀-၃၀) ရာခိုင်နှုန်းထိရှိသည်ဟု ဆိုပါသည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၌ပိုးမွှား၊ ရောဂါ ကျရောက်ခံရပါက အရည်အသွေး ကျဆင်းသွားစေပါသည်။

ရိတ်သိမ်းချိန်လွန်ပြီးသီးနှံများ၌ ရောဂါကျရောက်နိုင်မှုမှာ အခြေအနေသုံးရပ်ပေါ်တွင် မူတည်နေပါသည်။ ရောဂါဖြစ်စေသောသက်ရှိ၊ ရောဂါလက်ခံမည့်သီးနှံ၊ ပတ်ဝန်းကျင်အခြေအနေတို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်သစ်သီးဝလံများသည် မှိုရောဂါအများဆုံးကျရောက်နိုင်ပါသည်။ ရောဂါ၏မှိုစပိုးများသည် လေဖြင့် ကူးစက်ပြန့်ပွားနိုင်ပါသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၏ အစိုဓါတ်ပါဝင်မှုများခြင်းနှင့် အာဟာရဓာတ်ပါဝင်မှုများခြင်း ပိုးမွှား၊ ရောဂါ၊ သက်ရှိများကို ဆွဲဆောင်မှုအားကောင်းစေပါသည်။ သီးနှံများ ရင့်မှည့်လေလေ ထိခိုက်ဒဏ်ရာရမှုနှင့် ရောဂါ၊ အဏုဇီဝပိုး များကျရောက်နေတာကို ခံနိုင်ရည်နည်းလေလေဖြစ်သည်။ သိုလှောင်ဝန်တွင် ပုပ်ခြင်း၊ ပျော့ခြင်း၊ ရေစိုနာဖြစ်ခြင်းသည် အတူ ရောထည့်ထားသော အခြားသီးနှံများသို့ ကူးစက်ပျံ့နှံ့စေပါသည်။ သီးနှံများပျော့၍ ပုပ်သွားခြင်းသည် မှိုရောဂါကြောင့်ဖြစ်ပေါ်စေပြီး အညိုရောင်ပုပ်ခြင်း၊ ခြောက်ပုပ်ခြင်း၊ မာပြီးခြောက်သွားခြင်းစသော လက္ခဏာများကို တွေ့မြင်နိုင်သည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ရိတ်သိမ်းချိန်လွန်ပြီး ကျရောက်နိုင်သော ရောဂါများမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီတွင် ဇီးမဲ၊ ဒေါင်းနီရောဂါ၊ ငရုတ်တွင် ဗက်တီးရီးယား ပင်ညှိုး၊ မဲ့ပျောက်စွန်း၊ လောင်ဖြူရောဂါ၊ ကြက်သွန်နီ/ဖြူတွင် ဥပုပ်၊ အပျော့ပုပ်၊ ဒေါင်းနီရွက်ခြောက်ရောဂါ၊ အာလူးတွင် ဖားညို၊ အကြေးဖတ်၊ ပျော်ပုပ်ရောဂါ၊ ခရမ်းချဉ်တွင် ပျော့ပုပ်၊ ဖြူဆေးရိုးယပ်ရောဂါ၊ ဆလတ်ရွက်တွင် ဗက်တီးရီးယားပျော့ပုပ်၊ အရောင်ဖြူရောဂါ၊ နံနံတွင် ဘက်တီးရီးယားနှင့် မှိုရောဂါ ပျော့ပုပ်တို့ဖြစ်ပါသည်။ ဥစားသီးနှံများသည် ဗိုင်းရပ်စ်ရောဂါကျရောက်မှု မရှိသည်ကို တွေ့ရသည်။

သစ်သီးဝလံဖြစ်သည့် သရက်တွင် မွှေပြောက်စွန်း၊ သီးညှာရင်းပုပ်၊ ဌက်ပျော်တွင် မှည့်ပြောက်စွန်း၊ အသီးထိပ်ပုပ်၊ လက်ရင်းပုပ်ရောဂါ၊ သင်္ဘောတွင် သီးညှာရင်းပုပ်၊ မှည့်ပြောက်စွန်း၊ အော်လ်တာနေရီးယားရောဂါ၊ ထောပတ်သီးတွင် မှည့်ပြောက်စွန်း၊ သီးညှာရင်းပုပ်ရောဂါ၊ လိမ္မော်တွင် ချေးဖတ်၊ အနာချို့၊ ကြပ်မိုရောဂါ၊ ကွဲကောသီးတွင် မွှေပြောက်စွန်း၊ အသီးစိမ်းရောဂါ၊ မှိုရောဂါ၊ စပျစ်တွင် ဌက်မျက်စိ၊ ဒေါင်းနီ၊ ဖားဥမှို၊ ဗက်တီးရီးယားရောဂါ၊ ဖရဲတွင် ဖားဥမှို၊ မွှေပြောက်စွန်း၊ ဒေါင်းနီရောဂါ၊ သခွားမွှေးတွင် မွှေပြောက်စွန်း၊ ခွံပုပ်ရိရောဂါတို့ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ရိတ်သိမ်းချိန်လွန်တွင် ကျရောက်ဖျက်ဆီးလေ့ရှိသော ပိုးမွှားများမှာ သရက်သီးတွင် ပင်စည်ထိုးယင်၊ သီးထိုးယင် နှင့်ဖြုတ်၊ လိမ္မော်သီးတွင် ခရုပတ်ပိုး၊ ပိုးစေးနှဲ၊ ပျ၊ ကွဲကောတွင် မွှား၊ ပင့်ကူနီ၊ ခရု၊ ငှက်ချေး၊ ပိုး၊ စပျစ်တွင် မွှား၊ ပင့်ကူနီ၊ လေ့ပိုး၊ ပျ၊ ဖရဲသီးတွင် သီးထိုးယင်၊ ကျိုင်း၊ ပျ၊ လေ့ပိုး၊ သခွားမွှေးတွင် ကျိုင်း၊ လေ့၊ ပျ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီတွင် ငမြှောင်တောင်၊ ထွာကောင်းစိမ်း၊ ပျ၊ စိန်ကွက်ဖလံ၊ ငရုတ်သီးတွင် သီးလုံးပေါက်ပိုး၊ လေ့ပိုး၊ ယင်ဖြူ၊ ကြက်သွန်ဖြူ/နီတွင် ငမြှောင်တောင်၊ လေ့ပိုး၊ ပျ၊ အာလူးတွင် လိပ်ခုံး၊ ကျိုင်းပျ၊ မြေခွေးပုရစ်၊ ခရမ်းချဉ်သီးတွင် သီးလုံးပေါက်ပိုး၊ မွှားပင့်ကူ၊ ယင်ဖြူ၊ အသီးအညွှန့်ထိုးပိုး၊ ထွာကောင်စိမ်းတို့ဖြစ်သည်။

သီးနှံများ ရိတ်သိမ်းချိန်လွန်ကျရောက်ဖျက်ဆီးသော ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းရန်မှာ မရိတ်သိမ်းမီ စိုက်ခင်းဘဝတွင်ကတည်းက စနစ်တကျ ဓာတ်မြေဩဇာကျွေးခြင်း၊ စနစ်တကျ ရေပေးသွင်းခြင်း၊ ပိုးမွှားရောဂါကို စနစ်တကျ ကာကွယ်နှိမ်နင်းခြင်း၊ အပင်အား ကောင်းစွာဖွံ့ဖြိုးကြီးထွားအောင် ပြုစုစောင့်ရှောက် ထိန်းသိမ်းခြင်းများကို အနှောင်းသေချာအောင် အစကတည်းက ကောင်းအောင် စီမံဆောင်ရွက်ခဲ့ရန် အလွန်အရေးကြီးပါသည်။

သီးနှံများ ရိတ်သိမ်းဆွတ်ခူးချိန်တွင်လည်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထိခိုက်ဒဏ်ရာရခြင်း၊ ပွန်းပဲ့ခြင်း၊ အက်ကွဲခြင်း၊ စုတ်ပြဲခြင်း၊ ကျိုးပဲ့ခြင်းများ မဖြစ်ပေါ် စေရန် နူးညံ့သိမ်မွေ့စွာ ရိတ်သိမ်း၊ ဆွတ်ခူး ကိုင်တွယ်ရန် အထူးသတိပြုရန် လိုအပ်ပါသည်။ ရိတ်သိမ်းပြီးနောက် သယ်ယူခြင်း၊ သန့်စင်ခြင်း၊ ဆေးစိရင်ခြင်း၊ ထုပ်ပိုးခြင်း လုပ်ငန်းအဆင့်ဆင့်တွင်လည်း ဒဏ်ရာမရစေရန် အထူးသတိပြုဆောင်ရွက်ရန်လိုပါသည်။ သီးနှံများရိတ်သိမ်း ဆွတ်ခူးပြီးနောက် သီးနှံအလိုက် လိုအပ်သော ပိုးသတ်ဆေး၊ ရောဂါ သတ်ဆေးများကို ကြိုတင်ဆေးစိရင်ခြင်း၊ ပက်ဖျန်းခြင်းများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ဤသို့ ကြိုတင်စီမံဆောင်ရွက်ခြင်းဖြင့် ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပေါ်သော ပုပ်ဆွေးခြင်း၊ ရိုခြင်းတို့ကို ကာကွယ်နိုင်ပြီး သီးနှံ၏ သိုလှောင်သက်တမ်းကိုပါ ဆွဲဆန့်နိုင်စေပါသည်။

အချို့နိုင်ငံများတွင် သရက်သီးဆွတ်ခူးပြီးနောက် ဖယောင်းလွှာပါး ပါးအုပ်ခြင်းကို ဆောင်ရွက်ကြပါသည်။ ဤသို့ ဆောင်ရွက်သဖြင့် အသီးအတွင်း လေဝင်လေထွက်မှု၊ အီသလင်းဓာတ်အထွက်နှုန်းနှင့် ဓာတ်ငွေ့အပြန်အလှန် ဖလှယ်မှုတို့ကို ထိန်းချုပ်စေနိုင်ပြီး အသီးများ၏ အာဟာရတန်ဖိုး ပျက်စီးမှုနှင့် လတ်ဆတ်မှု မရှိခြင်းတို့ကို ထိန်းချုပ်စေနိုင်ပြီး အသီးများ၏ အာဟာရတန်ဖိုးပျက်စီးမှုနှင့် လတ်ဆတ်မှုမရှိခြင်းတို့ကို ကာကွယ်ပေးနိုင်ပါသည်။ မှိုသတ်ဆေး၊ ပိုးမွှားသတ်ဆေးများကို အနည်းဆုံး (၇-၁၀) ရက်ကြိုတင်သုံးစွဲရန် သတိပြုသင့်ပါသည်။ ဒေသသုံးပစ္စည်းများအနေဖြင့် ပီလောပီနံ အရွက်၊ တမာရွက်ခြောက်၊ တမာစေ့များအား အာလူး၊ ပီလောပီနံဥ၊ ကန်စွန်းဥနှင့် အခြားဥစားသီးနှံများ သိုလှောင်ရာတွင် အသုံးပြုသင့်ပါသည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ အရည်အသွေးမပျက်တာရှည်ထိန်းသိမ်းထားနိုင်ရန်မှာ ပတ်ဝန်းကျင် အပူချိန်နှင့် စိုထိုင်းဆသည် အလွန်အရေးပါသော အချက်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ရှိ အပူချိန်နှင့် စိုထိုင်းဆကို လိုသလို ထိန်းချုပ်ထားနိုင်ပါက သီးနှံများရိတ်သိမ်းချိန်လွန်တွင် ဖြစ်တတ်သော ရောဂါများကို ကာကွယ်ပေးနိုင်ပါသည်။ အအေးခါတ်များပါက အအေးဒဏ်ရာရခြင်း၊ ပုပ်ခြင်းများ ဖြစ်စေပါသည်။

စာမျက်နှာ (၃၁)သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

တရုတ်ခရီးသွားများထံမှ ရသင့်သည့်အခွန်အတွက် ဗဟိုဘဏ်နှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ နှစ်ခုညှိနှိုင်း

ပြည်တွင်းသို့လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားများ၊ ကျောက်စိမ်းလာရောက်ဝယ်ယူသည့် တရုတ်ဧည့်သည်များထံမှ ရရှိသင့်သည့် အခွန်အခများအတွက် ဗဟိုဘဏ်နှင့် တရုတ်နိုင်ငံမှ Payment ကုမ္ပဏီနှစ်ခုတို့ ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရဖွဲ့ထံမှ သိရသည်။

နိုင်ငံအတွင်း ရသင့်ရထိုက်သည့် အခွန်အခများ ရရှိရန်အတွက် ပြည်တွင်း၌ အသုံးပြုနေသည့် ဗဟိုဘဏ်၏ Gate Way မှဖြတ်ရသော MPU, Visa စသည့် ကတ်စနစ်များကဲ့သို့ ဗဟိုဘဏ်၏ ကိုင်တွယ်ထိန်းချုပ်မှုအောက်သို့ ရောက်ရှိလာစေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံက ရသင့်ရထိုက်တာရဖို့ အာလီ Pay နဲ့ Wechat Pay ကို Band လိုက်မလား ဒါမှမဟုတ် ဖွင့်ထားပြီး ရသင့်ရထိုက်တဲ့ အခွန်ကို ဘယ်လိုယူမလဲ စဉ်းစားစရာဖြစ်လာတယ်။ အခု ဗဟိုဘဏ်နဲ့ တရုတ်က Payment ကုမ္ပဏီနှစ်ခု Payment System တစ်ခုကို ညှိနှိုင်းနေတယ်။ Payment စနစ်တစ်ခုကိုသာ ဗဟိုဘဏ်ကနေ ကိုင်တွယ်နိုင်မယ်ဆိုရင် သူတို့ဘယ်လောက် စျေးကြီးတာပဲဝယ်ဝယ် ရသင့်တဲ့အခွန်အခကို ဒီ Payment စနစ်ကနေ တစ်ခါတည်းနှုတ်ယူထားမှာဖြစ်တယ်။ ညှိနှိုင်းနေဆဲဖြစ်လို့ ဘယ်လို စနစ်မျိုးနဲ့ သွားမလဲဆိုတာတော့ မပြောနိုင်သေးပါဘူး။ တရုတ်ခရီးသွားတွေ ဝင်နေလို့သာ မြန်မာနိုင်ငံရဲ့ ခရီးသွားဖွံ့ဖြိုးမှုက ကျ မသွားတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

လက်ရှိမြန်မာနိုင်ငံသို့ဝင်ရောက် လည်ပတ်နေသည့် တရုတ်ခရီးသွားဦးရေ သည်များအနေဖြင့် ကျောက်စိမ်းများ ဝယ်ယူ၍ ငွေပေးချေရာတွင် တရုတ်နိုင်ငံ အွန်လိုင်းငွေပေးချေမှုစနစ်ဖြစ်သည့် Wechat Pay နှင့် အာလီ Pay ကို အသုံးပြုနေသောကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်အခများ ဆုံးရှုံးနေရကြောင်း သိရသည်။ လက်ရှိတွင် ဟောင်ကောင်၊ မကာအို၊ ဂျပန်၊ ကိုရီးယား စသည့် ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် လေကြောင်းမှ လာရောက်သည့် တရုတ်နိုင်ငံသားများအတွက် (Visa on Arrival) ခွင့်ပြုထားမှုကို ယခင်က ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ခွင့်ပြုထားခြင်းဖြစ်သော်လည်း ယခုအခါမှာ ၂၀၂၀ စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်ပေးထားကြောင်း သိရသည်။

ချောစု

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် ဝင်ရောက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၁ ရက်ထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏအဖြစ် အမေရိကန် ဒေါ်လာ သန်း ၃၀၀ ကျော် ဝင်ရောက်လာခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၁ ရက်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၂ ဒသမ ၉၄၂ သန်းဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုရင်းနှီးမြှုပ်နှံမှုမာဏမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ သန်းဖြစ်ရာ အဆိုပါကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃၀၄ ဒသမ ၃၄၂ သန်းဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၁ ရက်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခုမှာ စက်မှုကဏ္ဍမှ ခြောက်ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှတစ်ခု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ တစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍမှ နှစ်ခုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၃၅၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

"နောက်ထပ်လည်း အခြား အရှေ့တောင်အာရှနိုင်ငံတွေက သူတို့ရဲ့ စီးပွားရေးတွေကို မြန်မာပြည်ကို ရွှေ့ဖို့ အစီအစဉ်ဆွဲနေပါတယ်။ ဘာကြောင့် ရွှေ့လဲဆိုရင်တော့ Labor Fee ကလည်း သက်သာတာတို့၊ မြန်မာနိုင်ငံရဲ့အလားအလာကောင်းတွေကြောင့်ဆိုတဲ့ အမျိုးမျိုးသော အကြောင်းအချက်တွေကြောင့်ပါ။ ပမာဏကြီးတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဒီနှစ်ထဲမှာ ဝင်လာဖို့ရှိပါတယ်။ အဆင့်ဆင့်လည်း စိစစ်နေပါတယ်။ Responsible Business ကို တော်တော်လေး ဂရုစိုက်ပြီး ကြည့်နေတာပါ"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်က ပြောသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ စီးပွားရေးကဏ္ဍ ၁၂ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုခွင့်ပြုပေး ခဲ့ရာ စင်ကာပူ၊တရုတ်နှင့် ထိုင်းနိုင်ငံတို့မှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ခဲ့ သည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင်

မြန်မာ့ နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ ရော်ဘာ၊ ပုံနှိပ်ခြင်းနှင့် ကုန်ထုပ်ပိုးမှုဆိုင်ရာ စက်မှုပြပွဲ ကျင်းပမည်

မြန်မာ့နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ ရော်ဘာ၊ ပုံနှိပ်ခြင်းနှင့် ကုန်ထုပ်ပိုးမှုဆိုင်ရာ စက်မှုပြပွဲနှင့်အတူ စိုက်ပျိုးရေး နည်းပညာနှင့် စားသောက်ကုန်ဆိုင်ရာ စက်ပစ္စည်းပြပွဲကို နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ရှိ Yangon Convention Center ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် တရုတ်၊အိန္ဒိယ၊ဂျပန်၊ မလေးရှား၊ မြန်မာ၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြခန်းပေါင်း ၂၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရန် B2B Business Matching အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

" မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း အပါအဝင် အခြားလုပ်ငန်းရှင်အသင်းတွေနဲ့ ထိုင်ဝမ်က YORKER ကုမ္ပဏီတို့ ပူးပေါင်းပြီး တော့ ကဏ္ဍသုံးခုကို ပြသသွားမှာဖြစ်ပါတယ်။ ပလတ်စတစ်၊ ရော်ဘာ၊ ပုံနှိပ်၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ဆိုင်ရာ စက်ပစ္စည်းပေါင်းစုံ ပြသထားမှာဖြစ်ပါတယ်။ ပြခန်း ၂၀၀ နီးပါး ပါဝင်ပါမယ်။ ဒီပြပွဲက ကဏ္ဍပေါင်းစုံပြသတဲ့ ပြပွဲဖြစ်လို့ မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေ၊ ပြည်သူတွေ လာရောက် ကြည့်ရှုအားပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းက ပြောသည်။

သန်းထိုက်အောင်

နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ် အရောင်းပြပွဲ ကျင်းပမည်

ကားချစ်သူများနှင့် ကားနှင့်ဆက်စပ်သော လုပ်ငန်းလုပ်ကိုင်နေသူများအတွက် နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံ မော်တော်ယာဉ်အရောင်းပြပွဲကြီးကို လာမည့်နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ The One Entertainment Park တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို CarsDB မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကားထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ ကားနှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ မော်တော်ယာဉ်အရစ်ကျ ဝယ်ယူနိုင်သော ဘဏ်နှင့် အာမခံလုပ်ငန်းများမှတစ်ဆင့် ဈေးကွက်အတွင်းရှိ မိမိလိုအပ်သော ကားနှင့် မော်တော်ယာဉ်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စိတ်ကြိုက်ဝယ်ယူနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဘရန်းနယူးကားသစ်အမှတ်တံဆိပ်များဖြစ်သည့် BAIC, Borgward, Chevrolet, Ford, GAC, Gold AYA, Hyundai, Isuzu, Jaguar, Land Rover, Mitsubishi, Nissan, Suzuki နှင့် တိုယိုတာတို့မှ ဝင်ရောက်ပြသသွားမည်ဖြစ်ပြီး စမ်းသပ်မောင်းနှင်ခွင့်များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ပတ်ရစ်ကားများ၊ မော်တော်ယာဉ် အပိုပစ္စည်းရောင်းချသောဆိုင်များ၊ မော်တော်ယာဉ်နှင့် ဆက်စပ်သော ဝန်ဆောင်မှုအမျိုးမျိုးကို လုပ်ဆောင်ပေးသော လုပ်ငန်းများလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု

တိုင်းအစိုးရ၏ ရောင်းချမြေကွက်များကို ပေါက်စျေးအပြင် Infrastructure လိုအပ်ချက်စရိတ်ကိုပါ ဝယ်ယူသူက ပေးဆောင်ရမည်

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရောင်းချနေသည့် မြေကွက်များကို သတ်မှတ်ပေါက်စျေးအပြင် လမ်း၊ ရေနုတ်မြောင်း၊ ရေပိုက်လိုင်း၊ လျှပ်စစ်မီး စသည့် Infrastructure လိုအပ်သော စရိတ်ကိုပါ မြေကွက်ဝယ်ယူ လျှောက်ထားသူက ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချနေသည့် မြေကွက်များမှာ ပေ ၄၀ ၊ပေ ၆၀ တစ်ကွက်လျှင် သတ်မှတ်တန်ဖိုး သိန်း ၆၀ သတ်မှတ်ထားပြီး အနိမ့်ပိုင်းဖြစ်ခြင်း၊ ရေ၊ မီး၊ မြောင်း၊ လမ်းမရှိခြင်း၊ လူမနေခြင်းတို့အပြင် တန်ဖိုးစျေးနှုန်းမြင့်မားမှုများရှိကြောင်း အများပြည်သူက ပြောဆိုကြသည်။

"ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းထားတဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကာလမှာ တန်ဖိုးစိစစ်ရေးအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်ထားတဲ့ စျေးနှုန်းကို အခြေခံထားတာပါ။ ဥပမာ သိန်း ၆၀ ကျတယ်။ ဒီ Infrastructure စရိတ်က သိန်း ၅၀ ကျတယ်ဆိုရင် မြေကွက်တန်ဖိုးနဲ့ပေါင်းရင် သိန်း ၁၁၀ ဖြစ်သွားမယ်။ သိန်း ၆၀ ကို နေဖို့အတွက် ငွေသွင်းရမယ်။ ကျန်တဲ့သိန်း ၅၀ ကို Infrastructure အတွက် သီးခြားသွင်းရမယ်။ အဲဒီအတွက်လည်း EOI ကို မကြာခင် ခေါ်ယူသွားမှာပါ"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိရောင်းချနေသည့် မြေကွက်များ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ လမ်းရှိပြီးသားဖြစ်ပြီး လျှပ်စစ်မီးတိုင်များလည်း တပ်ဆင်ပြီးဖြစ်ကြောင်း၊ လိုအပ်ချက်အရ လမ်း၊ ရေနုတ်မြောင်း၊ ရေပိုက်လိုင်းတပ်ဆင်ခြင်းများကိုလည်း ပြည်တွင်းပြည်ပကုမ္ပဏီများထံ စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရက ရောင်းချပေးသည့် မြေကွက်များမှာ လမ်းရှိသည့်မြေကွက်များရှိသလို လမ်းမရှိသည့်မြေကွက်များလည်း ရှိနေသည့်အတွက် Infrastructure စရိတ်မှာ မြို့နယ်အလိုက် ကွာခြားမှုရှိနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုရောင်းချပေးနေသည့် တိုင်းဒေသကြီးအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရ မြေများကိုလျှောက်ထားသူများအတွက် ပထမအကြိမ်ရောင်းချသည့်အထဲတွင် မပါဝင်ပါက ဒုတိယအကြိမ်နှင့် တတိယအကြိမ် ရောင်းချမည့်အခါတွင် ထည့်သွင်း ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်တွင် ပြောင်းစိုက်တောင်သူများအား သင်တန်းပေး

ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက အောက်တိုဘာ ၂၂ ရက်တွင် လွိုင်ကော် မြို့ နောင်ယား(က)ရပ်ကွက်တွင် Care Myanmar မှ ဦးစီးဆောင်ရွက်သော ပြောင်းစိုက်တောင်သူများအတွက် စတုတ္ထအကြိမ် သင်တန်းအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာန၊ Care Myanmar အဖွဲ့ နှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ပြောင်းစိုက်တောင်သူ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးညွန့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးသူအခွင့် အရေးနှင့် တာဝန်များအကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် မိမိတို့၏အခွင့်အရေး နစ်နာဆုံးရှုံးမှုများကို တိုင်ကြား ဆောင်ရွက်နိုင်မှုအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်း၊ ဒေသအတွင်းရှိသီးနှံပိုင်းဆိုင်ရာ အသင်းအဖွဲ့ ဖွဲ့စည်းရခြင်း၏ အားသာချက်နှင့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်စင်ကျော်က သက်ဆိုင်ရာသီးနှံများ မစိုက်ပျိုးမီနှင့် စိုက်ပျိုးချိန်များတွင် သီးနှံပုံစံဆွဲခြင်း၏ အားသာချက်များ၊ တစ်ကေအထွက်နှုန်းတိုး စေရန်အတွက် သီးထပ်စိုက်ပျိုးခြင်းနည်းပညာများအကြောင်း၊ ရာသီဥတုနှင့် ခေတ်မီနည်းပညာအခြေအနေများအပေါ် စဉ်ဆက်မပြတ် လေ့လာရန် လိုအပ်ကြောင်း၊ သဘာဝမြေဆီလွှာများ ဆုံးရှုံးမှု နည်းစေပြီး ပြန်လည် အာဟာရများဖြည့်သွင်းပေးသော မြေပဲ၊ ကုလားပဲနှင့် နေကြာသီးနှံများ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးခြင်း၏အားသာချက်များ၊ မြေပဲသီးနှံ၊ ကုလားပဲသီးနှံနှင့် နေကြာသီးနှံများ စိုက်ပျိုးခြင်းနည်းပညာများ၊ သီးနှံအမျိုးအစားအလိုက် မှန်ကန်သော မျိုးစေ့ရွေးချယ်မှုများအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖြိုးဝေအောင် (ကယား)

ကချင်ပြည်နယ် မြစ်ကြီးနားတွင် ဈေးရောင်းပွဲတော်ပြုလုပ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ Smart Business Group မှ တာဝန်ယူ ကျင်းပသောဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၈၀ လာရောက်ပြသခဲ့သည်။

Smart Business Group ကို ကုမ္ပဏီ ၄၀ စုပေါင်း၍ လုပ်ငန်းရှင်များကို အုပ်စုလိုက်ဖွဲ့စည်းထားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိမြို့ကြီးများတွင် ဈေးရောင်းပွဲတော်များ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ဈေးရောင်းပွဲတော်များတွင် အဝတ်အထည်၊ Cosmestic၊ အစားအသောက်၊ လျှပ်စစ်ပစ္စည်းများဖြစ်ကြသော လူသုံးကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ပြည်နယ်/တိုင်းဒေသကြီးများတွင် ယခုလိုဈေးရောင်း

ပွဲတော်များလာရောက်၍ ပြုလုပ်ပေးခြင်းသည်ဒေသတွင်းရှိ ဒေသထုတ်ကုန်လုပ်ငန်းရှင်များ စီးပွားရေးအမြင်ကျယ်ပြန့်လာမည်ဖြစ်ပြီး မိမိထုတ်ကုန်များကိုအရည်အသွေးမီ ထုတ်လုပ်လာနိုင်၍ အတွေ့အကြုံများလည်း ရရှိစေမည်ဟု ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဂွမ်ဂျာလ (မနောမြေကုန်သွယ်မှုဗဟိုဌာန)

စာမျက်နှာ (၁၈) စီးပွားရေးလုပ်ငန်းများ . . . မှအဆက်

အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်း
(Protecting Minority Indicator)

အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်း (Protecting Minority indicator) အားလေ့လာကြည့်လျှင် ကုမ္ပဏီဥပဒေအသစ်တွင် ပါဝင်လာသော်လည်း ထင်ရှားသော ပြုပြင်ပြောင်းလဲမှုများစွာ မတွေ့ရှိရသဖြင့် အမှတ်အနေဖြင့် မတိုးတက်ခဲ့သော်လည်း အဆင့်တွင်မူတိုးတက်လာသည်ကို တွေ့ရသည်။ ၂၀၁၉ ခုနှစ်တွင် အဆင့်အနေဖြင့် ၁၈၅ ရှိပြီး ၂၀၂၀ ပြည့် နှစ်အတွက် အဆင့် ၁၇၆ သို့ ၉ ဆင့် တိုးတက်ခဲ့သည်။ အမှတ်မှာ ၂၀၁၉ ခုနှစ်အတွက် ၂၅မှတ်ရရှိခဲ့ပြီး ၂၀၂၀ အတွက် ရမှတ်မှာ ၂၂ မှတ်သာ ရရှိပြီး ရမှတ် ၃ မှတ်လျော့နည်းခဲ့သည်။

အခွန်ပေးဆောင်မှုအညွှန်းကိန်း
(Paying Taxes Indicator)

အခွန်ပေးဆောင်မှုအညွှန်းကိန်းတွင် ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုများမှာ ရေရှည်ဆောင်ရွက်ရသော ကိစ္စများဖြစ်သဖြင့် ၂၀၁၉ခုနှစ်တွင် ရရှိခဲ့သော အဆင့် ၁၂၆ ထက် လျော့ကျကာ ၂၀၂၀အတွက် အဆင့်တွင် ၁၂၉ သို့ ၃ဆင့်ကျဆင်းခဲ့ပါသည်။ ရမှတ်အနေဖြင့်မူ ၂၀၁၉တွင် ၆၃ ဒသမ ၉၄ မှတ်ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွက် ရမှတ်မှာ ၆၃ ဒသမ ၉၀ မှတ် ရရှိခဲ့ပါသည်။ အခွန်ပေးဆောင်ရမှုတွင် မြန်မာနိုင်ငံအနေဖြင့် လစဉ် အခွန်ကိုရယူရသဖြင့် တစ်နှစ်အတွင်းကောက်ခံရသော အကြိမ်ရေ များပြားခြင်း၊ လူမှုဖူလုံရေးအတွက် အလုပ်သမားများအတွက် အလုပ်ရှင်မှ ထည့်ဝင်ငွေကိုလည်း တစ်နှစ်အတွင်း လစဉ်ကောက်ခံရသဖြင့် အကြိမ်ရေ များပြားနေခြင်းတို့ကို မလျှော့ချနိုင်ခဲ့ကြောင်း တွေ့နိုင်ပါသည်။

ပြည်ပကုန်သွယ်မှုအညွှန်းကိန်း
(Trading Across Border Indicator)

အဆိုပါ အညွှန်းကိန်းသည် ပါဝင်ဆောင်ရွက်ရသော အစိုးရဌာနများအများအပြားပါဝင်ပြီး၊ သတ်မှတ်ထားသော ပို့ကုန်နှင့် သွင်းကုန်များတွင် အချိန်ကြန့်ကြာမှု၊ ကုန်ကျစရိတ်နှင့် လုပ်ငန်းအဆင့်များကို လျှော့ချနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသော်လည်း ကောင်းစွာ အဆင်မပြေသေးခြင်း၊ အကောက်ခွန်ဌာနမှ မားစ်စနစ်ခေါ် ကုန်ပစ္စည်းများအား အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်လမ်းကြောင်းများ ရွေးချယ်စစ်ဆေးမှုကို ကွန်ပျူတာစနစ်ဖြင့် ရွေးချယ် ဆောင်ရွက်မှုမှာ ကောင်းစွာမချောမွေ့သေးခြင်း၊ ဆိပ်ကမ်းတွင် ကုန်ရှင်းလင်းခြင်းလုပ်ငန်းကို ၂၄ နာရီ လုပ်ကိုင်သည်ဟု လုပ်ငန်းရှင်များမှ မသိရှိခြင်း စသည့်အချက်များကြောင့် ၂၀၁၉ တွင် ရရှိသော အဆင့် ၁၆၈ အတိုင်း ယခု ၂၀၂၀ အတွက်တွင် လည်း တည်ရှိနေသည်ကို တွေ့ရသည်။ အမှတ်အားဖြင့် ၂၀၁၉ ခုနှစ် ရမှတ် ၄၇ ဒသမ ၆၇ မှတ်ထက် သုည ဒသမ ၀၃ မှတ်ပိုမိုပြီး ၂၀၂၀ အတွက် ရမှတ်မှာ ၄၇ ဒသမ ၇ ရှိကြောင်း သိရသည်။

ပဋိညာဉ် အတည်ပြုဆောင်ရွက်ခြင်း
(Enforcing Contracts Indicator)

ဤအညွှန်းကိန်းကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရခြင်းမှာ ရေတို ဆောင်ရွက်ရန်မလွယ်ကူသဖြင့် အမှတ်တက်မှုနည်းပါးသည်ကို တွေ့ရသည်။ ပြုပြင်ပြောင်းလဲမှုများတွင် စီးပွားရေးဆိုင်ရာ တရားရုံးများသီခြားထားရှိရန် ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ အသေးစားကိစ္စများအတွက် သီးသန့်တရားရုံးများ ထားရှိရမည်ဖြစ်ခြင်းတို့ကို ပြုပြင်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပြီး အချိန်ယူပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အမှုအခင်းတစ်ခုချင်းကို စီစစ်ဆောင်ရွက်သည့် Case Management စနစ်ကို ကျင့်သုံးလျက်ရှိပြီ ဖြစ်သော်လည်း ရှေ့နေစရိတ်မှာ များပြားလျက်ရှိသဖြင့်လည်း အမှတ်ရရှိမှုနည်းပါးနေသည်ကိုလည်း တွေ့ရသည်။ ၂၀၁၉ ခုနှစ် အဆင့်အနေဖြင့် ၁၈၈ ဆင့်ရှိခဲ့ပြီး ယခု ၂၀၂၀ အတွက် အဆင့်အနေဖြင့် တစ်ဆင့်တိုးတက်လာပြီး ၁၈၇ ဆင့်ရရှိခဲ့ပါသည်။ ရမှတ်ပိုင်းတွင် ၂၀၁၉ခုနှစ်က ၂၄ ဒသမ ၅၃ မှတ်ရရှိခဲ့သော်လည်း ယခု ၂၀၂၀ ပြည့်နှစ်အတွက် ရမှတ်မှာ ၂၆ ဒသမ ၄ မှတ်ရရှိသဖြင့် တိုးတက်မှုမှာ ၁ ဒသမ ၈၇ မှတ်ရှိခဲ့သည်ကို တွေ့ရသည်။

အကြွေးမဆပ်နိုင်မှုကို ဖြေရှင်းပေးမှု အညွှန်းကိန်း
(Resolving Insolvency Indicator)

ဤအညွှန်းကိန်းသည် ဆယ်ခုမြောက်အညွှန်းကိန်းဖြစ်ပြီး ၂၀၁၄ခုနှစ်တွင် အဆင့် ၁၅၅ ဆင့်၊ ၂၀၁၇ ခုနှစ်တွင် ၁၆၄ ဆင့်ရှိပြီး၊ ၂၀၁၉ ခုနှစ်တွင်လည်း ၁၆၄ ဆင့်နှင့် ၂၀၂၀ ပြည့်နှစ်အတွက် တွင်လည်း ၁၆၄ ဆင့်တွင် တည်ရှိနေသည်ကို တွေ့ရသည်။ ရမှတ်ပိုင်းတွင်လည်း ၂၀၁၉ ခုနှစ်အတွက် ရမှတ်မှာ ၂၀ ဒသမ ၃၉ မှတ်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်အတွက် ရမှတ်မှာ ၂၀ ဒသမ ၄ မှတ်ဖြစ်သဖြင့် သုည ဒသမ ၀၁ မှတ်သာ တိုးတက်သည်ကို တွေ့နိုင်သည်။ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ကာလရှည်ဆောင်ရွက်နေကြောင်း သိရသည်။

အခြားနိုင်ငံများအခြေအနေ

အခြားနိုင်ငံများအခြေအနေကို ကြည့်မည်ဆိုပါက နယူးဇီလန်နိုင်ငံသည် အဆင့် (၁) တွင်လည်း ကောင်း၊ စင်ကာပူနိုင်ငံသည် အဆင့် (၂)တွင်လည်းကောင်း ဆက်လက်တည်ရှိနေပြီး အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံများသည် ပြုပြင်ပြောင်းလဲမှုများကို အများအပြားဆောင်ရွက် နိုင်ပြီး အိန္ဒိယမှာ အဆင့်အားဖြင့် ၆၃၊ ရမှတ်မှာ ၇၁ ဒသမ ၀ မှတ်ဖြစ်ပြီး၊ တရုတ်နိုင်ငံမှာ အဆင့်အားဖြင့် ၃၁၊ ရမှတ်အားဖြင့် ၇၇ ဒသမ ၉ မှတ်ရရှိနေသည်ကို တွေ့နိုင်ပါသည်။

အာဆီယံနိုင်ငံများကိုကြည့်လျှင် ဘရူနိုင်းဒါရူဆလမ် (အဆင့် ၆၆၊ ရမှတ် ၇၀ဒသမ ၁)၊ ကမ္ဘောဒီးယား (အဆင့် ၁၄၄၊ ရမှတ် ၅၃ ဒသမ ၈)၊ အင်ဒိုနီးရှား (အဆင့် ၇၃၊ ရမှတ် ၆၉ ဒသမ)၊ လာအို (အဆင့် ၁၅၄၊ ရမှတ် ၅၀ ဒသမ ၈)၊ မလေးရှား (အဆင့် ၁၂၊ ရမှတ် ၈၁ ဒသမ ၅)၊ ဖိလစ်ပိုင် (အဆင့် ၉၅၊ ရမှတ် ၆၂ ဒသမ ၈)၊ စင်ကာပူ (အဆင့် ၂၊ ရမှတ် ၈၆ ဒသမ ၂)၊ ထိုင်း (အဆင့် ၂၁၊ ရမှတ် ၈၀ ဒသမ ၁)၊ ဗီယက်နမ် (အဆင့် ၇၀၊ ရမှတ် ၆၉ ဒသမ ၈)၊ မြန်မာ (အဆင့် ၁၆၅၊ ရမှတ် ၄၆ ဒသမ ၈) စသည်ဖြင့် အဆင့်နှင့် အမှတ်များရှိကြောင်း တွေ့ရပါသည်။

ခါးတောင်းကျိုက်မဖြုတ်စတမ်း

မြန်မာနိုင်ငံအနေဖြင့် ယခု ၂၀၂၀ ပြည့်နှစ်အတွက် ထုတ်ပြန်သော စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုအဆင့် Ease of Doing Business Rank တွင် အဆင့် (၆)ဆင့်တက်အောင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့သော်လည်း အာဆီယံနိုင်ငံများအတွင်း၌ပင် အဆင့်အနိမ့်ဆုံးဖြစ်နေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ကပ်လျက်ရှိသော လာအိုနိုင်ငံသည်ပင် မြန်မာနိုင်ငံထက် အဆင့် (၁၁)ဆင့် သာလွန်နေသည်ကို တွေ့နိုင်သည်။ အဆင့်များတိုးတက်ရရှိရေးအတွက် အမှတ်ရရှိရေးသည် အဓိကကျပြီး အမှတ်တိုးတက်ရရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူစေရန် ပြုပြင်ပြောင်းလဲမှုများကို အချိန်ကြန့်ကြာမှု လျှော့ချခြင်း၊ ကုန်ကျစရိတ်လျှော့ချခြင်းနှင့် လုပ်ငန်းအဆင့်များ လျှော့ချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည့် ဥပဒေများအပါအဝင် ပြုပြင်ပြောင်းလဲမှုများကို စိုက်လိုက်မတ်တတ် လုပ်ဆောင်နိုင်ရန် အထူးလိုအပ်လှသည်။ ယခုနှစ်တွင် အမှတ်တိုးတက်မှုမရှိသော အညွှန်းကိန်းများမှ အစိုးရဌာနများအနေဖြင့် ပိုမိုအားထုတ်ပြီး ရေတိုရေရှည် အစီအမံများ ချမှတ်ရန် လိုအပ်ကြောင်း၊ ယခုနှစ်တွင် အမှတ်ရရှိမှုနည်းသော အညွှန်းကိန်းများအနေဖြင့် လာမည့်နှစ်အတွက် ပိုမိုကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်လိုကြောင်း ကမ္ဘာ့ဘဏ်မှ အထူးကျွမ်းကျင်သူမှ အကြံပြုပြောကြားသည်ကို ကြားသိခဲ့ရပြီးလာမည့် ၂၀၂၁ တွင် လာအိုနှင့် ကမ္ဘောဒီးယားတို့ကို ကျော်တက်နိုင်ရေးအတွက် အစီအစဉ်များရေးဆွဲပြီး ခါးတောင်းကျိုက်မဖြုတ်စတမ်း ဆက်လက်ကြိုးပမ်းကြပါစို့ဟု နှိုးဆော်လိုက်ရပါသည် ခင်ဗျား။

■

မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ မိတ္ထိလာမြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေး

အောက်တိုဘာ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ဦးဆောင်မှုဖြင့် မိတ္ထိလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မိတ္ထိလာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်း၍ မိတ္ထိလာမြို့မဈေးအတွင်းရှိ စားသောက်ကုန်ဆိုင်များ၊ အလှကုန်ဆိုင်များအား ရွေ့လျားမာတ်ခွဲယာဉ်ဖြင့် နမူနာကောက်ယူခြင်းနှင့် အတူ ကွင်းဆင်းစစ်ဆေးမှုများအား ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထိလာမြို့မဈေးအတွင်းရှိ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းဆိုင်များအား ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာတွင် (FDA) မှ သုံးစွဲရန်မသင့်ကြောင်း တားမြစ်ထားသော အလှကုန်ပစ္စည်း ငါးမျိုးအား တွေ့ရှိသိမ်းဆည်းခဲ့ခြင်း၊ မုန့်တီဖက်၊ သရက်ချဉ်၊ ဝက်အူချောင်း၊ အသားခြောက်များအား စမ်းသပ်စစ်ဆေးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ကြောင်း စစ်ဆေးတွေ့ရှိရခြင်း၊ ပဲပြားများအား စမ်းသပ်စစ်ဆေးရာတွင် တာရှည်ခံဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ ပစ္စည်းသိမ်းဆည်းပြီး ရောင်းချသူများအား စစ်ဆေးရေးကော်မတီဝင်များ ရှေ့မှောက်တွင် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကုန်အညွှန်း အမှတ်အသားဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ၂၀၂၀ ခုနှစ် မတ်လ၁၅ ရက်တွင် အာဏာ သက်ရောက်မည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် လိုက်နာ ဆောင်ရွက်ရန်တို့အား အသိပေးပြောကြား ရှင်းလင်းဆောင်ရွက်ခဲ့သည်။

မူမူသန်း (မိတ္ထိလာ)

အလုံဈေးကြီးအတွင်း စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ အနောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အလုံမြို့နယ်၊ အလုံဈေးအတွင်းရှိဈေးတာဝန်ခံရုံးတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ အကြောင်းအရာများကို ဈေးသူ/ဈေးသူများအား အသိပညာပေးဟောပြော ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဈေးအတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်ဈေးဆိုင်များအား စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ အခန်း(၁၈)ပါကုန်အညွှန်းအမှတ်အသားဆိုင်ရာများ အသိပညာပေးရှင်းလင်းခြင်း၊ ကုန်စည်များတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် ရှိ/မရှိ စစ်ဆေးခြင်း၊ ရက်လွန် အစားအသောက်များ၊ ဓာတုဆိုးဆေးများ၊ သုံးစွဲထားမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုဝယ်ယူသုံးစွဲရာတွင် နစ်နာမှုရှိပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ CICC ရုံးများတွင် တိုင်ကြားနိုင်ကြောင်း၊ ဈေးသူ/ဈေးသားများအား အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

West DOCA

ရွှေပြည်သာစက်မှုဇုန်(၁)၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးနှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၂ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာ ပေးဆွေးနွေးပွဲကျင်းပခဲ့ရာ ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)စီမံခန့်ခွဲရေး ကော်မတီရုံးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိစီးပွားရေး လုပ်ငန်းရှင်များနှင့် ဝန်ထမ်းစုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့သည်။

ဟောပြော ဆွေးနွေးပွဲတွင် ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူကာကွယ်ရေး ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ(၁၅) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့၍ အခန်း(၂၅)ခန်း၊ ပုဒ်မ(၈၄)ခုဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေသစ်တွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း၊ ဥပဒေအခန်း(၁၈)တွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပုဒ်မ(၄၁)၊ ပုဒ်မခွဲ(ခ)နှင့်(ဆ)တို့ပါ အချက်များကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု(သို့မဟုတ်)တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရန် ပြဋ္ဌာန်းချက်ပါရှိသည့်အတွက် လုပ်ငန်းရှင်တွေကို အသိပညာပေးရခြင်းဖြစ်ကြောင်း၊ အချို့လုပ်ငန်းရှင်များမှ ၎င်းတို့၏ ကုန်စည်နှင့် ပတ်သက်၍ စိစစ်ခွင့်ပြုပေးပါရန် မိမိတို့တိုင်းရုံးသို့ တင်ပြလာသည်များကို ရုံးချုပ်သို့ဆက်လက်တင်ပြပေးပြီး ခွင့်ပြုချက်များ ရယူဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို နမူနာဓာတ်ပုံမှတ်တမ်းများနှင့်အတူ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြောက်ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အွန်လိုင်းမှ ပစ္စည်းဝယ်ယူမှုစသည့် တိုင်ကြားမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟောပြော ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ကြေညာချက်နှင့်ပတ်သက်၍ မေးမြန်းခြင်းကို စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ခင်မြဦး (စားသုံးသူ)ရန်ကုန်

မော်တော်ဆိုင်ကယ်အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး စားသုံးသူကာကွယ်ရေး အသိပညာပေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်မှ ဝန်ထမ်းများသည် အောက်တိုဘာ ၇ ရက်တွင် လက်ပံတန်းမြို့နယ်အတွင်း တရုတ်မော်တော်ဆိုင်ကယ် အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဈေးကွက်အတွင်း တရုတ်မော်တော်ဆိုင်ကယ်ရောင်းချသူများက တရုတ်ဆိုင်ကယ်အမျိုးအစားအလိုက် သက်ဆိုင်ရာကုမ္ပဏီများ အဖွဲ့အစည်းများမှ တာဝန်ယူမှု တာဝန်ခံမှုရှိသော ပစ္စည်းများကို ဝယ်ယူရောင်းချခြင်းနှင့် တန်ဖိုးနှင့်သင့်တော်သော ပစ္စည်းများအလိုက် အာမခံပေးမှုအပေါ် သုံးစွဲသူများမှ ဝန်ဆောင်မှုပါ အချက်အလက်များ လိုက်နာမှုအားနည်းနေ၍ တစ်နှစ်အာမခံပစ္စည်းအား ခြောက်လသာ အာမခံပေး၍ သဘောတူရောင်းဝယ်လျက်ရှိသည်။

တရုတ်ဆိုင်ကယ်ရောင်းဝယ်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအား စစ်ဆေး ဆောင်ရွက်ရာတွင် ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ အခန်း(၁၀) ပါ ပုဒ်မ ၂၁ နှင့် စပ်လျဉ်း၍ စားသုံးသူကာကွယ်ရေးဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြင့်မြင့်ခင် (သာယာဝတီခရိုင်)

ယင်းမာပင်ခရိုင်ရှိ မြို့နယ်များအတွင်း စားသုံးသူကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ ဒု-ခရိုင်ဦးစီးမှူးဒေါ်ခိုင်မို့မို့နှင့် မြို့နယ်တာဝန်ခံများသည် မြို့နယ်အလိုက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများ ပူးပေါင်း၍ စားသုံးသူများဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေးပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ အောက်တိုဘာ ၂၂ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောင်၍ ကနီ၊ ဆားလင်းကြီးမြို့နယ်တာဝန်ခံများ၊ ကနီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်ပူးပေါင်း၍ ကနီအမှတ်(၃)အလကကျောင်း၊ အမကကျောင်းများတွင် စားသုံးသူများ မှန်ကန်ရွေးချယ် စားသုံးမှု၊ အသုံးပြုမှုမှန်ကန်စေရေး ပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း၊ တိုင်ကြားမှု စာတိုက်ပုံးများ ထားရှိစေခြင်းများ ဆောင်ရွက်ခြင်း၊ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့ ဦးဆောင်၍ ပုလဲမြို့နယ်တာဝန်ခံ ၊ ယင်းမာပင်မြို့နယ်တာဝန်ခံတို့သည် ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ အထကကျောင်းတန်းတွင် ပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်း၊ ကျောင်းဈေးသည်များအား ကွင်းဆင်းစစ်ဆေးပညာပေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကျေးရွာဈေးဆိုင်များအား ဈေးကွက် စောင့်ကြည့်ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၂၃ ရက်တွင် ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် ယင်းမာပင်မြို့နယ် တာဝန်ခံ၊ ဆားလင်းကြီးမြို့နယ်တာဝန်ခံတို့နှင့်အတူ ယင်းမာပင်မြို့၊ ဇီးဖြူပင်ကျေးရွာသို့ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ကျေးလက်ဒေသ ရွှေ့လျား ဝန်ဆောင်မှု OSS (One Stop Stop) ကျေးရွာလူထုနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ပေးရေးအသိ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခိုင်မို့မို့ (မြင်းမူ)

ပြည်မြို့နယ် ဆင်စုရုပ်ကွက်တွင် စားသုံးသူကာကွယ်ရေးအစုအဖွဲ့များ ဖွဲ့စည်း

စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်နှင့် ပြည်မြို့နယ် တာဝန်ခံရုံးမှ ဝန်ထမ်းများပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက်တွင် ပြည်မြို့ ဆင်စုရုပ်ကွက်၌ပရဟိတအဖွဲ့များ၊ ဥပဒေကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော စားသုံးသူကာကွယ်ရေးအစုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ပြည်မြို့နယ်တာဝန်ခံက အစည်းအဝေးသို့ တက်ရောက်လာကြသည့်ပုဂ္ဂိုလ်များအား စားသုံးသူကာကွယ်ရေး အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ မိမိတို့ဌာန၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် စားသုံးသူကာကွယ်ရေး ဥပဒေပါ ရည်ညွှန်း သတ်မှတ်ချက်များ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၏ ကုန်ပစ္စည်းအရည်အသွေးပိုင်းများ မှန်မှန်ကန်ကန်ဖြစ်စေ၍ လုံခြုံစိတ်ချရမှုရှိစေရန် ကုန်အညွှန်းအမှတ်အသားများ ပြည်စုံစွာ ထည့်သွင်းပါရှိစေရေးနှင့် ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ဟောပြောခြင်းနှင့် စားသုံးသူကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အေးမြတ်သီတာ (ပြည်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

တောင်ဒဂုံစက်မှုဇုန်၌ စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြော

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနရုံးမှ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် တောင်ဒဂုံမြို့နယ်အတွင်းရှိ စက်မှုဇုန်(၁)သို့ သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအား စက်မှုဇုန်၏အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ၎င်းတို့ထုတ်လုပ်ဖြန့်ဖြူးနေသော ထုတ်ကုန်များအနေဖြင့် စားသုံးသူတို့အပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စားသုံးသူကာကွယ်ရေး ဥပဒေဆိုင်ရာ အကြောင်းအရာတို့အား ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဒုတိယခရိုင်မှူးဒေါ်နွယ်ဇင်ဝင်းက ၂၀၁၉ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေမှာ အခန်း(၂၅)ပုဒ်မ(၈၄)ခုပါရှိပြီး ၎င်းဥပဒေပါ စားသုံးသူ ကာကွယ်ရေး၏ အဓိပ္ပာယ်ဖော်ပြချက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည် ထုတ်လုပ်ဖြန့်ဖြူး၊ သိုလှောင်ရောင်းချခြင်းနှင့်

စပ်လျဉ်း၍ အာမခံချက်ပေးခြင်းနှင့် စားသုံးသူတို့ဘက်မှလည်း နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့လျှင် ၎င်းအာမခံချက်ပေးထားမှုအပေါ် တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ တိုင်ကြားနိုင်သည့် အခွင့်အလမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဝိုးတင့်က ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေ၏ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အာဏာတည်စေမည်ဖြစ်ကြောင်းနှင့် ၎င်းဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)နှင့် (ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပိုတွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ပြီး ကုန်စည်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျ သုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာ အာမခံချက်များနှင့် ပတ်သက်၍ ဖော်ပြနိုင်သည့် အချက်များ၊ စားသုံးသူတို့၏အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ စသည့်ဥပဒေပါ အကြောင်းအရာကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်နှင့် စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

တင်မင်း(ရန်ကုန်)

ကလေးမြို့ပေါ် ရှိ ဓာတ်မြေဩနှင့် ပိုးသတ်ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

အောက်တိုဘာ ၂၁ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနကဦးဆောင်၍ တားဟန်းရပ်ကွက်နှင့် လက်ပံချောင်းကျေးရွာများရှိဓာတ်မြေဩနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာနက မြို့နယ်တာဝန်ခံဒေါ်စန္ဒာမွန်က ပိုးသတ်ဆေးများ ရောင်းချရာတွင် မှန်ကောင်တာအတွင်းသေသပ်စွာထားရန်နှင့်လက်အိတ်များ၊ နှာခေါင်းစည်းများ အသုံးပြု၍ စနစ်တကျ ကိုင်တွယ်ရောင်းချပါက မိမိ၏ကျန်းမာရေးအန္တရာယ် ကြုံတင်ကာကွယ်ရာ ရောက်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ စားသုံးသူ ကာကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဓာတ်မြေဩနှင့် ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ ကြွက်သတ်ဆေး များရောင်းချ ရာတွင် သုံးစွဲပုံအညွှန်းများအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေဖော်ပြပါရှိသော ကုန်ပစ္စည်းများကိုသာ ရွေးချယ် ဝယ်ယူရောင်းချရန်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှလည်း မြန်မာစာတမ်းပါ ကုန်ပစ္စည်းများကိုသာ ရောင်းချရမည်ဖြစ်ကြောင်း၊ ရောင်းချခွင့် လိုင်စင်စာရွက်များ၏ နောက်ကျောတွင် ဖော်ပြပါရှိထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများ၏ ဥပဒေများ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ကွင်းဆင်းစစ်ဆေးရခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ထားသည့် ဓာတ်မြေဩ၊ ပိုးသတ်ဆေးများစွေးကွက်အတွင်း ရောင်းချမှု ရှိ/မရှိနှင့် သက်တမ်းလွန်နေသော ဆေးဝါးများ၊ ပိုးသတ်ဆေးများ ထားသိုရောင်းချခြင်းနည်း စနစ်များမှန်ကန်မှု ရှိ/မရှိ သွားရောက်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

သိမ့်သိမ့် (ကလေး)

ကလေးမြို့ သူနာပြုသင်တန်းကျောင်း၌ စားသုံးသူအသိပညာပေး ဟောပြော

ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ပထမနှစ် သူနာပြုနှင့် သားဖွားဒီပလိုမာ သင်တန်းသား/သူများအား သင်ကြားပို့ချလျက်ရှိသော ပြည်သူလူထု ကျန်းမာရေးသူနာပြုစုစောင့်ရှောက်မှု ပညာဘာသာရပ်တွင် စာတွေ့နှင့် လက်တွေ့ယှဉ်တွဲလေ့လာနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာနက သူနာပြုသင်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်တွင် ဟောပြောဆွေးနွေးခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးဝိုးအောင်က စားသုံးသူကာကွယ်ပေးရေးဥပဒေအကြောင်း ပြောကြားရာတွင် ယခင်က စီးပွားရေးလုပ်ငန်းရှင်များဟာ မိမိတို့၏ စီးပွားရေးကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုများ မရှိခဲ့ခြင်း၊ ယခုလိုမရှိခဲ့ခြင်းကြောင့် စားသုံးသူတွေမှာ အခွင့်အရေးများ နစ်နာဆုံးရှုံးခဲ့ရကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း မိမိတို့ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးရန် ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများချမှတ်ပြီး အကောင်အထည်ဖော်နေသည်ကို သိရှိစေရန် လာရောက် ဆွေးနွေးခြင်းဖြစ်ကြောင်းနှင့် စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

အကြီးတန်းစာရေး ဒေါ်သိမ့်သိမ့်ထွန်းက ကုန်စည်နှင့် ဝန်ဆောင်မှုအကြောင်းအရာများ စားသုံးသူများ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဇင်ဝါမိုး (ကလေးမြို့)

ကရင်ပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

ကရင်ပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန် ပေးအပ်ပွဲအခမ်းအနားကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က စီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ပြည်နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်ခင်ချိုက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) စီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အလိုက် အုပ်ချုပ်ရေးမှူးများသို့ စီမံကိန်းတာဝန်ပေးအပ်လွှာများ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

စီမံကိန်းရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များအားလုံး၏ ပံ့ပိုးပေါ်သို့ တာဝန်ကျရောက်လာပြီဖြစ်ကြောင်း၊ ရည်မှန်းချက်များပြည့်မီရေး မိမိတို့ကျရာ အခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း ဘဏ္ဍာနှစ်အတွင်း သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပို့လျှံရန်ပုံငွေများ ပြန်လည်အပ်နှံရသည့် အခြေအနေသို့ မဖြစ်စေလိုကြောင်း၊ အရည်အသွေး စံချိန်စံညွှန်းများနှင့်ကိုက်ညီရန် လိုအပ်ပြီး အလေအလွင့်မဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်မှာကြားခဲ့သည်။

အေးအေးဝိုး

ဘားအံမြို့နယ်ကျောင်းများတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဘားအံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းတွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးဆောင်ရွက်ခဲ့သည်။

အောက်တိုဘာ ၂၁ ရက်က ဒုတိယပြည်နယ်ဦးစီးမှူး ဦးသန်းဦးနှင့်ဝန်ထမ်းများသည် ဘားအံမြို့ကော့ကဒါကျေးရွာ အထကကျောင်းတွင်လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်က အကြီးတန်းစာရေးဒေါ်ခင်ကြည်နှင့် ဝန်ထမ်းတစ်ဦးက ထုံးအိုင် အထကကျောင်း၌လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်က ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေနှင့် ဝန်ထမ်းတစ်ဦးက တကောင်ဘိုးအထကကျောင်းတို့တွင် ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း လူဦးရေ ၁၁၀၀ ကို စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပဆောင်ရွက်ပြီး ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းဟောပြောပွဲနှင့် စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့ ကော်မတီဝင်များ၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဘားအံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ခင်ကြည်

ဆိုးလ်ရှားခေါ်ယူမည့် ကစားသမားများထဲတွင် မက်ဒီဆင်ပါဝင်

မန်ယူအသင်း နည်းပြ ဆိုးလ်ရှားသည် အသင်း၏ အနာဂတ်စီမံကိန်းအတွက် အဆင့်အတန်းမီ ကစားသမားများကို ခေါ်ယူရန် လျာထားလျက်ရှိရာ ယင်းကစားသမားများထဲတွင် လက်စတာအသင်းမှ အင်္ဂလန် လူငယ်ကစားသမား ဂျိမ်းမက်ဒီဆင်လည်း ပါဝင်ကြောင်း သိရသည်။

အသက်(၂၂)နှစ်ရှိ မက်ဒီဆင်သည် လက်ရှိအချိန်တွင် လက်စတာအသင်း၏ ကွင်းလယ်ပိုင်း၌ ခြေစွမ်းပြနေသူဖြစ်သည်။ မက်ဒီဆင်သည် ကွင်းလယ်ပိုင်းတွင်သာမကဘဲ တိုက်စစ်ပိုင်းကိုလည်း ကောင်းကောင်း လိုက်ပါပံ့ပိုးပေးနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သည်။

မက်ဒီဆင်သည် ယခုနှစ်ရာသီတွင် လက်စတာအသင်း၏ ပွဲစဉ်တိုင်းတွင် ပါဝင်ခွင့်ရရှိနေပြီး ၁၀ ပွဲတွင် သုံးဂိုးသွင်းပေးထားသည်။ မက်ဒီဆင်အနေဖြင့် ကစားဖော်များ ဂိုးသွင်းယူနိုင်အောင် ဂိုးဖန်တီးပေးမှုများ ပြုလုပ်ပေးနိုင်ရုံသာမကဘဲ ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်စွမ်းရှိသူဖြစ်သည်။

မက်ဒီဆင်သည် လူငယ်ကစားသမားဘဝကို ကိုဗင်ထရီအသင်းတွင် စတင်ခဲ့ပြီး နော်ဝှစ်ခ်၊ အဘာဒင်း စသည့်အသင်းများတွင် ကစားခဲ့ဖူးကာ ၂၀၁၈ ခုနှစ်တွင် လက်စတာအသင်းသို့ ရောက်ရှိလာသူဖြစ်သည်။

မန်ယူအသင်းသည် ၎င်းကစားသမားကို ခေါ်ယူရန်အတွက် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ စျေးကွက်ဖွင့်ချိန်တွင် စတင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ပြင် မန်ယူအသင်းသည် အာဆင်နယ်အသင်းတွင် ပထမပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား အိုလ်ဇေးကို ကာလတို စာချုပ်တစ်ရပ်ဖြင့်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်းလည်း သိရသည်။

တခြား ပရီမီးယားလိဂ်အသင်းများဖြစ်သည့် လီဗာပူး၊ စပါးနှင့် မန်စီးတီး အသင်းတို့ကလည်း မက်ဒီဆင်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း သိရသည်။

စီရိုနယ်ဒိုကြောင့် ဂျူဗင်တပ်အသင်း ဝင်ငွေတိုးဖွယ်ရှိနေဟု အသင်းဥက္ကဋ္ဌပြော

ဂျူဗင်တပ်အသင်းသည် အသင်း၏ တောင်ပံကစားသမား စီရိုနယ်ဒိုကြောင့် ဝင်ငွေတိုးလာဖွယ်ရှိနေကြောင်း အသင်းဥက္ကဋ္ဌ ဖြစ်သူ အန်ဒရီရာအက်ဂ်နယ်လီက ပြောဆိုလိုက်သည်။

အန်ဒရီရာအက်ဂ်နယ်လီက 'ဂျူဗင်တပ်အသင်းဟာ စီရိုနယ်ဒိုကို ခေါ်ယူလိုက်တဲ့အချိန်ကစပြီး ဝင်ငွေတွေ သိသိသာသာ တိုးလာခဲ့ပါတယ်။ သူ့ကြောင့် အသင်းဟာ အောင်မြင်မှုရရှိလာသလို ဝင်ငွေလည်း ကောင်းလာခဲ့ပါတယ်။ စီရိုနယ်ဒိုသာ ၂၀၁၉ ခုနှစ်အတွက် Ballon d'Or ဆုကို ရရှိမယ်ဆိုရင်တော့ ဂျူဗင်တပ်အသင်းအတွက်လည်း အောင်မြင်မှုတွေ ဒီထက်မက ပိုပြီးတော့ ရရှိလာလိမ့်မယ်လို့ယုံကြည်ပါတယ်။ သူ့ရဲ့ အောင်မြင်မှု ပုံရိပ်က အသင်းကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုမှာပါ' ဟု ပြောခဲ့သည်။

စီရိုနယ်ဒိုသည် ၂၀၁၉ ခုနှစ် Ballon d'Or ဆုအတွက် ပဏာမ ကစားသမားစာရင်းတွင်ပါဝင်နေပြီး ဂျူဗင်တပ်အသင်းဥက္ကဋ္ဌဖြစ်သူ အန်ဒရီရာ အက်ဂ်နယ်လီကလည်း မိမိတို့ ကစားသမားမှာ Ballon d'Or ဆုကို ရရှိနိုင်မည်ကို ယုံကြည်နေကြောင်း ပြောဆိုခဲ့သည်။

အန်ဒရီရာ အက်ဂ်နယ်လီက ဂျူဗင်တပ်အသင်းအနေနှင့် စီရိုနယ်ဒိုကို စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေကြောင်း၊ စာချုပ်ကိစ္စအတွက် မိမိတို့ဘက်က အဆင်သင့်ဖြစ်နေသော်လည်း ကစားသမားဘက်မှ သဘောထားကို မသိရသေးကြောင်း၊ စီရိုနယ်ဒိုကဲ့သို့ ကစားသမားမျိုးကို ခေါ်ယူလိုသည့်အသင်းမှာ အများအပြားရှိနေကြောင်း၊ စီရိုနယ်ဒိုမှာ အသက်(၃၄)နှစ်ဆိုသည့် အရွယ်နှင့်မလိုက်အောင်ပင် ကြံ့ခိုင်မှု ရှိနေသေးကြောင်း ထပ်မံပြောဆိုခဲ့သည်။

စီရိုနယ်ဒိုသည် Ballon d'Or ဆုကို ၂၀၀၈၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ရရှိထားပြီး ဘာစီလိုနာအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီနှင့် အကြိမ်ရေတူ ငါးကြိမ်ရရှိထားသည်။

တိုက်စစ်မှူး မာတာ အော်လန်ဒိုပရိုက်နှင့် စာချုပ်သက်တမ်းတိုး

အော်လန်ဒိုပရိုက်အသင်းမှ ဘရာဇီး တိုက်စစ်မှူး မာတာသည် အသင်းနှင့် တစ်နှစ် သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း သိရသည်။

မာတာသည် အသက်(၃၃)နှစ်ရှိပြီ ဖြစ်ပြီး ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်အထိ ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။ မာတာသည် အော်လန်ဒိုပရိုက်အသင်းကို ၂၀၁၇ ခုနှစ်က ရောက်ရှိခဲ့ပြီး ယင်းအသင်းသို့မရောက်ရှိမီက အသင်းပေါင်းကိုးသင်းတွင် ပါဝင်ကစားဖူးခဲ့သူဖြစ်သည်။

၂၀၀၂ ခုနှစ်ကပင် ဘရာဇီးလက်ရွေးစင်အသင်းကြီးတွင် ပါဝင်ကစားရန် ရွေးချယ်ခြင်းခံခဲ့ရသည့် မာတာသည် ဘရာဇီးအသင်းအတွက် ၁၄၉ ပွဲတွင် ၁၁၂ ဂိုး သွင်းပေးထားနိုင်ခဲ့သည်။ ထို့ပြင် မာတာသည် လက်ရှိ အော်လန်ဒိုပရိုက်အသင်းတွင် ၅၅ ပွဲ ပါဝင်ကစားထားရာတွင် အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် ဂိုးဖန်တီးပေးမှု ၁၀ကြိမ် ပြုလုပ်ထားပြီး သွင်းဂိုး ၂၃ ဂိုး ရရှိထားသည်။

မာတာသည် ဖီဖာမှပေးအပ်သည့် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးကစားသမားဆုကို ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ်တို့တွင် ငါးကြိမ်ဆက်တိုက် ရရှိခဲ့သည်။ ထို့ပြင် မာတာသည် အဆိုပါ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီး ဘောလုံးကစားသမားဆုကို ၂၀၁၈ ခုနှစ်ကလည်း ခြောက်ကြိမ်မြောက် ထပ်မံရရှိခဲ့သည်။

ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်အထိ ပါဝင်ကစားပေးထားသည့် တိုက်စစ်မှူး မာတာသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၇ ဂိုး ရရှိထားခြင်းကြောင့် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည်။

ဟန်နေသစ် စုစည်းသည်

အီဗာတန်ကို စပါးအသင်း ခေါ်ယူမည်ဟုဆို

စပါးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ စျေးကွက်ဖွင့်ချိန်တွင် ဂရီမီရိုအသင်းမှ ဘရာဇီးတိုက်စစ်မှူး အီဗာတန်ကို ခေါ်ယူသွားမည်ဟု သိရသည်။ စပါးအသင်းသည် ကစားသမားကောင်းများကို ပိုင်ဆိုင်ထားသော်လည်း လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်၌ ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရသည်။ ထို့ပြင် အပြောင်းအရွှေ့စျေးကွက်ဖွင့်ချိန်တွင် အသင်းမှထွက်ခွာတော့မည့် ကစားသမားများ ရှိနေသည်။ အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ကစားသမားများထဲတွင် နည်းပြ ပိုချက်တီနို အားထားရသည့် အဲရစ်ဆင်၊ အဲလ်ဒါဝီရယ်နှင့် ဗာတွန်ဂန်တို့ကဲ့သို့ ကစားသမားများ ပါဝင်နေသည်။

ထို့ကြောင့် နည်းပြ ပိုချက်တီနို်သည် လက်လှမ်းမီသည့် ကစားသမားများကို ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ နည်းပြ ပိုချက်တီနို ခေါ်ယူမည့် ကစားသမားများထဲတွင် အီဗာတန်မှာ ပထမဦးစားပေးဖြစ်ပြီး အသင်း၏ ခံစစ်ပိုင်း အားနည်းမှုများကိုလည်း ပြင်ဆင်ဖြည့်ဆည်းသွားရန် ရှိနေကြောင်း သိရသည်။

စပါးအသင်းကခေါ်ယူမည်ဟုဆိုသည့် အီဗာတန်ကို ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီး ပဂ္ဂိုလ်ရေးအရပင် သဘောတူညီမှုရရှိခဲ့ဖူးသည်ဟု ယင်းအချိန်က သတင်းများတွင် ဖော်ပြခဲ့ဖူးသည်။ သို့သော် အာဆင်နယ်အသင်းနှင့် အီဗာတန်တို့၏ အပြောင်းအရွှေ့မှာ ပျက်ပြယ်ခဲ့ရသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

တရုတ်ယွမ်ငွေတည်ငြိမ်နေသည်ဟု တရုတ်ဗဟိုဘဏ်ပြောကြား

ဈေးကွက် ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် အခြေပြုသော နိုင်ငံ၏ အရန်နိုင်ငံခြားငွေထားရှိမှုအပေါ် ကိုးကားသော ယွမ်ငွေလဲနှုန်းမှာ တည်ငြိမ်လျက်ရှိသည်။ ထို့ပြင်ငွေကြေးနှင့် ချေးငွေတို့မှာလည်း တဖြည်းဖြည်း တိုးပွားလာကာ ဈေးကွက်အတိုးနှုန်းများမှာ နိမ့်နေဆဲဖြစ်သဖြင့် ပြည် တွင်း၊ ပြည်ပစီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမြော်အမြင်ရှိသော ငွေကြေးမူဝါဒမှာ တရုတ်နိုင်ငံအတွက် အကောင်းဆုံးဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဗဟိုဘဏ်မှ ဥက္ကဋ္ဌ Yi Gang ကပြောကြားခဲ့သည်။

တရုတ် ဗဟိုဘဏ်အနေဖြင့် အရည်အသွေးမီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်သာကိုင်သာရှိသော ငွေကြေးနှင့် ဘဏ္ဍာရေး ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရန် ကြိုးပမ်းရာတွင် မြော်မြင်မှုရှိသောငွေကြေးမူဝါဒအား အကောင်အထည်ဖော်သွားရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဈေးကွက်အခြေခံ အတိုးနှုန်းများ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားရန်မှာ တရုတ်ငွေရေးကြေးရေး လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ အဓိကတာဝန်များဖြစ်သည်ဟု ရှုမြင်နိုင်သော်လည်း၊ တရုတ်နှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေး တင်းမာမှုကြောင့် စီးပွားရေးနောက်ပြန်ဆွဲမှုများ ဖန်တီးနေသဖြင့် ရှုပ်ထွေးသော ကိစ္စများဖြစ်လာနိုင်ကြောင်း ဝါရင့်တရုတ်စီးပွားရေးသုတေသီတစ်ဦးဖြစ်သော Yu Yongding က သုံးသပ်ထားသည်။

တရုတ်နိုင်ငံရှိအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဝါရင့်ကိုယ်စားလှယ်ဖြစ်သူ Alfred Schipke က ယွမ်ငွေကြေးမှာ ယူရိုငွေကို ကျော်တက်သွားကာ ကမ္ဘာပေါ်တွင် ဒုတိယ အရေးအပါဆုံးငွေကြေးဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် ၎င်း၏ ငွေကြေးအဖွဲ့အစည်းများ ခိုင်မာအားကောင်းမှုကို ဆက်လက်ထိန်းသိမ်းထားရန် တရုတ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဘဏ္ဍာငွေကြေးကို အထူးပြု၍ ပံ့ပိုးကူညီသင့်ကြောင်း မှတ်ချက်ပြုထားသည်။

တရုတ်ယွမ်ငွေကြေးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးတစ်ရပ်ဖြစ်လာစေရန် တရုတ်ဘဏ္ဍာရေး အာဏာပိုင်များက ရေရှည်ပန်းတိုင် အဖြစ် သတ်မှတ်ထားရှိသည်။ လတ် တလောတွင် တရုတ်နိုင်ငံသည် နိုင်ငံခြားဘဏ္ဍာရေး အဖွဲ့အစည်းများအတွက် ရှယ်ယာဝေစုပါဝင်မှုကို တိုးမြှင့်ပေးခြင်းအပါအဝင် ၎င်း၏ ဘဏ္ဍာရေးကဏ္ဍတွင် တံခါးပိုပို ဖွင့်လှစ်ပေးလျက်ရှိပြီး နိုင်ငံသားပိုင်နှင့် နိုင်ငံခြားသားပိုင် ဘဏ္ဍာရေးအဖွဲ့အစည်းများအတွက် တန်းတူယှဉ်ပြိုင်ခွင့်ရစေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။

အမေရိကန်နှင့် ကုန်သွယ်ရေး တင်းမာမှုများ ရှိနေသော်လည်း ယခုနှစ် ဩဂုတ်လကုန်ပိုင်း၌ ကမ္ဘာတစ်ဝန်းတွင် ငွေပေးချေမှုများပြုလုပ်သည့်အခါ တရုတ်ယွမ်ငွေကို အသုံးပြုသည့် ဘဏ္ဍာရေး အဖွဲ့အစည်းပေါင်း ၂၂၀၀ ကျော် ရှိသည်။ ၎င်းပမာဏသည် ၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၃၁ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ ငွေပေးချေမှုများပြုလုပ်ရာတွင် ယွမ်ငွေဖြင့် ပေးချေမှုမှာ ပဉ္စမမြောက် နေရာတွင် ရှိသည်။

တရုတ်ယွမ်ငွေဖြင့် နိုင်ငံခြားငွေ ချေးစာချုပ်များမှာ ၂၀၀၇ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၈၉၅ သန်းသာ ရှိရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၈ ထရီလီယံ တန်ဖိုး ရှိလာပါသည်။ ကမ္ဘာတစ်ဝန်းမှ ဗဟိုဘဏ်များတွင် ယွမ်ငွေ အရန်ထား ရှိမှုမှာ ၁ ဒသမ ၉၅ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၉ ဘီလီယံ တန်ဖိုးနှင့်ညီမျှသော ယွမ်ငွေများကို အရန်ထားရှိလာကြသည်။ ထို့ပြင် နိုင်ငံခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ယွမ်ငွေလွှဲမ်းမိုးသော ပိုင်ဆိုင်မှုများမှာ ၂၀၁၃ ခုနှစ်အတွင်း ယွမ် ၂ ဒသမ ၉ ထရီလီယံရှိရာမှ ၂၀၁၈ ခုနှစ်တွင် ယွမ် ၄ ဒသမ ၈၅ ထရီလီယံ ရှိလာသောကြောင့် ၆၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း China Daily သတင်းစာတွင် ဖော်ပြထားသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ် (၂) ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ တိုးမြင့်လာမည်

ထိုင်း-မြန်မာချစ်ကြည်ရေးတံတား အမှတ် (၂) ကို အောက်တိုဘာ ၃၀ ရက်မှစတင်၍ အပြည့် အဝဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Niyom Wairatpanich က နှစ်နိုင်ငံကြား နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးသည် အရေးကြီးကြောင်း မဲဆောက်မှ တစ်ဆင့် ကုန်သွယ်ရေးစီးဆင်းမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများ တိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့်ထိုင်းနယ်စပ် ကုန်သွယ်ရေးသည် ယမန်နှစ်က ဘတ် ၁၉၃ ဘီလီယံရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မဲဆောက်မှ နယ်စပ်ကုန်သွယ်ရေးသည် ဘတ် ၈၀ ဘီလီယံရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအပြင် မလေးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားတို့နှင့်လည်း ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ မလေးရှား နိုင်ငံနှင့် ကုန်သွယ်မှုမှာ ဘတ် ၅၇၂ ဘီလီယံ ရှိခဲ့ပြီး ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ လာအို နိုင်ငံနှင့် ကုန်သွယ်မှုမှာ ဘတ် ၂၁၄ ဘီလီယံရှိခဲ့ပြီး ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ကုန်သွယ်မှုမှာ ဘတ် ၁၄၆ ဘီလီယံရှိခဲ့ပြီး ၁၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Niyom Wairatpanich ကဆက်လက်ပြောကြားခဲ့ သည်။

ထိုင်းနိုင်ငံနှင့် မြန်မာတို့၏ကုန်သွယ်မှုတွင် အဓိကပို့ကုန်ငါးမျိုးမှာ အားဖြည့်အချိုရည်၊ မော်တော်ဆိုင်ကယ်၊ ဒီဇယ်ဆီ၊ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွမ်းသီးခြောက်များဖြစ်ပြီး အဓိက သွင်းကုန်ငါးမျိုးမှာ ပြောင်းဖူး၊ ကွဲထွန်းအရှင်များ၊ ကျောက်ပြားအဟောင်းများနှင့် မီးအားမြှင့်စက်များ ဖြစ်သည်။ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂)မှ ၂၀၂၀ ပြည့်နှစ်တွင် မဲဆောက်မှတစ်ဆင့် နယ်စပ်ကုန်သွယ်မှု တန်ဖိုးဘတ်ဘီလီယံ ၁၀၀ အထိရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်း-မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ Kich Aungvitulsalit ကထိုင်းမှ ပို့ကုန်သည် တံတားအသစ်ဖွင့်ပြီးသည်နှင့် ၃၀ ရာခိုင်နှုန်းတိုးတက်လာဖွယ်ရှိနေပြီး မဲဆောက်နယ်စပ်ဂိတ်သည် ထိုင်းနှင့် မြန်မာကြား စုစုပေါင်းနယ်စပ်ကုန်သွယ်ရေး၏ ၆၀ ရာခိုင်နှုန်းရှိကြောင်း ပြောဆိုခဲ့သည်။

ထိုင်းနှင့်မြန်မာနှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရန် မဲဆောက်တွင် ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်မှုမြှင့်တင်မှုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Jurin Laksanawisit သည် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍ အကြံပေးကော်မတီနှင့်အတူ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ထိုင်း-မလေးရှား နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန် Songkhla ပြည်နယ်တွင်လည်းကောင်း၊ လာအိုနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် Mukdahan တွင်လည်းကောင်း အစည်းအဝေးများ ကျင်းပခဲ့ကာ ကမ္ဘောဒီးယားနယ်စပ်အနီးရှိ Sakaeo တွင်လည်း အစည်းအဝေးကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ဝင်းလဲ့ဖြူ (သံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)

စာမျက်နှာ (၂၅) ရိတ်သိမ်းချိန်လွန် သီးနှံများ ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့်. . . မှအဆက်

အပူချိန်နည်းခြင်း၊ အောက်စီဂျင်နည်းခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်မြင့်ခြင်းနှင့် သင့်လျော်မှုန်ကန်သော စိုထိုင်းဆရှိခြင်းတို့သည် ရိတ်သိမ်းချိန်လွန်သီးနှံ ပုပ်သိုးပျက်စီးစေမှုကို လျော့ကျ စေနိုင်ပါသည်။ ရင့်မှည့်မှုနှင့် ညှိုးနွမ်းခြောက်သွေ့၍ သေဆုံးမှုနှုန်းကို နှေးကွေးစေသည်။ရောဂါပိုးမွှားများ၏ ကြီးထွားမှု နှုန်းကိုလည်း လျော့ကျစေပါသည်။

ရိတ်သိမ်းချိန်လွန် ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို အောက်စီဂျင်နည်း၍ ကာဗွန်ဒိုင်အောက်ဆိုဒ်များသော အခြေအနေတွင် သိုလှောင်နိုင်ပါသည်။ အောက်စီဂျင် ၅ ရာခိုင်နှုန်းအောက်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ၅ ရာခိုင်နှုန်း အထက်ရှိခြင်းသည် အသက်ရှူခြင်းကို လျော့နည်းစေပြီး မြန်မြန်ရင့်မှည့်ခြင်းနှင့် ပုပ်ရိခြင်းတို့ကို ကာကွယ်နိုင်ပါသည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ၏ ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းကို တားဆီးကာကွယ်ရန် အပူပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ သရက်သီး၊ သဘော်သီး၊ သခွားမွေးသီး၊ ကျွဲကောသီး၊ မာလကာသီးတို့ကို အပူချိန် ၂၀-၅၅ ဒီဂရီစင်တီဂရိတ်ရှိ ရေနွေးတွင် (၂) ရက်ကြာစိမ်ပေးခြင်း၊ ရေနွေးဖြင့် ပွတ်ဆေးခြင်းဖြင့် အသီးမျက်နှာပြင်တွင်ကပ်နေသော ရောဂါပိုးမွှားများ သုတ်သင်ကာကွယ်ပြီး ဖြစ်စေပါသည်။ တဖန်အသီးခွံ မျက်နှာပြင်ကို ထိုးဖောက်၍အသီး အတွင်းသားသို့ ဝင်ရောက်ဖျက်ဆီးမှုကို တားဆီးနိုင်ပါသည်။ ရေနွေး ဖြင့်စိမ်ခြင်း၊ ဆေးကြောခြင်းဖြင့်၊ ဓာတုဓါတ်ကြွင်းကပ်ငြိနေမှုကို ဖယ်ရှားပေးခြင်း၊ လစ်ဂနင် အသားထု/အမာ ဖြစ်ပေါ် စေခြင်း၊ မှိုစပိုးများ အညောင့်ပေါက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်းများဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

သစ်သီးများတွင် ကျရောက်သော သီးထိုးယင်ကို အသီးများ အား အိတ်စွပ်ထားခြင်း၊ သီးထိုးယင်ကြောင့် ပုပ်ရိကြွေကျသော အသီးများကို နေ့စဉ်ကောက်ယူမြေမြှုပ်ဖျက်ဆီးပစ်ခြင်း၊ သီးထိုးယင် အမများကို အစာအဆိပ်တုံး (NASIMAN) ဖြင့်ထောင်ဖမ်းခြင်း၊ သို့လှောင်ရုံတွင် အီသလင်းဒိုင်ဘရိုမိုက် (၂) အောင်စကို အပူချိန် ၅၅ ဒီဂရီစင်တီဂရိတ်တွင် နှစ်ရက်ကြာထား၍ မှိုင်းတိုက်ပေးခြင်းတို့ဖြင့် ကာကွယ်တားဆီးနိုင်သည်။

တစ်ခါတစ်ရံ ရိတ်သိမ်းချိန်လွန်သီးနှံများပေါ်တွင် မရိတ်သိမ်းမီ စိုက်ခင်းမှာကတည်းကပင် ပါရှိလာပြီး ရိတ်သိမ်းပြီး သီးနှံများထိ ကျရောက်ဖျက်ဆီးဒုက္ခပေးသည့် ပိုးမွှားရောဂါများလည်း ရှိပါသည်။ အဆိုပါရောဂါပိုးမွှားများကို သီးနှံမရိတ်သိမ်းမီတစ်လကျော်အလိုကတည်းကပင် ကြိုတင်၍ ဆေးပက်ဖျန်းကာကွယ်နှိမ်နင်းထားရန် သတိပြုသင့်ပါသည်။ ဥပမာ ပိုးစေးနဲ့၊ အကြေးပိုး၊ လှေးပိုး၊ ပျ၊ မှည့်ပြောင်းစွန်း ရောဂါ၊ ကြပ်ခိုးမှိုရောဂါ၊ ဖားဥမှိုရောဂါ၊ အကြေးဖတ်ရောဂါ၊ ဥပုပ်၊ အပျော့ပုပ်ရောဂါ၊ ဖြူဆေးရိုယမ်ရောဂါ၊ အော်လ်တာနေရီးယား ရောဂါ၊ ဘက်တီးရီးယားရောဂါ၊ ဒေါင်းနီကွက်ရောဂါ၊ ပေါင်ဒရီမီးလ် ဂျူးရောဂါ၊ ခွံပုပ်ရောဂါ၊ အသီးထိပ်ပုပ်ရောဂါ သီးညှာရင်းပုပ်ရောဂါ တို့ဖြစ်ပါသည်။

သို့ပါ၍ ရိတ်သိမ်းချိန်လွန်သီးနှံများအား ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုများကို အထက်ပါနည်းလမ်းများအတိုင်း ကာကွယ် တားဆီးကြပါစို့. . .။

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၇၅၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၅၁၀၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန် လျှင် ၄၇၂၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ၄၄၇၇ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပခုက္ကူမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၉၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၁၀၀ နှင့်ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ် တစ် ဂါလန်လျှင် ၄၂၇၃ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၅၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၉၆၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ၈၅၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၄၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စားနပ်ရိက္ခာစိတ်ချလုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ၏ ခြေလှမ်းများ

ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း နီးပါး ရှိလာတော့မည့် တရုတ်နိုင်ငံသည် ၎င်း၏ ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာချက်တစ်စောင်ကို အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံတွင် ကမ္ဘာ့စိုက်ပျိုးမြေ စုစုပေါင်း၏ ကိုးရာခိုင်နှုန်းရှိပြီး ရေချိုသယံဇာတရရှိမှုမှာ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ခြောက်ရာခိုင်နှုန်းရှိသည်။ ၎င်းတို့ကိုအသုံးပြု၍ တရုတ်နိုင်ငံမှ စားနပ်ရိက္ခာ ထုတ်လုပ်မှုမှာ ကမ္ဘာ့ထုတ်လုပ်မှုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းရှိသည်။

တရုတ်နိုင်ငံတွင် လူတစ်ဦးချင်း တစ်နှစ်လျှင် ကောက်ပဲသီးနှံ စားသုံးမှုမှာ ၄၇၀ ကီလို ဂရမ်ရှိကာ ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်း လူတစ်ဦးချင်း၏ အခြားအစားအစာများ စားသုံးမှုနှုန်းနှင့် ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဆီ ၃၅ ဒသမ ၇ ရာခိုင်နှုန်း၊ ဝက်သား၊ အမဲသားနှင့်ဆိတ်သား ၅၅ ရာခိုင်နှုန်း၊ ရေထွက်ကုန်များ ၇၂ ဒသမ ၅ ရာခိုင် နှုန်း၊ ဆို့ ၃၃၃ ဒသမ ၃ ရာခိုင်နှုန်း၊ ဟင်း သီးဟင်းရွက် ၁၀၄ ဒသမ ၂ ရာခိုင်နှုန်း၊ သစ်သီးဝလံ ၁၇၆ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့သည်။

တရုတ်လူမျိုးများ၏ လူနေမှု အဆင့်အတန်းများ မြင့်မားလာသဖြင့် ကစီမံတ်ပါဝင်သော အစားအစာများကို စားသုံးမှုအချိုးမှာ ကျဆင်းလာပြီး အဆီနှင့် အရည်အသွေးမီ အသားဓာတ်ပါဝင်သော အစားအစာများ စားသုံးမှုမှာ မြင့်တက်လာပါသည်။ အထူးသဖြင့် ပိုမိုကျန်းမာစေသော အစားအစာများကို ရွေးချယ် ဝယ်ယူမှုများ ပြုလာကြသည်။ တရုတ်နိုင်ငံ၏ အမျိုးသား ကျန်းမာရေးကော်မရှင်မှ ထုတ်ပြန်ချက်အရ တရုတ်လူမျိုးတစ် ဦး၏ ပျမ်းမျှတစ်နေ့စားသုံးမှုမှာ ၂၁၇၂ ကယ်လိုရီရှိပြီး အသားဓာတ် ၆၅ ဂရမ်၊ အဆီ ၈၀ ဂရမ်နှင့် ကစီဓာတ် ၃၀၁ ဂရမ်ပါဝင်ပါသည်။

ကျေးလက်ဒေသများတွင် လည်း အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအစီအစဉ်ဖြင့် လယ်သမားများ၏ ဝင်ငွေ တိုးတက်စေရန် စီစဉ်ပေးလာသောကြောင့် ကောက်ပဲသီးနှံနှင့် အခြားအစားအစာများ ဝယ်ယူမှုများ တိုးပွားလာနေသည်။ တရုတ်နိုင်ငံတွင် ၁၉၇၇ ခုနှစ်၌ ဆင်းရဲနွမ်းပါးသူ သန်း ၇၇၀ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ် အကုန်၌ ၁၆ ဒသမ ၆ သန်းမျှသာ ကျန်ရှိတော့သည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးပန်းတိုင်ကို ရောက်ရှိလာသော ပထမဆုံးနိုင်ငံလည်းဖြစ်သည်။

တရုတ်နိုင်ငံသည် ကောက်ပဲ သီးနှံကဏ္ဍတွင် အထွက်နှုန်း၊ ခေတ်မီသောဖြန့်ဖြူးမှု၊ တိုးတက်ဆောင်ရွက်ထားသော အစားအစာထောက်ပံ့ပေးသည့်ပုံစံနှင့် တဖြည်းဖြည်းတိုးတက်လာမှုတို့ကို ရရှိထားသည်။ ၂၀၁၆ ခုနှစ်အကုန်တွင် အာဖရိကနိုင်ငံများနှင့် စိုက်ပျိုးရေး၊ မျိုးစေ့သိုလှောင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများနှင့် စိုက်ပျိုးရေး ထုတ်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည်တို့အပါအဝင် တရုတ်နိုင်ငံက စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးကူညီပေးသော အစီအစဉ် ၅၀၀ နီးပါး ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံအတွင်း ကောက်ပဲသီးနှံထွက်ရှိမှုမှာ စုစုပေါင်း စားနပ်ရိက္ခာထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော် ပါဝင်ခဲ့ပါသည်။ ယခုအခါ ပြည်တွင်း၌ ထုတ်လုပ်သော ဆန်နှင့် ဂျုံတို့က ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်း ပြည်ပနိုင်ငံများမှ ပဲပိစပ် မက်ထရစ် တန်ချိန် ၈၈ သန်း တင်သွင်း မှုအပါအဝင် ကောက်ပဲသီးနှံ တင်သွင်းမှုစုစုပေါင်း မက်ထရစ်တန်ချိန် ၁၁၆ သန်းရှိခဲ့ပြီး ၁၉၉၆ ခုနှစ်ကထက် ကိုးဆတိုးမြင့်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံက စားနပ်ရိက္ခာ ဖူလုံရေးအတွက် အခြားနိုင်ငံများနှင့် ဆက်လက်၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာစာတမ်းတွင် ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ၎င်းကောက် ပဲသီးနှံထုတ်လုပ်သည့် စွမ်းရည်ကို တစိုက်မတ်မတ် တိုးမြှင့်လာလျက်ရှိရာ ၂၀၁၈ ခုနှစ်အကုန်၌ စိုက်ပျိုးမြေဟက်တာ ၁၃၄ ဒသမ ၈၈ သန်းရှိပြီး ၁၉၉၆ ခုနှစ်ကထက် ၄ ဒသမ ၈ သန်းသာ ပိုမိုလာခြင်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အကုန်၌ ကောက်ပဲသီးနှံစိုက်ပျိုးမြေမှာ ၁၉၉၆ ခုနှစ်က ထက် ဟက်တာ ၄ ဒသမ ၅ သန်း ပိုမိုလျက် ဟက်တာ ၁၁၇ သန်းအထိရှိ လာပါသည်။

ထို့ပြင် အဆင့်မြင့် လယ်ယာမြေ ဖွံ့ဖြိုးရေး၊ အထွက်နှုန်းနည်းပါးသော လယ်ယာမြေများကို အဆင့်မြှင့် တင်ရေးနှင့် စိုက်ပျိုးမြေအရေအတွက်၊ အရည်အသွေးနှင့် ဂေဟစနစ်တို့ကာ ကာကွယ်မှုမြှင့်တင်ရေးတို့အတွက် အလုံးစုံခြုံငုံမိသော အစီအမံတစ်ရပ်ကိုလည်း အကောင်အထည်ဖော်ခဲ့ပါသည်။ မိုးခေါင်ခြင်း သို့မဟုတ် ရေကြီးခြင်းဖြစ်ပေါ်စဉ် အတောအတွင်း ရိတ်သိမ်းမှုကို အာမခံပေးသော၊ အထွက်နှုန်းမြင့်မားသော၊ ကောင်းမွန်သော ဂေဟစနစ်ရှိသော အဆင့်မြင့်လယ် ယာမြေများကို လည်း ဖော်ထုတ်တည်ဆောက်ထားပါသည်။

တရုတ်နိုင်ငံသည် ဆန်၊ ဂျုံနှင့် ပြောင်းကဲ့သို့သော ကောက်ပဲသီးနှံများအတွက် မြေဟက်တာသန်း ၆၀ လျာထားပြီး၊ ပဲပိစပ်နှင့် ကြက်ဆူစေ့အတွက် မြေဟက်တာ ၁၅ သန်းလျာ ထားပါသည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဆန်၊ ပြောင်းနှင့် ပဲပိစပ်သီးနှံများ၏ သာလွန်ကောင်းမွန်သော စက်မှုဆိုင်ရာလမ်းကြောင်းကို အခိုင်အမာ တည်ဆောက်ထားရှိကာ၊ ဂျုံ အထူးပြုပြောင်းနှင့် အသားဓာတ် ပါဝင်မှုမြင့်မားသော ပဲပိစပ်တို့ကို တရုတ်နိုင်ငံမြောက်ပိုင်း လွင်ပြင်တွင် အများအပြား စိုက်ပျိုးထုတ်လုပ်သည်။ ရန်စီမြစ် စီးပွားရေးလမ်းကြောင်းတွင် အရည်အသွေးမြင့် အထူး ဂျုံနှင့် စပါးသီးထပ်စိုက်ပျိုးသည့် အဓိကနေ ရာရှိပါသည်။ အနောက်တောင်ပိုင်းတွင် ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူးကိုလည်းကောင်း၊ အရှေ့တောင်နှင့် တောင်ပိုင်းတွင် စပါးနှင့် အာလူးကို သီးထပ်စိုက်ပျိုး၍ လည်းကောင်း၊ အနောက်မြောက်ပိုင်းတွင် အရည်အသွေးမြင့် ဂျုံ၊ ပြောင်း၊ အာလူးတို့ကိုလည်းကောင်း အသီးသီး စိုက်ပျိုးကြသည်။

အရည်အသွေးမီ အစားအစာ စီမံကိန်းကို အကောင်အထည်ဖော်မှုအရ ကောက်ပဲသီးနှံ အရည်အသွေးနှင့် စိတ်ချလုံခြုံမှုစစ်ဆေးရေးနှင့် ထိန်း ကျောင်းစောင့်ကြည့်ရေးစနစ်ကို နိုင်ငံတော် အဆင့်မှ ခြောက်ဖွဲ့၊ ပြည်နယ်အဆင့်မှ ၃၂ ဖွဲ့၊ စည်ပင်သာယာရေးအဆင့်မှ ၃၀၅ ဖွဲ့နှင့် စီရင်စု အဆင့်မှ ၉၆၀ဖွဲ့တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ စိတ်ချရသော ကောက်ပဲသီးနှံများနှင့် စားသုံးဆီများ ထုတ်လုပ်ပုံပိုးမှု မြင့်မားလာစေရန် လည်း ကောက်ပဲသီးနှံနှင့် စားသုံးဆီများ၏ အရည်အသွေးကို မြှင့်တင်ရန် စံသတ်မှတ်ချက်များကို ချမှတ်ထုတ် ပြန်လျက်ရှိသည်။

ထို့ပြင် ပြောင်း၊ ပဲပိစပ်၊ ဆန်နှင့် ဂျုံတို့၏ မျိုးကွဲများ တိုးတက်ဖြစ်ထွန်းရေးနှင့် အကောင်းဆုံးမျိုးစိတ်များ၏ အထွက်နှုန်းတိုးတက်ကောင်းမွန်လာစေရန်လည်း ဆောင်ရွက်နေသည်။ စူပါဆန်၊ မျိုးပေါင်းစပ်ထားသော ပြောင်းနှင့် ပြုပြင်ထားသော ဂျုံတို့ကို စိုက်ပျိုးသွားနိုင်ရေးအတွက် များစွာထိရောက်မှုရှိသော နည်းပညာဖြင့် အဆင့်ငါးဆင့် သို့မဟုတ် ခြောက်ဆင့်ခန့်ခွဲကာ အဆင့်မြှင့်ဆောင်ရွက်သွား ရန်ရှိသည်။ တရုတ်သိပ္ပံပညာရှင် Yuan Longping စိုက်ပျိုးထားသော မျိုးပြောင်းထားသည့် စူပါဆန်၏ အထွက်နှုန်းမှာ တစ်ဟက်တာလျှင် တန်ချိန် ၁၈ ဒသမ ၁ တန် နီးပါးရှိပါသည်။ စိုက်ပျိုးရေး ကဏ္ဍတွင် စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံပညာနှင့် နည်းပညာများ အသုံးချမှုမှာ ၂၀၁၈ ခုနှစ်တွင် ၅၈ ဒသမ ၃ ရာခိုင်နှုန်း ရောက်ရှိလာခဲ့ပြီး ၁၉၉၆ ခုနှစ်က ထက် ၁၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ပိုမို လွတ်လပ်သော ကုန်သွယ်ရေးကို အားပေးလျက်ရှိပြီး၊ ၎င်း၏ အထိခိုက်မခံသော ဂျုံ၊ ပြောင်းနှင့် ဆန်တင်သွင်းမှုအပေါ် အရေအတွက်ကန့်သတ်ခြင်းမှ အပ ၎င်း၏ စားသောက်ကုန် ဈေးကွက်ကြီးကို အခြားနိုင်ငံများနှင့် မျှဝေထားရှိပါသည်။ တရုတ်နိုင်ငံရှိနိုင်ငံခြားမှ လာရောက် တည်ထောင်ထားသော လုပ်ငန်းများသည် စားသောက်ကုန်များကို ပိုမိုထုတ်လုပ်လာပြီး၊ ဝင်ငွေတိုး တက်ရရှိလျက်ရှိကြသည်။

စားသောက်ကုန်များ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းတို့အတွက်လည်း နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၆၀ ကျော်တို့ဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်များကို နှစ်နိုင်ငံချင်း အနေဖြင့်ရော၊ နိုင်ငံစုံအနေဖြင့်ပါ ချုပ်ဆိုထားရှိသည့်အတွက် ကမ္ဘာ့လူဦးရေအကြီးဆုံးဖြစ်သော နိုင်ငံကြီး၏ ရှေ့သို့ရောက်နေသော ခြေလှမ်းများနှင့် စားသောက်ကုန်နှင့် လယ်ယာ ထွက်ကုန်များအပေါ် မည်ကဲ့သို့ တိုးတက်ပြောင်းလဲဆောင်ရွက်နေသည်ဟူသည့်အကြောင်းများကို လေ့လာသိရှိနိုင်ကြစေရန် ရေးသားဖော်ပြအပ်ပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

ကုန်သွယ်ရေးတင်းမာမှုဖြစ်နေသော်လည်း တရုတ်၏ ကုန်သွယ်ရေးတိုးတက်နေဆဲဖြစ်

အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပွားနေဆဲဖြစ်သော်လည်း ၂၀၁၉ ခုနှစ် ပထမကိုးလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးမှာ တည်ငြိမ်ခဲ့ကာ ၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကို တွေ့ရသည်။ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ ယွမ် ၂၂ ဒသမ ၉၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃ ထရီလီယံ)ဖြစ်သည်။ ပို့ကုန်ပိုင်းတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး သွင်းကုန်မှာ သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကို တွေ့ရသည်။

အလားတူကာလတွင် အမေရိကန်နှင့် ကုန်သွယ်ရေးမှာ ယွမ် ၂ ဒသမ ၇၅ ထရီလီယံသို့ ၁၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ရေး မိတ်ဖက်နိုင်ငံများဖြစ်ကြသည်။ ပထမကိုးလအတွင်း ရပ်ဝန်းနှင့်လမ်းကြောင်း အဖွဲ့ဝင်နိုင်ငံ များနှင့် ကုန်သွယ်မှုမှာ ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာကာ ယွမ် ၆ ဒသမ ၆၅ ထရီလီယံအထိ ရှိလာသည်ကို တွေ့ရသည်။

ပြည်တွင်းဝယ်လိုအား ခိုင်မာနေဆဲဖြစ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးချဲ့ခြင်း၊ အကောက်ခွန်လျှော့ချခြင်းနှင့် ဈေးကွက်အမျိုးမျိုးသို့ ခွဲခြမ်းစိတ်ဖြာခြင်းတို့ ကြောင့် တရုတ်၏နိုင်ငံခြားကုန်သွယ်မှုမှာ ကြံ့ကြံ့ခံနိုင်ခြင်း ဖြစ်ကြောင်း အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးတင်းမာမှုကြောင့် ၂၀၁၉ ခုနှစ်အတွက် ကုန်စည်ကုန်သွယ်ရေးတိုးတက်မှုနှုန်းကို မူလခန့်မှန်းထားသော ၂ ဒသမ ၆ ရာခိုင်နှုန်းမှ ၁ ဒသမ ၂ ရာခိုင်နှုန်းသို့ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့က လျှော့ချခဲ့ရသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး (နန်နင်းမြို့)

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စည်းကမ်းသတ်မှတ်ချက်များ အိန္ဒိယပြင်ဆင်သတ်မှတ်

အိန္ဒိယနိုင်ငံ၌ စက်သုံးဆီစျေးကွက်အတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှုများကို တွန်းအားပေးသည့်အနေဖြင့် အစိုးရသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး စက်မောင်းဆီ ဖြန့်ဖြူးရောင်းချမှုဆိုင်ရာ စည်းကမ်းများအား ပြင်ဆင် သတ်မှတ်လိုက်သည်။

၂၀၀၂ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်ခဲ့သော လက်ရှိ စက်သုံးဆီဖြန့်ဖြူးရောင်းချရေးမူဝါဒအရ ရင်းနှီးမြှုပ်နှံမှုပမာဏ အနိမ့်ဆုံးသတ်မှတ်ချက် ရူပီးငွေ ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈၁ သန်းခန့်) ဖြင့် ရေနံလုပ်ငန်းနယ်ပယ်ရှိ ကုမ္ပဏီများကသာ လုပ်ကိုင်နိုင်ခွင့်ရှိသည်။ ယခုပြင်ဆင်ချက်အရ ရေနံထုတ်လုပ်သန့်စင်မှုနှင့် ပိုက်လိုင်းသွယ်တန်းမှု နယ်ပယ်ပြင်ပရှိ ကုမ္ပဏီများသည်လည်း ရင်းနှီးမြှုပ်နှံမှုအနိမ့်ဆုံးသတ်မှတ်ချက် ရူပီးငွေ ၂ ဒသမ ၅ ဘီလီယံဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အိန္ဒိယအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းသုံး စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စည်းကမ်းချက်များအား ပြင်ဆင်သတ်မှတ်ကြောင်း အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ရာ ဓာတ်ဆီနှင့်ဒီဇယ်ဆီအား လက်လီနှင့်လက်ကား ရောင်းချခွင့်ကို တွဲလျက်ဖြစ်စေ၊ သီးခြားဖြစ်စေ လျှောက်ထားနိုင်ကြောင်း၊ ဖက်စပ်ကုမ္ပဏီများနှင့် လက်အောက်ခံကုမ္ပဏီခွဲများကိုပါ ယင်းသို့လျှောက်ထားခွင့်ပြုကြောင်း၊ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများသည် သမားရိုးကျ စက်သုံးဆီများအပြင် ခေတ်သစ် အစားထိုးလောင်စာများဖြစ်သည့် CNG, LNG, Biofuels နှင့် ဘက်ထရီ လျှပ်စစ်ဓာတ်အားဖြည့်တင်းမှု စသည်တို့အနက်မှ တစ်ရပ်ရပ်ကိုပါ အရောင်းဆိုင် စတင်ဖွင့်လှစ်ဆောင်ရွက်သည့်နေ့မှ သုံးနှစ်အတွင်း ရောင်းချပေးနိုင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် Digital Payments နှင့် အခြားသောခေတ်မီနည်းပညာရပ်များ အသုံးပြုလျက်ရောင်းချရမည်ဖြစ်ကြောင်း၊ အရောင်း ဆိုင်များ၌ CCTV ကင်မရာများကိုလည်း တပ်ဆင်အသုံးပြုရန် လိုအပ်ကြောင်း၊ အမျိုးသမီးဝန်ထမ်းများနှင့် စစ်မှုထမ်းဟောင်းများအား ခန့်အပ်တာဝန်ပေးရန် အစိုးရမှ တွန်းအားပေးကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းက OMCs ကဲ့သို့သော အစိုးရပိုင် စက်သုံးဆီ ဖြန့်ဖြူးရေး ကုမ္ပဏီကြီးများထံမှ နယ်မြေဒေသသတ်မှတ်ချက်ဖြင့် ကိုယ်စားလှယ်အဖြစ် တစ်ဆင့်ပြန်လည် ရောင်းချမှုကိုလည်း လုပ်ကိုင်နိုင်ကြောင်း ဖော်ပြပါရှိသည်။

အိန္ဒိယအစိုးရသည် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုမူဝါဒအား ပြန်လည်သုံးသပ်ရန် ကျွမ်းကျင်သူများကော်မတီတစ်ရပ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၎င်းကော်မတီက လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ၂၀၁၉ ခုနှစ် မေလတွင် အစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးရောင်းချမှု လုပ်ကိုင်ခွင့်ဆိုင်ရာ သတ်မှတ်ချက်များအား ဖြေလျှော့ခြင်းသည် ဤလုပ်ငန်းနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်မည့်အပြင် စျေးကွက်၌ ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေပြီး စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ သို့ရာတွင် ကျွမ်းကျင်သူအချို့က ပြည်တွင်း စက်သုံးဆီရောင်းစျေးနှုန်းများမှာ နိုင်ငံတကာစျေးကွက်နှင့်ချိတ်ဆက်လျက်ရှိသဖြင့် သိသာစွာလျော့ကျဖွယ်မရှိကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရန် အနိမ့်ဆုံး ရင်းနှီးမြှုပ်နှံရမည့် ပမာဏ ရူပီးငွေ ၂ ဒသမ ၅ ဘီလီယံသို့ လျှော့ချ သတ်မှတ်သော်လည်း ထောက်ပံ့ပို့ဆောင်မှုနှင့် အရောင်းဆိုင်များသို့ စက်သုံးဆီလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မှု အခက်အခဲများကြောင့် ကုမ္ပဏီငယ်များမှ စျေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ခြင်းထက် ငွေကြေးအင်အားတောင့်တင်းသည့် ကုမ္ပဏီကြီးများသာ လုပ်ကိုင်နိုင်ခြေရှိကြောင်း သုံးသပ်ပြောဆိုကြပါသည်။

လက်ရှိကာလ၌ အိန္ဒိယပြည်တွင်း စက်သုံးဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချမှုစျေးကွက်ကို IOCL နှင့် BPCL ကဲ့သို့ အစိုးရပိုင်ကုမ္ပဏီကြီးများ၊ HPCL ကဲ့သို့ အစိုးရ၏ ရှယ်ယာပါဝင်သည့် ကုမ္ပဏီများက လွှမ်းမိုးထားပြီး ၃. ၄. ၂၀၁၉ နေ့ရှိ စာရင်းများအရ နိုင်ငံတစ်ဝန်း၌ စက်သုံးဆီ လက်လီဆိုင်ပေါင်း ၆၄၆၂၄ ဆိုင်ရှိကြောင်း သိရှိရသည်။

နေအေးလွင်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

အာရှ၏ အထင်ကရခရီးသွားပြပွဲကြီး ITB ASIA တွင် မြန်မာပါဝင်ပြသ

စင်ကာပူမြို့ Sands Expo and Convention Centre တွင် အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် အာရှတွင် နာမည်ကြီးသော ခရီးသွားပြပွဲကြီး "ITB ASIA" ၌ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့သည်။ မြန်မာပြခန်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ခရီးသွားလုပ်ငန်းများက ပူးပေါင်းပါဝင်ပြသခဲ့ကြသည်။

"ITB ASIA" ခရီးသွားပြပွဲကိုဒေသတွင်းရှိ ခရီးသွားလာရေးကဏ္ဍနှင့် သက်ဆိုင်သော လုပ်ငန်းများအကြား Business to Business – B2B ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး၊ စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ စင်ကာပူခရီးသွားလာရေး ဘုတ်အဖွဲ့ (Singapore Tourism Board) ၏ ပံ့ပိုးမှုဖြင့် Messe Berlin (Singapore) Pte Ltd ကုမ္ပဏီက စီစဉ် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူတွင် အဆိုပါပြပွဲကို နှစ်စဉ်ကျင်းပ ပြုလုပ်ခဲ့ရာ ယခုနှစ် တွင် (၁၂) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ပထမနေ့တွင် ကျင်းပခဲ့သော ဖွင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ Senior Minister of State ဖြစ်သူ Mr. Chee Hong Tat နှင့် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၏ မြို့တော်ဝန် Mr. Michael Muller တို့က အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ကြသည်။ အဆိုပါနေ့တွင် "ITB ASIA" ခရီးသွား ပြပွဲကို စင်ကာပူ၌ နောက်ထပ်သုံးနှစ်အထိ ဆက်လက်ကျင်းပသွားရန်အတွက် Singapore Tourism Board နှင့် Messe Berlin ကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကိုလည်း ပြုလုပ်ခဲ့သည်။

ထူးခြားမှုအနေဖြင့် ယခုနှစ်တွင်ကျင်းပသော "ITB ASIA" ပြပွဲ၌ ခရီး သွားလာရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှပါဝင်လာသော အစည်းအဝေးများ၊ ပြပွဲများနှင့် ဝန်ထမ်းများအား မက်လုံးပေးသည့်အနေဖြင့် ပို့ဆောင်သည့် ခရီးစဉ်များအား စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းများအတွက် B2B ချိတ်ဆက် ဆောင်ရွက် နိုင်ရန် "MICE Show Asia" ကို ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ခရီးသွားလာရေးကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်တွင် ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို အမြင်ချင်းဆွေးနွေး ဖလှယ်နိုင်ရန်အတွက် လုပ်ငန်းကိစ္စဖြင့် ခရီးသွားလာခြင်း၊ ခရီးသွားလာရေးကဏ္ဍတွင် နည်းပညာအသုံးပြုခြင်း၊ ခရီးစဉ်များအား ကြော်ငြာခြင်းနှင့် မွတ်စလင်ဘာသာဝင်များ ခရီးသွားလာမှုစသည့် ခေါင်းစဉ်များအောက်တွင် ဆွေးနွေးမှုအစီအစဉ်များကို ပြုလုပ်ခဲ့သည်။

ခရီးသွားပြပွဲသို့နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံကိုယ်စားပြုသော ခရီးသွားလာရေးအဖွဲ့အစည်းများနှင့် ဒေသကိုယ်စားပြု ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ စုစုပေါင်း ၁၁၀ ကျော်ပါဝင်ပြသခဲ့သည်။ ပါဝင်ပြသသည့်လုပ်ငန်း ၁၃၀၀ ကျော်နှင့် လုပ်ငန်းချင်းချိတ်ဆက်ရန်အတွက် တက်ရောက်သူ ၁၂၅၀ ကျော်တို့အပါအဝင် တက်ရောက်သူဦးရေ စုစုပေါင်း ၁၃၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

မြတ်နိုး၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ စင်ကာပူ

အမေရိကန် ကုန်စည်များကို တရုတ် ပိုမိုဝယ်ယူရမည်

တရုတ်နှင့် အမေရိကန်တို့သည် ကုန်သွယ်ရေးစေ့စပ်ဆွေးနွေးပွဲများကျင်းပလျက်ရှိရာ နှစ်နိုင်ငံကုန်သွယ်ရေးတွင် ဟန်ချက်ညီမျှစေရန် အမေရိကန်၏စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များကို တရုတ်က ပိုမိုဝယ်ယူရန် စီမံဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံက ဝယ်ယူမည့် အမေရိကန်၏ စိုက်ပျိုးရေးပစ္စည်းများတွင် ပဲပိစပ်မက်ထရစ်တန်ချိန် သန်း ၂၀၊ ဝက် တန်ချိန် ခုနစ်သိန်း၊ နှံစားပြောင်း တန်ချိန် ခုနစ်သိန်း၊ ဂျုံ တန်ချိန် ၂၃၀၀၀၀၊ ဝါဂွမ်း တန်ချိန် ၃၂၀၀၀၀ ကနဦးပါဝင် မည်ဟု သိရသည်။ ထို့ပြင် တရုတ်ပြည်တွင်းစျေးကွက်၏ လိုအပ်ချက်များပေါ်အခြေခံ၍ ဝယ်ယူမည့်ပမာဏကို တရုတ်ကုမ္ပဏီများက တိုးမြှင့်သွားမည်ဖြစ်သည်။

တရုတ်နှင့် အမေရိကန်ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာစေရန် နှစ်ဖက်ညီညွတ်မှုတမှု၊ အပြန်အလှန် အကျိုးကျေးဇူးဖြစ်ထွန်းမှုတို့အပေါ် အခြေခံကာ ဆွေးနွေးလျက်ရှိသည်။ လတ်တလောတွင် စိုက်ပျိုးရေးနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကာကွယ်ရေးတို့ အပါအဝင် အချို့နယ်ပယ်များတွင် ဆွေးနွေးထားရှိပြီး ဖြစ်သည်။

ယခုနှစ်အတွင်း အမေရိကန်က တရုတ်သို့ ပဲပိစပ်တင်ပို့မှု ၁၁ ရာခိုင်နှုန်းခန့် ကျဆင်းသွားသော်လည်း တရုတ်ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ပြီး စျေးနှုန်းတည်ငြိမ်နေခဲ့သည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ပထမရှစ် လအတွင်း တစ်ကမ္ဘာလုံးမှ တရုတ်နိုင်ငံအတွင်းသို့ ပဲပိစပ်တန်ချိန် ၅၆ ဒသမ ၄ သန်း နီးပါး တင်သွင်းခဲ့ကာ၊ ယခင်နှစ်ကထက် ကိုးရာခိုင်နှုန်းကျဆင်းသွားသည်ကို တွေ့ရသည်။ ယခုအခါ တရုတ်နိုင်ငံသည် ပဲပိစပ်ကို အခြားနိုင်ငံများမှ တင်သွင်းနိုင်ရန်နှင့် ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်လာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

AUNG EMERALD CO., LTD

VOLVO CATERPILLAR KOMATSU HITACHI KOBELCO HYUNDAI

Multi-Parts **The Best Quality Parts Dealer For Heavy Machinery Equipments**

Yangon Head Office-No.B-1,Naung Yoe Street,Mayangone Township,Bayint Naung,Yangon,Myanmar.
Tel - (95-1)3686792,3686793,3686794,3686795,3528728,3707675
Fax-(9-51)686178,E-mail-salesaungemerald.com,multiparts.ygn@aungemerald.com.
Nay Pyi Taw Office - No.14,Thit Sar Street,Tha Pyae Kone Quatarter,Nay Pyi Taw.
Tel & Fax - (95-67)432014, Mobile - (95-9) 8300883
E-mail - multiparts.npt@aungemerald.com.

REPUTABLE BRAND, RELIABLE QUALITY, REASONABLE PRICE * AVAILABLE ONE STOP HERE *

MMM
Car Sales Center

Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre

min min maung Services Co.,Ltd

မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားဧကောင်းကားသန့်များကို ဝယ်ယူသူ အများပေါက် စိတ်တိုင်းကျခွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၁၉/၂၀), ဗဟိုလမ်းမကြီး၊ နာနတ်တောဂုန်းကျောက်နှင့် လှည်းတန်းဂုန်းကျောက်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585

HYPER AUTO

HYPER AUTO CAR SALE CENTRE

No(3),Yadanarmon(7) Street, Yadanarmon Housing, Hlaing Township,
Yangon, Myanmar.
PH : 01 503324, 09 775111123, 09 777166123
Gmail : hyperautosalecentre@gmail.com

နာရီဆိုင် CHERRY OO

လူကြီးမိဘ နှင့် ဆရာသမားများကို
ကန်တော့ခြင်း

ချစ်သူ/ခင်သူများအတွက်
မွေးနေ့လက်ဆောင်ပေးခြင်း

မင်္ဂလာပွဲများအတွက်
မင်္ဂလာလက်ဆောင်မွန်ပေးခြင်း

https://www.facebook.com/cherryoowatchgallery
https://www.instagram.com/cherryoowatchgallery
https://www.cherryoo.com

Contact
09 730 222 48, 09 451 522 228

COMMERCE INTERNATIONAL

အမေရိကန်ရှိ လက်လီဆိုင်ကြီးများမှ J&J ကလေးကိုယ်လိမ်းပေါင်ဒါများ ဖယ်ရှား

ဝေါလ်မတ် (Walmart) အပါအဝင် လက်လီလုပ်ငန်းကြီး သုံးခုတို့က ၂၂ အောင်စရှိ ဂျွန်ဆင်အင်နဲ်ဂျွန်ဆင် (Johnson & Johnson) ကလေးပေါင်ဒါဘူးများကို စတိုးဆိုင်များမှ ဖယ်ရှားခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ကျောက်ဂွမ်းကြောင့် ရောဂါဖြစ်မည်ကို စိုးရိမ်ပြီး ဘူးအချို့ကို ယခင်သီတင်းပတ်က ဂျေအင်နဲ်ဂျေက ပြန်လည်သိမ်းယူခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စားသုံးသူများအတွက် ရှုပ်ထွေးမှုမဖြစ်စေရန် အွန်လိုင်း စတိုးဆိုင်များမှလည်း ဘူးများကို ဖယ်ရှားတော့မည်ဖြစ်ကြောင်း စီဗွီအက်စ် ကျန်းမာရေးကော်ပိုရေးရှင်း(CVS Health Corp) က အောက်တိုဘာ ၂၄ ရက်တွင် ပြောသည်။ အခြားအရွယ်အစားပုလင်းများကို ဆိုင်ပေါ် ဆက်လက်တင်ထားဦးမည်ဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။

ရိုက်အိတ် (Rite Aid) ကလည်း မိမိတို့၏စတိုးဆိုင်များအားလုံးမှ ၂၂ အောင်စရှိ ဂျေအင်နဲ်ဂျေ ကိုယ်လိမ်းပေါင်ဒါများကို အောက်တိုဘာ ၁၈ ရက်ကစပြီး အရောင်းဆိုင်များပေါ်မှဖယ်ရှားကာ လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းထားကြောင်း ကုမ္ပဏီ၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

ကမ္ဘာတွင်အကြီးဆုံး လက်လီရောင်းဝယ်ရေးလုပ်ငန်းဖြစ်သည့် ဝေါလ်မတ်က ပြန်သိမ်းသော ကလေးပေါင်ဒါအားလုံးကို ဖယ်ရှားပြီး အရောင်းပိတ်ပင်ခဲ့ကြောင်း CNBC သတင်းတွင် အောက်တိုဘာ ၂၄ ရက်က ဖော်ပြသည်။ ရိုက်တာ၏မေးမြန်းချက်ကို ကုမ္ပဏီက ဖြေကြားခြင်းမရှိခဲ့ပေ။

ဂျေအင်နဲ်ဂျေသည် ထုတ်ကုန်အမျိုးအမျိုးအတွက် ထောင်ချီ တရားစွဲဆိုခံနေရသည်။ အမေရိကန်ကျန်းမာရေးကြီးကြပ်ရေးအဖွဲ့များက အွန်လိုင်းမှဝယ်ယူသော ပေါင်ဒါပုလင်းများတွင် ကျောက်ဂွမ်းများပါသည်ကို တွေ့ရပြီးနောက် ဂျေအင်နဲ်ဂျေက ကလေးပေါင်ဒါဘူး ၃၃၀၀၀ ကို ပြန်လည်သိမ်းယူခဲ့သည်။

စံမီအောင် စုစည်းသည်

လေဆိပ်သုံးခုကို ဆက်သွယ်မည့် အမြန်ရထားလမ်းကို ထိုင်းနိုင်ငံက ဒေါ်လာခုနစ်ဘီလီယံ အကုန်အကျခံ စတင်ဖောက်လုပ်

ဘန်ကောက်မြို့နှင့် ခရီးသွားလုပ်ငန်းမြို့တော် ပတ္တရားကိုသွားသည့် လေဆိပ်သုံးခုကို ဆက်သွယ်မည့် မြန်နှုန်းမြင့်ရထားလမ်းကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံအကုန်အကျခံ တည်ဆောက်မည့် စီမံကိန်းသစ်ကိုထိုင်းနိုင်ငံက အောက်တိုဘာ ၂၄ ရက်တွင် စတင်ကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြထားသည်။ အများပြည်သူ၏ဆန့်ကျင်မှုများကြောင့် လပေါင်းများစွာ စေ့စပ်ညှိနှိုင်းပြီးမှ ယခုလိုအကောင်အထည် ဖော်ခဲ့ခြင်းဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ချာရိုအင်ပုတ်ဖန်းဂရု(ပ်) ဦးဆောင်သည့် အဖွဲ့တစ်ဖွဲ့နှင့် သဘောတူစာချုပ်ကို အောက်တိုဘာ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ထိုင်းအစိုးရကပြောသည်။ လက်မှတ်ရေးထိုးသည့်အထဲတွင် တရုတ်နိုင်ငံမှ တရုတ်မီးရထားဆောက်လုပ်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation) လည်း ပါဝင်သည်။ အရှည်ကီလိုမီတာ ၂၂၀ ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင်စတင်ပြေးဆွဲမည့် မီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကြေးထောက်ပံ့ရန် ဂျပန်ကုမ္ပဏီအချို့က သဘောတူထားသည်။

မြန်နှုန်းမြင့်မီးရထားက ဘန်ကောက်၏အဓိကလေဆိပ် သုဝဏ္ဏဘူမိ လေဆိပ်ကို ဒွန်မောင်းလေဆိပ်၊ ဘန်ကောက်ရှိဈေးသက်သာသော ကုန်တင်လေကြောင်းလေဆိပ်နှင့် ပတ္တရားရှိ ဥတာပေါင်လေဆိပ်တို့ကို ဆက်သွယ်ပေးမည်ဖြစ်သည်။ အမြန်နှုန်းမှာ တစ်နာရီကို ကီလိုမီတာ ၂၅၀ ရှိပြီး ခရီးစဉ် အတွက် တစ်နာရီသာကြာမည်ဖြစ်မည်။ မြန်နှုန်းမြင့်ရထားလမ်းသည် အရှေ့ပိုင်း စီးပွားရေးစင်္ကြံနှင့်လည်း ဆက်သွယ်ပေးနိုင်သည်။ ဤစင်္ကြံကို အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ အကုန်အကျခံ တည်ဆောက်လျက်ရှိပြီး မော်တော်ကားနှင့် နည်းပညာလုပ်ငန်းများဝင်ရောက်လာအောင် ဆွဲဆောင်လျက်ရှိသည်။

တည်ဆောက်ရေးလုပ်ငန်းများကို ၁၂ လမှ ၂၄ လအတွင်း စတင်မည်ဖြစ်ပြီး ဘတ်ငွေ ၂၂၄ ဒသမ ၅ ဘီလီယံကုန်ကျမည့်စီမံကိန်းတွင်အစိုးရက ၆၅ ရာခိုင်နှုန်းပါဝင်သည်။

တောင်ကိုရီးယား ကုန်တိုက်ကြီးများတွင် အီးစီးကရက်များ ဖယ်ရှား

အရည်ကို အသုံးပြုသောပုံစံဖြစ်သည့် အီးစီးကရက်များကို အောက်တိုဘာ ၂၃ ရက်တွင် တောင်ကိုရီးယား အစိုးရက ပြင်းပြင်းထန်ထန် သတိပေးလိုက်ပြီးနောက် နိုင်ငံ၏ အဓိကလက်လီလုပ်ငန်းကြီးများတွင် ဆက်စပ်ပစ္စည်းများရောင်းချမှုကို ရပ်ဆိုင်းရန်ဆောင်ရွက်လျက်ရှိသည်။

Viento ကုမ္ပဏီက ထုတ်လုပ်သော Ice mango, Water melon နှင့် အနံ့ပါ အခြားအီးစီးကရက် ငါးမျိုးအပြင် Relx ကုမ္ပဏီက ထုတ်သော Mung Bean Ice နှင့် Fruits အီးစီးကရက်များကိုလည်း နိုင်ငံတစ်ဝန်လုံးရှိ ကုမ္ပဏီ၏ စတိုးဆိုင်ကြီးများဖြစ်သော 74 E-Mart, Pierrot Shopping နှင့် Electro Mart တို့မှ ဖယ်ရှားခဲ့ကြောင်း တောင်ကိုရီးယားတွင် အကြီးဆုံး လက်လီရောင်ချရေး ကွင်းဆက်ကွန်ရက်တစ်ခုဖြစ်သော အီးမတ် (E-Mart) က အောက်တိုဘာ ၂၄ ရက်တွင် ပြောသည်။

Juul Labs Korea မှထုတ်သော အီးစီးကရက် အမျိုးအစားများဖြစ်သည့် e-cig Tropical, Delight နှင့် Crisp တို့ကိုလည်းကောင်း၊ KT&G မှ ထုတ်လုပ်သည့် Siid Tundra နှင့် အခြားစီးကရက် အမျိုးအစား သုံးမျိုးကိုလည်းကောင်း အရောင်းရပ်ဆိုင်းခဲ့ကြောင်း၊ ကုန်စုံဆိုင်ကွင်းဆက် လုပ်ငန်းစုတစ်ခုဖြစ်သော GS25 က ပြောသည်။ အနံ့ပါသောအရည်ကိုသုံးသည့် အီးစီးကရက်များနှင့်ပတ်သက်၍ အစိုးရက ဓာတုဗေဒစစ်ဆေးချက်များ ထုတ်ပြန်ပြီးသည် အထိ အရောင်းဆိုင်းငံ့ထားမည်ဖြစ်ကြောင်း လက်လီအရောင်းလုပ်ငန်းကြီး နှစ်ခုစလုံးက ပြောသည်။

အီးစီးကရက် သောက်သုံးသူတစ်ဦးသည် အရည်ကို အသုံးပြုသော အီးစီးကရက်အမျိုးအစားကို ပြောင်းလဲသောက်သုံးရာမှ အဆုတ်ရောင်ရောဂါဖြစ်ပွားကြောင်း ယခုလ စောစောပိုင်းက သတင်းများထွက်ပေါ်ခဲ့ပြီးနောက် မကြာသေးမီက စိုးရိမ်မှုများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် အီးစီးကရက် သောက်သုံးမှုကြောင့် လူ ၃၃ ဦးသေဆုံးကာ လူ ၁၄၇၉ ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ အမည်မသိရောဂါကို ခံစားရကြောင်း တွေ့ရှိရပြီးနောက် နိုင်ငံတစ်ဝန်းရှိ စတိုးဆိုင်များမှ အနံ့ပါသော အီးစီးကရက်များကို ဖယ်ရှားရန် ကျန်းမာရေးအရာရှိများက ကြေညာခဲ့သည်။

Beat Plastic Pollution
ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။